www.burmeseclassic.com

တကယ်လုပ်လျှင် အဟုတ်ဖြစ်စေနိုင်သည့်

သင့်ဘဝအောင်မြင်ရေးအတွက်

# သော့ချက်များ

နန္ဒာမိုးကြယ်



ပန်ဖော်ပစ်
2012

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀ ကျပ်

အဖုံးဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7 Group

စာအုပ်ချုပ် - ပန်းဝေဝေ

ထုတ်ဝေသူ - ဦးခင်မောင်ဦး (မြ-၀၄၀၇၃)
မြတ်ပန်းရဂုံစာပေ၊
၄၇၃ (က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၁၁၃.၁၃
နန္ဒာမိုးကြယ်
သင့်ဘဝအောင်မြင်ရေးအတွက် သော့ချက်များ။ နန္ဒာမိုးကြယ်။ ရန်ကုန်။
မြတ်ပန်းရဂုံစာပေ၊ ၂၀၁၂။
၁၉၉ - စာ၊ ၁၀.၅x၁၆.၅ စင်တီ
(၁) သင့်ဘဝအောင်မြင်ရေးအတွက် သော့ချက်များ

www.burmeseclassic.com

တာကာယ်လုပ်လျှင် အဟာတ်ဖြစ်စေနိုင်သည့်

# သင့်ဘဝအောင်မြင်ရေးအတွက် သော့ချက်များ

နန္ဒာမိုးကြယ်

www.burmeseclassic.com

## မာတိကာ


ရှေ့ပြေးစကား . . . ၁
၁။ တစ်ခုတည်းသော ဦးတည်ချက် ၃
၂။ အလေးအနက်ထားပါ၊ သွေးပျက်မသွားပါနဲ့ ၆
၃။ ဘယ်အရပ်မှာ နေရမလဲ ၉
၄။ အောင်မြင်မှုအပေါ် ကျေနပ်ခြင်း ၁၂
၅။ အချိန်ကို တန်ဖိုးထားပါ ၁၅
၆။ ပေးလာမည့် အခွင့်အရေး ၁၈
၇။ စကားပြောတတ်ကြရဲ့လား ၂၁
၈။ စေတနာလုပ်ရပ် ၂၅
၉။ အနေမြင့်ဖို့ အခြေတင့်ဖို့ ၂၈
၁၀။ စနစ်ကျဖို့ လိုသည် ၃၁
၁၁။ အောင်စိတ်ဓာတ်ကို မွေးမြူပါ ၃၄
၁၂။ မိမိအလုပ်ကို တန်ဖိုးထားပါ ၃၇
၁၃။ ပညာရေး၏ အခန်းကဏ္ဍ ၄၁
၁၄။ ဘဝအတွက် အပေါင်းအသင်း ၄၇
၁၅။ ကိုယ့်ကြောင့် မနစ်နာပါစေနှင့် ၅၁
၁၆။ ကိုယ့်ကျင့်ရမည့် ကိုယ်ကျင့်တရား ၅၅
၁၇။ ပျော်ရွှင်မှုကို ဖန်တီးပါ ၅၉
၁၈။ ယုံကြည်မှု ခွန်အား ၆၂

www.burmeseclassic.com

၁၉။ နည်းလမ်းလည်းရှိပါစေ စည်းကမ်းလည်းရှိပါစေ ၆၆
၂၀။ မလိုလားအပ်သော လောဘ ၆၉
၂၁။ အလိုဆန္ဒ ရှိပါမှ ၇၃
၂၂။ ဉာဏ်ဖြင့် ရှေ့ဆောင်ပါ ၇၇
၂၃။ လူကြီးလူကောင်း ဆန်ပါမှ ၈၁
၂၄။ မလုပ်အပ်သော အတိုက်အခံ ၈၅
၂၅။ ပွဲမဝင်ခင် ကြိုတင်ပါ ၈၉
၂၆။ ဖျောက်သင့်တာကို ဖျောက်ဖို့လိုသည် ၉၃
၂၇။ ဆုံးခန်းတိုင်အောင် ဆောင်ရွက်ပါ ၉၆
၂၈။ အပြစ်တွေ ပြောနေမည့်အစား ၁၀၀
၂၉။ စိတ်ဓာတ်ရင့်ကျက်မှု ၁၀၃
၃၀။ မိမိသည်သာ ကိုးကွယ်ရာ ၁၀၆
၃၁။ ထားရှိရမည့် အကန့်အသတ် ၁၀၉
၃၂။ လျှောက်ရမည့်လမ်း ၁၁၂
၃၃။ ဘာပဲလုပ်လုပ် အကောင်းဆုံး ဖြစ်အောင်လုပ် ၁၁၅
၃၄။ သင်ခန်းစာ ရယူတတ်ပါစေ ၁၁၈
၃၅။ အရည်အသွေးနှင့် အရည်အချင်း ၁၂၁
၃၆။ အလုပ်ချင်ဆုံး အလုပ်ကို လုပ် ၁၂၄
၃၇။ နံပါတ် (၁) မှ နံပါတ် (၂) ၁၂၇
၃၈။ မိမိကိုယ်မိမိ ယုံကြည်ပါ ၁၃၀
၃၉။ မိမိကိုယ်မိမိ စိန်ခေါ်ပါ ၁၃၃
၄၀။ အလှအပကို ခံစားတတ်ပါစေ ၁၃၆
၄၁။ ဝန်ထမ်းကို ဘယ်လိုကိုင်တွယ်သင့်သလဲ ၁၃၉

www.burmeseclassic.com


၄၂၊ စနစ်တကျ ပြုလုပ်မှ ၁၄၂
၄၃။ သင့်လျော်သော ပတ်ဝန်းကျင်ကောင်း ၁၄၅
၄၄။ အမြင်မှန်မှ အမှန်မြင်မည် ၁၄၉
၄၅။ အဆင်ပြေအောင် ဆက်ဆံပါ ၁၅၂
၄၆။ မှန်ကန်သော ဆုံးဖြတ်ချက် ၁၅၅
၄၇။ ချီးမွမ်းသင့်တာ ချီးမွမ်းလိုက်စမ်းပါ ၁၅၈
၄၈။ ဘာဖြစ်လို့ ရှောင်ထွက်ရမှာလဲ ၁၆၁
၄၉။ မဖြစ်နိုင်ဘူးဆိုတာ ဘာမျှ မရှိ ၁၆၄
၅၀။ တံခါးပေါက်တွေ တွန်းဖွင့်ပါ ၁၆၇
၅၁။ ဖော်ထုတ်သင့်သည့် အစွမ်းအစ ၁၇၀
၅၂။ အချိန်သည် တန်ဖိုးကြီးမား၏ ၁၇၃
၅၃။ နားလည်ရမည့် အရိပ်သုံးပါး ၁၇၆
၅၄။ စကားပြောတတ်ကြရဲ့လား ၁၇၉
၅၅။ မှားတာတော့ မှားတာပေါ့၊ ဒါပေမဲ့ စိတ်ပျက်မသွားပါနဲ့ ၁၈၂
၅၆။ လူတိုင်းမှာ တန်ခိုးရှိသည် ၁၈၅
၅၇။ အစွမ်းရှိသလောက် အကုန်ထုတ်ပါ ၁၈၈
၅၈။ ထပ်တူကျလေ ပိုကောင်းလေ ၁၉၁
၅၉။ သိမှ၊ တတ်မှ နေရာရ ၁၉၄
၆၀။ အောင်မြင်မှုအတွက် သော့ချက်များ ၁၉၇


✦ ✦ ✦

www.burmeseclassic.com

# ရှေ့ပြေးစကား

လွန်ခဲ့သော အနှစ် ၂၀ ခန့်ဆီက အပျိုမ လစဉ်ထုတ်မဂ္ဂဇင်းတွင် တစ်နှစ်ကျော်မျှ လစဉ်ဆက်တိုက် အခန်းဆက်ဆောင်းပါး ရေးခဲ့ဖူး၏။

ထိုအခန်းဆက်ဆောင်းပါးမှာ ပညာပေးတက်ကျမ်းအမျိုးအစားဖြစ်ပြီး အမည်မှာ 'လက်တစ်ကမ်းမှ တက်လမ်းများ' ဟူ၍ ဖြစ်၏။ ထိုစဉ်က မြန်မာ့အသံ၊ ရေဒီယို၊ ဖတ်စရာမှတ်စရာအခန်းမှလည်း ထုတ်လွှင့်ခြင်းခံရဖူး၏။ ထိုအခန်းဆက်စာမူအား စာအုပ်အဖြစ် ထုတ်ဝေရန် စာပေတိုက်တစ်ခုက ယူလိုက်၏။ ၎င်းစာပေတိုက်မှ ထုတ်ဝေသော စာအုပ်တို့၏ အနောက်ဖက်စာများ၌လည်း အဆိုပါစာအုပ်ထွက်ရှိတော့မည်ဟု ကြော်ငြာထားပါသေး၏။

သို့သော် မည်သို့မည်ပုံ ဖြစ်လေသည်မသိ။

ထိုစာပေတိုက်မှ ထုတ်ဝေသူသည် လူလည်းပျောက်၊ မိမိ၏ စာမူ (ကွန်ပျူတာစစီပြီး) လည်း ပျောက်ချင်းမလှ ပျောက်သွား၏။ မိမိ၌ အပိုကော်ပီထားခဲ့ပါက ပြဿနာမရှိ။ ယခုတော့ ယုံမှတ်၍ ပုံအပ်ခဲ့သည့်အတွက် သဗ္ဗေသတ္တာ ကမ္မဿကာဟူ၍

www.burmeseclassic.com



သဘောထားရပေတော့မည်။ သည်ကတည်းက တက်ကျမ်းစာတွေ မရေးချင်တော့ မရေးဖြစ်တော့။

ယခုတော့...ပစ္စက္ခမြင်တွေ့ရနေသည့် လူငယ်တွေကို ကြည့်၍ စိတ်ထဲက ရေးချင်လာသည်။ နောင်တစ်ချိန် လူကြီးဖြစ်လာကြမည့်သူ၊ အနာဂတ်ကို စိုးပိုင်ကြမည့်သူများအား တိုးတက်စေချင်၊ အောင်မြင်စေချင်၊ ကြီးပွားစေချင်သည့် စိတ်ဆန္ဒတို့မှာ ဆည်းမနိုင်၊ တားမရ။ သည့်အတွက်ကြောင့်လည်း စေတနာတစ်ခုတည်းကိုသာ အရင်းခံလျက် အောင်မြင်ခြင်းအတွက် အထောက်အကူဖြစ်စေမည့် သော့ချက်ကလေးများကို လေ့လာရှာဖွေစုဆောင်းလျက် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

အောင်မြင်ကြပါစေ
နန္ဒာမိုးကြယ်
(၂၃-၉-၂၀၁၂)

www.burmeseclassic.com

## တစ်ခုတည်းသော ဦးတည်ချက်

နောင်တော်စာရေးဆရာတစ်ယောက်က ဩဝါဒစကား ဆိုခဲ့ဖူးသည်။

"ငါ့ညီ... မင်းဘဝမှာ မင်း ဘာဖြစ်ချင်သလဲ။ ဖြစ်ချင်တာကို အသေအချာစဉ်းစား၊ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ အဲသည် ဆုံးဖြတ်ချက်ဟာ ဘယ်အကြောင်းကိစ္စနဲ့မှ ယိမ်းယိုင်မသွားပါနဲ့။ ဖြစ်ချင်တာသေချာပြီဆိုရင် သတ်သတ်မှတ်မှတ် ဦးတည်ချက် တစ်ခုတည်းပဲ ထားရမယ်။ ဟိုလူပြော... ဟုတ်နိုး၊ သည်လူပြော... ဟုတ်နိုးဆိုရင် သွားပြီသာမှတ်တော့" တဲ့။

စေ့စေ့တွေးကြည့်တော့ သည်စကားက သွေးထွက်အောင် မှန်လှချေ၏။ မိမိ၏ ဖြတ်သန်းမှုကာလတစ်လျှောက်၌ ဟိုနေရာစပ်စပ်၊ သည်နေရာစပ်စပ်၊ ဟိုနေရာဝင်လုပ်လိုက်၊ သည်နေရာဝင်လုပ်လိုက်နှင့် ဦးတည်ချက်ဝေဝါး၊ ထွေပြားနေသူတွေကို တွေ့ခဲ့ရဖူးသည်။ ထိုသူတို့မှာ ချွန်ထွက်သွားလေ့မရှိ။ အောင်မြင်မှုတွေမှာလည်း အလွဲလွဲအချော်ချော်။

www.burmeseclassic.com



မိမိတို့ တက္ကသိုလ်စာသင်သားဘဝတုန်းကလည်း သည်လို လွဲချော်သည့်ဖြစ်ရပ် သာဓကတွေကို တွေ့ဖူးသည်။ အရောင်း အဝယ်၊ ကုန်သွယ်မှုအပေါ် ဝါသနာပါသော သူငယ်ချင်း တစ်ယောက်။ အမှန်တကယ် သူရွေးချယ်တက်သင့်သည်က စီးပွား ရေး တက္ကသိုလ်သာဖြစ်၏။ သို့ရာတွင် စာပေသမားတစ်ယောက် ဖြစ်ရန် ဝါသနာထုံသော မိမိအား ခင်မင်မှုကိုအကြောင်းပြု၍ စီးပွားရေးတက္ကသိုလ်မတက်ဘဲ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တက်ကာ မိမိယူသော မြန်မာစာဘာသာရပ်ကို လိုက်ယူသည်။ စာဖတ် ဝါသနာမပါ။ ကဗျာမပြောနှင့် ခေတ်ကာလပေါ် ဝတ္ထုတစ်ပုဒ် တလေမျှကိုပင်လျှင် ခံစားဖတ်ရှုခြင်းမရှိသောသူ့အဖို့ စာသင်နှစ် တွေကုန်ဆုံးတော့ ဝိဇ္ဇာဘွဲ့ရိုးရိုးကလေးတစ်ခုသာ ပိုက်သွားနိုင် ခဲ့သည်။ ဘာမျှ ထူးထူးခြားခြား ဖြစ်မလာခဲ့။ တကယ်ဆိုလျှင် စီးပွားရေးတက္ကသိုလ်သာ သူ တက်ရောက်ဖြစ်ခဲ့ပါက ထူးချွန် ကောင်း ထူးချွန်လာနိုင်သည်။ သို့တည်းမဟုတ် သူကျင်လည် ကျက်စားမည့် စီးပွားရေးဝန်းကျင်နယ်ပယ်၌ အောင်မြင်မှုရမှာ သေချာသည်။

လူတိုင်းလူတိုင်းတွင် မမြင်နိုင်သောစွမ်းအားများ ရှိကြ၏။ သည်စွမ်းအားများကို ခိုင်ခိုင်မာမာ ချမှတ်ထားသည့် ဦးတည် ချက်တစ်ခုတည်းနှင့် ပေါင်းစပ်လိုက်ပါက အောင်မြင်မှု ရလိမ့် မည်မှာ အသေအချာပင်။

ဦးတည်ချက် တစ်ခုတည်း မရှိသူ၊ တစ်သမတ်တည်း မရှိသူအဖို့ အောင်မြင်မှုဟူသည် နီးမလိုလိုနှင့် ဝေးတတ်စမြဲ

www.burmeseclassic.com



ဖြစ်သည်။ စွမ်းအင်တို့ စုစည်းမှုမရှိဘဲ ပြန့်ကျဲနေပါက အာရုံစူးစိုက်မှုတို့မှာလည်း ပျက်ပြားတတ်သည်သာပင်။

လူအချို့သည် တစ်ခုမကောင်း၊ တစ်ခုပြောင်းတတ်ကြသည်။ ထိုသူတို့အဖို့ နကို မူလကတည်းက ဦးတည်ချက်တစ်ခုတည်း ထားရှိခြင်းမဟုတ်သည့်အတွက် ဟိုပြောင်း၊ သည်ပြောင်းလုပ်နေကြခြင်းဖြစ်ပေရာ အောင်မြင်မှုဟူသည်မှာလည်း အလွဲလွဲ အချော်ချော် ဖြစ်နေတတ်ပေသည်။ တစ်ခုမကောင်း၍ တစ်ခုပြောင်းလိုက်သည့်အတွက် အချိန်တွေကုန်ခဲ့ရ၏။ ပြောင်းလိုက်သောတစ်ခုအတွက်လည်း အချိန်တွေပေးရဦးတော့မည်။ အခြေအနေကို ကနဦးမှစရသည့်အတွက် ရလဒ်အဖြေမှာလည်း အောင်မြင်မည် မအောင်မြင်မည် မသေချာပေ။

သို့ဖြစ်၍ ဘဝ၌ မိမိရည်မှန်းရာသို့ ရောက်ရှိအောင်မြင်လိုသူအဖို့ တစ်ခုတည်းသော ဦးတည်ချက်ကို ချမှတ်လျက် ဦးတည်ရာလမ်းကြောင်းအတိုင်း အာရုံစူးစိုက်ကာ လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း စိတ်ဓာတ်ကို ထားရပေလိမ့်မည်။

ယနေ့လက်ရှိ အောင်မြင်နေကြသူတို့ကို လေ့လာဆန်းစစ်ကြည့်လျှင် စိုင်ကော်၍ ချုံပေါ်သို့ ရောက်ကြခြင်းမဟုတ်။ ‘ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်’ ဆိုသော စိတ်ဓာတ်မျိုးဖြင့် လောကဓံကို ကြံ့ကြံ့ခံကာ လုံ့လအားထုတ်ခဲ့ခြင်းကြောင့်သာ ဖြစ်ပေ၏။

✦ ✦ ✦

www.burmeseclassic.com

## အလေးအနက်ထားပါ
## သွေးပျက်မသွားပါနဲ့

ဘဝဟူသည် အမိဝမ်းမှကျွတ်ပြီး ကွယ်လွန်ချိန်အထိဟု အချို့က ဆိုကြ၏။ အချို့ကလည်း ဘဝဟူသည် လောကဓံနှင့် စီးချင်းထိုးခြင်းဟူ၍လည်း ကဗျာဆန်ဆန် ပြောကြ၏။ အချို့ကလည်း ဘဝဟူသည် တိုက်ပွဲဟူ၍လည်း ပြတ်ပြတ်သားသား ဆိုကြ၏။ သူ့အမြင်နှင့်သူ၊ သူ့ဒဿနနှင့်သူ မှန်ကန်ကောင်း မှန်ကန်နေပေလိမ့်မည်။

ဘဝတစ်ခုဖြစ်တည်လာလျှင် အောင်မြင်စွာ တည်ဆောက်နိုင်ဖို့ လိုပေလိမ့်မည်။ ဘဝ၌ အောင်မြင်နေသူတို့ကို လေ့လာကြည့်လျှင် သွေးကြောင်၍ ဘေးရှောင်နေသူများ မဟုတ်ကြ။ သွေးပျက်၍ ဘေးထွက်နေသူများ မဟုတ်ကြ။ သူတို့သည် ဘဝတစ်ခုကို အလေးအနက်ထားကာ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသူများ ဖြစ်နေကြသည်။

www.burmeseclassic.com


သူတို့မှာ ဦးတည်ချက်ရှိသည်။

ရည်ရွယ်ထားသော ပန်းတိုင်ရှိသည်။

သူတို့၌ရှိသော ဦးတည်ချက်ကို သံမှိုစွဲလျက် ရည်ရွယ်ထားသော ပန်းတိုင်ရှိရာထံ လျှောက်လှမ်းကြသော်လည်း မည်သို့သော အခါမျှ ပေါ့ပေါ့ဆဆ မနေခဲ့ကြ။ မပြောမဆိုခဲ့ကြ။ မလုပ်မကိုင်ခဲ့ကြ။ အသေးအဖွဲကိစ္စကလေးများကို လျစ်လျူရှုခြင်း မပြုဘဲ အလေးအနက်ထားလုပ်ဆောင်ခဲ့ကြသည်။

မဇ္ဈိမဒေသမှ မဂ္ဂဝင်လာ ပေါဋ္ဌိလမထေရ်ဆိုလျှင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော မထေရ်ဖြစ်၏။ သို့ရာတွင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်အတွက် အားထုတ်ခြင်းမပြုဘဲ ပညာမာန်ယစ်နေသူ ဖြစ်၏။ သည့်အတွက် ဂေါတမဘုရားရှင်က ပေါဋ္ဌိလမထေရ်ကို မြင်လေတိုင်း 'အချည်းနှီးပေါဋ္ဌိလ... အချည်းနှီးပေါဋ္ဌိလ' ဟူ၍ပင် စကားချီလေ့ရှိ၏။ ထိုသို့ ကြားရဖန်များသည့်အခါ ထိတ်လန့်လာခဲ့၏။

"ငါဟာ... အဋ္ဌကထာနဲ့တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူ ဖြစ်ပေတယ်။ ရဟန်းငါးရာတို့ကိုလည်း သင်ကြားပို့ချပေးနေတဲ့သူ။ ဒါပေမဲ့ ဘုရားရှင့်က ငါနဲ့ တွေ့ဆုံလေတိုင်း 'အချည်းနှီး ပေါဋ္ဌိလ' လို့ပဲ မိန့်တော်မူခဲ့တယ်။ ဒါဟာ ငါ့အနေနဲ့ ရဟန်းကိစ္စ မပြီးသေးလို့ပဲ"

သည်သို့တွေးတော ဆင်ခြင်မိပြီးသည့်နောက် တောထွက်ခဲ့လေ၏။ တောကျောင်း၌ ရှိကြကုန်သော မထေရ်ကြီးများထံ တပည့်ခံ၏။ မထေရ်ကြီးတို့က လက်မခံဘဲ တစ်ပါး... တစ်ပါး

www.burmeseclassic.com


စီ စေလွှတ်ရင်းမှ နောက်ဆုံး ခုနစ်နှစ်အရွယ် သာမဏေငယ်လေး ထံ ရောက်လာခဲ့၏။

စင်စစ် မိမိက မထေရ်ကြီး။ သူက သာမဏေငယ်။

သို့ရာတွင် သူသည် သွေးမပျက်ခဲ့။ အလေးအနက်ထားကာ သာမဏေငယ်ကလေးကိုပင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလျက် တပည့်ခံခဲ့၏။ (စင်စစ် သာမဏေငယ်လေးမှာ အရဟတ္တဖိုလ် ဆိုက်နေပြီးသား ဖြစ်၏) သာမဏေငယ်က ခိုင်းစေသမျှကို ကျိုးနွံစွာ လုပ်ဆောင်၏။ သူ့အတွက် ဦးတည်ချက်လည်း ထား ရှိပြီး ဖြစ်၏။ ရည်မှန်းရာပန်းတိုင်လည်း ရှိနေပြီးဖြစ်၏။ ပန်းတိုင်ရောက်ဖို့ရာ အလေးအနက်ထား၏။

ဤတွင် သာမဏေငယ်လေး ဥပမာပြသော ဖွတ်တောင်ပို့ ကို ဉာဏ်ဖြင့်ဆင်ခြင်ကာ မနောဒွါရမှအပ စက္ခုဒွါရ, သောတ ဒွါရ, ဃနာဒွါရ, ဇိဝှာဒွါရ, ကာယဒွါရ... စသည့် ငါးဒွါရ တို့ကို ပိတ်၍ မနောဒွါရ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် ပန်းတိုင် ဖြစ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရသည် မဟုတ်ပါ လော။

သို့ဖြစ်၍ အောင်မြင်ပေါက်ရောက်လိုသူတိုင်းအဖို့ အရာ ရာကို ဥပေက္ခာမထားဘဲ အလေးအနက်ရှိဖို့ လိုအပ်လှပါ၏။

◆ ◆ ◆

www.burmeseclassic.com

## ဘယ်အရပ်မှာ နေရမလဲ

မိမိဘဝမှာ အောင်မြင်၊ တိုးတက်၊ ကြီးပွားချမ်းသာလိုကြသူများအနေဖြင့် ဘူမိနက်သန်နေရာမှန်ကို ရွေးချယ်တတ်ဖို့ လိုပေလိမ့်မည်။ သည့်အတွက် 'လူမှန် နေရာမှန်' ဆိုသည့်စကား ပေါ်ထွန်းလာခြင်း ဖြစ်ပေလိမ့်မည်။ ဂေါတမဘုရားရှင် ဟောကြားတော်မူသည့် မင်္ဂလာသုတ်တော်တွင်–

"ပတိရူပ ဒေသ ဝါသောစ၊
တော် မင်္ဂလ မုတ္တမံ"
ဟု တွေ့ရှိရသည်။ ဆိုလိုရင်းအနက်ကား –

"သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည် မြတ်သောမင်္ဂလာမည်၏"
ဟူ၍ ဖြစ်လေ၏။

အောင်မြင်လိုသူ၊ ကြီးပွားချမ်းသာလိုသူတို့အဖို့ မိမိတို့နေထိုင်သင့်၊ နေထိုင်အပ်သော အရပ်ဒေသတို့ကို ရွေးချယ်နေထိုင်တတ်ကြဖို့ လိုပေ၏။ ဘုရားဟောနိပါတ်တော်တစ်ခု၌ ဘီလုံး

www.burmeseclassic.com


ငှက်ငယ်သည် မိမိနှင့် သင့်တင့်လျောက်ပတ်သောနေရာ၌ မနေမိသည့်အတွက် စွန်ရဲ၏ထိုးသုတ်ခြင်းကို ခံခဲ့ရ၏။ ထိုအခါ ဘီလုံးငှက်ငယ်က–

"ငါ့အရပ်မဟုတ်၍ စွန်ရဲ၏ ထိုးသုတ်ခြင်းကို ခံရ၏။
ငါ့အရပ်ဖြစ်ပါမူ ထိုးသုတ်နိုင်လိမ့်မဟုတ်"

ဟုဆို၏။ စွန်ရဲလည်း ထိုစကားကို ကြားသည့်အခါ မခံချင်စိတ်ဖြင့် ဘီလုံးငှက်ငယ်၏အရပ်ဖြစ်သော ထွန်စာခဲများရှိရာ လယ်ကွင်းပြင်သို့ လွှတ်ပေး၏။ ဘီလုံးငှက်ငယ်လည်း သင့်တင့်လျောက်ပတ်သည့်နေရာသို့ ရောက်သောအခါ ကျစ်စာခဲပေါ်တက်၍ စိန်ခေါ်၏။ စွန်ရဲလည်း မလောက်လေးမလောက်စားက စိန်ခေါ်သည်ဟုဆိုကာ ကောင်းကင်ထက်မှ တစ်ရှိန်ထိုးဆင်းလျက် ဘီလုံးငှက်ငယ်ကို သုတ်၏။ ဤတွင် ဘီလုံးငှက်ငယ်လည်း မြေစာအတွင်းသို့ ဝင်ကာ ပုန်းအောင်းလေတော့၏။ ထိုအခါ မြေကျစ်စာခဲနှင့် စွန်ရဲ၏ ရင်ဘတ်တို့မှာ ပြင်းစွာရိုက်ခတ်မိလေ၏။ ထို့နောက် စွန်ရဲလည်း ကောင်းကင်ထက်ပျံတက်၏။ ဘီလုံးငှက်လည်း ကျစ်စာခဲပေါ် ပြန်တက်ပြီး စိန်ခေါ်လေ၏။ စွန်ရဲလည်း ထိုးဆင်း၏။ ဘီလုံးငှက်လည်း မြေအောက်သို့ ဝင်ပုန်း၏။ စွန်ရဲ၏ရင်ဘတ်နှင့် မြေစာခဲတို့ ပြင်းစွာရိုက်ခတ်မိ၏။ ဤသို့ အကြိမ်ကြိမ် အခါခါ ပြုသည်ရှိသော် စွန်ရဲလည်း ရင်ကွဲ၍ သေပွဲဝင်ခဲ့ရ၏။

ဤဆည်သာစကာကိုကြည့်လျှင် ဘီလုံးငှက်ငယ်သည် သင့်တင့်လျောက်ပတ်သောနေရာ၌ နေထိုင်၍ ဖြစ်ပေသည်။

www.burmeseclassic.com


သင့်တင့်လျောက်ပတ်ခြင်းမရှိ။ မနေသင့်၊ မထိုင်သင့်သော အရပ်၌ နေထိုင်မိသူတို့အဖို့ ကြီးပွားအောင်မြင်တိုးတက်ဖို့ရာ ဝေးစွ၊ ပျက်စီးဆုတ်ယုတ်ရလေသော အဖြစ်အပျက် သာဓကတွေဆိုသည်မှာ မိမိတို့ပတ်ဝန်းကျင်တွင် အများကြီး ဖြစ်လေသည်။

စာပေသမားတစ်ယောက်အဖို့ ၎င်းအတွက် သင့်တင့်လျောက်ပတ်သောနေရာမှာ စာပေဝန်းကျင်အသိုင်းအဝိုင်း၌ပင် ဖြစ်လေသည်။ စာပေသမားတို့နှင့် တွေ့ဆုံကာ အသိဉာဏ်ချင်း ဖလှယ်၊ တင်ပြ၊ ဆွေးနွေး၊ အားကျစရာပုဂ္ဂိုလ်ကို စံထားအတုယူလျက် အားထုတ်ခြင်းဖြင့် စာပေစင်မြင့်၌ ပွဲလယ်တင့်လေမည်သာ ဖြစ်၏။ စာပေသမားမှမဟုတ်၊ အခြား အခြားသောသူတို့သည်လည်း မိမိတို့ဘဝ တိုးတက်မြင့်မားရလေအောင် အထောက်အကူပြုနိုင်သည့်၊ အားကိုးအားထားပြုလောက်သည့်၊ ရည်မှန်းချက်ပန်းတိုင်နှင့် နီးစပ်နိုင်သည့် အရပ်ဒေသတို့ကို ရွေးချယ်ရပေလိမ့်မည်။ အားကိုးအားထား မပြုလောက်သည့်၊ ရည်မှန်းချက်ပန်းတိုင်နှင့် အလှမ်းဝေးသည့် အရပ်ဒေသတို့ကို ရှောင်ရှားရပေလိမ့်မည်။

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွေ့ဟူသော်ငြား ကိုယ်ကလည်းကောင်း၊ ပတ်ဝန်းကျင်ကလည်းကောင်း ဆိုသည့်အရပ်ဒေသကို ရွေးချယ်သင့်ပါ၏။

✦ ✦ ✦

www.burmeseclassic.com

## အောင်မြင်မှုအပေါ် ကျေနပ်ခြင်း

လူတိုင်း အောင်မြင်လိုကြသည်။ ဒါသည် သဘာဝတရား ဖြစ်၏။

သို့ရာတွင် အောင်မြင်လိုကြသူတိုင်း အောင်မြင်အောင် ဦးတည်ချက်ထား၍ ကြိုးစားကြပါ၏လော။

ဤသို့ ဦးတည်ချက်ထား၍ ကြိုးစားခြင်း၊ မကြိုးစားခြင်းက ပင့်လျှင် အောင်မြင်မှုတွေ ရှိလာခဲ့ကြသည်။ 'ထင်သာထင်... မဝင်' ဆိုသည့် မအောင်မြင်မှုတွေ ရှိလာကြသည်။

ဘဝ၌ အောင်မြင်ကြီးပွားတိုးတက်ဖို့ လုပ်ဆောင်ရသည်မှာ မလွယ်ကူကြောင်း (အထူးသဖြင့် ကိုယ့်ထူးကိုယ်ချွန်သမားတွေ) သိကြပါလိမ့်မည်။ အခက်အခဲ အတားအဆီးမှန်သမျှသည် ခါးသီးလွန်းလှသလောက် အောင်မြင်မှုမှာမူ ချိုမြိန်လှပေ၏။ အခက်အခဲ အတားအဆီးမှန်သမျှကို ကျော်လွှားဖြတ်သန်းပြီး အောင်မြင်မှု ရရှိလာရာ၌လည်း ထိုအောင်မြင်မှုကို ပြန်လည်မကျရှုံးရလေအောင် ထိန်းသိမ်းရခြင်းမှာလည်း ခက်ခဲလှပါ၏။

www.burmeseclassic.com



အချို့ အအောင်မြင်ကြီး အောင်မြင်ခဲ့ပြီးမှ ထင်မှတ်မထားနိုင်လောက်အောင် ကျရှုံးသွားခဲ့ကြသည်ကို မြင်တွေ့ရဖူးသည်။

'ဆင်းရဲသည့်ဒဏ်ကို ခံနိုင်၏၊ ချမ်းသာသည့်ဒဏ်ကို မခံနိုင်' ဟု ဆိုရပေမည်လား။ ဆင်းရဲခြင်း၏တစ်ဖက်တွင် ချမ်းသာခြင်း ရှိ၏။ ကျရှုံးခြင်း၏တစ်ဖက်တွင် အောင်မြင်ခြင်းရှိ၏။ ထိုအတူပင် ချမ်းသာခြင်း၏တစ်ဖက်တွင် ဆင်းရဲခြင်းရှိသကဲ့သို့၊ အောင်မြင်ခြင်း၏တစ်ဖက်တွင်လည်း ကျရှုံးခြင်းတို့ ရှိနေစမြဲပင်။

'ဘဝဟူသည် နေတတ်လျှင် ကျေနပ်စရာတွေချည်း' ဟု ဆိုကြ၏။ ဒါကတော့ တရားသဘောနှင့် ကောက်ချက်ပြုခြင်း ဖြစ်ပေလိမ့်မည်။

အောင်မြင်မှုပန်းတိုင်သို့ ရောက်ဖို့ရာ ဝုန်းခနဲတက်၍ မရ။ လှေကားထစ်များသဖွယ် တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း တက်သွားရသည်။ ဝုန်းခနဲ တက်ခြင်း၏တစ်ဖက်တွင် ဝုန်းခနဲ ကျခြင်းရှိ၏။ တစ်ဆင့်ချင်းတက်သူအဖို့ ကျလျှင်လည်း တစ်ဆင့်ချင်းကြမည့်သဘောပါ၏။ တစ်ဆင့်ချင်းတက်ရာ၌ လက်ရှိရောက်နေရာ၊ ရပ်တည်နေရာကို ခိုင်မာမှုရှိမရှိ ဆင်ခြင်သုံးသပ်ရ၏။ ခိုင်မာမှုရှိမှသာ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ပေလိမ့်မည်။ အလှမ်းကျယ်လွန်းသဖြင့် အလယ်လပ်တတ်သည် ဆိုသောသဘောများလည်း ရှိပေ၏။

အောင်မြင်မှု ရရှိသူတို့အဖို့ မိမိတို့အောင်မြင်မှုအပေါ် ကျေနပ်ခြင်းကား သဘာဝကျပါသည်။ သို့ရာတွင် ကျေနပ်ခြင်း

www.burmeseclassic.com



ဖြင့် သာယာမနေဘဲ ဆက်လက်တည်မြဲအောင် ထိန်းသိမ်းဖို့ လိုအပ်ပါသည်။ ထိန်းထားခြင်းမရှိပါက ပြန်လည်လျော့ကျတတ်ပါသည်။ ဤနေရာ၌ စိတ်ဓာတ်သည် အရေးကြီးပါသည်။ ဥစ္စာပစ္စည်းလျော့ကျခြင်းထက် စိတ်ဓာတ်လျော့ကျခြင်းက ဆိုးပါသည်။ သည်အခါတွင် ဖြစ်ပြန်၊ ပျက်ပြန် လောကဓံတရားကို နှလုံးသွင်းဆင်ခြင်တတ်ဖို့ အရေးကြီးပါသည်။ စိတ်ကို ကြည်လင်အောင်ထားဖို့ လိုပါသည်။

စိတ်သည် အရာရာကို ဦးဆောင်နေပါသည်။ တက်ကြွသော စိတ်သည် အောင်မြင်မှုပန်းတိုင်ကို နီးကပ်စေ၍ နိမ့်ကျသောစိတ်မှာမူ အောင်မြင်မှုနှင့် အလှမ်းဝေးပါသည်။

အောင်စိတ်ကို မွေးမြူပါ။ အောင်စိတ်တို့ထွန်းကားစေမည့် စာကောင်းပေမွန်တို့အား ရွေးချယ်ဖတ်ရှုပါ။

◆ ◆ ◆

www.burmeseclassic.com

## အချိန်ကို တန်ဖိုးထားပါ

ကုန်လွန်သွားပြီးသည့်နောက် ပြန်မရနိုင်သည့်အရာသည် 'အချိန်' ဖြစ်၏။

ဘဝတစ်ခု၏ တိုးတက်ခြင်း...

ဘဝတစ်ခု၏ ဆုတ်ယုတ်ခြင်း...

ဘဝတစ်ခု၏ အောင်မြင်ခြင်း...

ဘဝတစ်ခု၏ ကျရှုံးခြင်း...

အစရှိသည့် လက္ခဏာတို့ကို ဖော်ဆောင်ပေးနိုင်သည်မှာ... အချိန်ပင် ဖြစ်၏။

လူသားမှန်သမျှ အချိန်ကို သုံးစွဲနေကြ၏။ သုံးစွဲပုံ သုံးစွဲနည်း၊ အသုံးချပုံ အသုံးချနည်းကွဲပြားမှုကြောင့် အဆိုပါလက္ခဏာများ ဖြစ်ပေါ်လာရသည်။

'အချိန်နှင့် ဒီရေသည် လူကို မစောင့်' ဟု ဆိုကြသည်။

'အချိန်သည် တန်ဖိုးဖြတ်၍မရ' ဟု ပြောကြ၏။

www.burmeseclassic.com



သို့ရာတွင် လူတိုင်းပင် အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်ပါ၏လော။ အတော်များများပင် အသုံးချရကောင်းမှန်းမသိ။ အလွယ်တကူ ရရှိနေသောအချိန်ကို တန်ဖိုးမထားဘဲ အလဟဿ ဖြုန်းပစ်နေကြသည်။

အချိန်ကို တန်ဖိုးရှိစွာအသုံးချတတ်သော လူငယ်တစ်ဦးကို တွေ့ဖူး၏။ သူသည် ဒလမြို့နယ်တွင် နေ၍ ရန်ကုန်တစ်ဖက်ကမ်းရှိ စာအုပ်တိုက်တစ်တိုက်၌ အလုပ်လုပ်ရရာ တစ်နေ့လျှင် အသွားတစ်ခေါက်၊ အပြန်တစ်ခေါက် ကူးတို့သင်္ဘောစီးရ၏။ သင်္ဘောပေါ်ရောက်လေတိုင်း ထောင့်တစ်နေရာတွင် နေရာယူကာ မလေးရှားစကားပြော စာအုပ်ကလေးကို အသွား ၂ ရွက်၊ အပြန် ၂ ရွက် အလွတ်ကျက်မှတ်သည်။ ကျက်မှတ်ပြီးသမျှ ပြန်နွေးသည်။ သည်သို့နှင့် ကာလမကြာခင်မှာပင် ခရီးသွားရာ၌ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချသည့်အတွက် မလေးရှားစကားကို အတော်ပြောလာနိုင်သည်။ ထို့နောက် သူ့အပေါ်သံယောဇဉ်ရှိသူတစ်ဦးက မလေးရှားသို့ ပို့ဆောင်ပေးခဲ့၏။ မလေးရှားမသွားခင် စကားပြောသင်တန်းတစ်ခုကိုလည်း အနီးကပ် တက်ခဲ့၏။ မလေးရှားရောက်တော့ သူလေ့လာခဲ့ခြင်းက အထောက်အကူ ပြု၏။ နေရာကောင်းရ၏။ ယခု ကြီးပွားနေသော လူငယ်ကလေးတစ်ယောက် ဖြစ်နေပါပြီ။

စင်စစ် အချိန်ကို အသုံးပြုတတ်မှု၊ အသုံးချနိုင်မှုက သူ့အားအောင်မြင်မှုရှိရာသို့ ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်၏။ အချိန်သည် လူ့တန်ဖိုးကို မြင့်မားစေသလို ဆုတ်ယုတ်စေနိုင်၏။

www.burmeseclassic.com



လူသားတိုင်း တစ်ရက်လျှင် (၂၄) နာရီဆိုသော အချိန်ကို ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ထားကြ၏။ အောင်မြင်မှုရရှိဖို့အတွက်ကတော့ အချိန်ကို တန်ဖိုးရှိအောင် အသုံးချဖို့လိုပါ၏။ ဤ၌ အချိန်နှင့်ပတ်သက်၍ သတိပြုဖွယ် ဇယားကလေးတစ်ခုကို အမှတ်ရလာ၏။ မိမိတို့ သုံးခဲ့ ဖြုန်းခဲ့သောအချိန်များ၊ သုံးနိုင်ဖြုန်းနိုင်သေးသည့်အချိန်များကို သတိပြုစေလိုပါသည်။

| အသက် | ကုန်လွန်ခဲ့သောရက်များ | ကျန်ရှိသောရက်များ |
|---|---|---|
| ၁၈ နှစ် | - ၆၅၇၀ ရက် | - ၁၇၁၅၅ ရက် |
| ၂၀ နှစ် | - ၇၃၀၀ ရက် | - ၁၆၄၂၅ ရက် |
| ၃၀ နှစ် | - ၁၀၉၅၀ ရက် | - ၁၂၇၇၅ ရက် |
| ၄၀ နှစ် | - ၁၄၆၀၀ ရက် | - ၉၁၂၅ ရက် |
| ၅၅ နှစ် | - ၂၀၀၇၅ ရက် | - ၃၆၅၀ ရက် |
| ၆၅ နှစ် | - ၂၃၇၂၅ ရက် | - - |

✦ ✦ ✦

www.burmeseclassic.com

## ပေးလာမည့် အခွင့်အရေး

မိမိ စာသင်သားဘဝတုန်းက အတန်းထဲ၌ စာသင်နေရင်း ဆရာသည် အမှတ်မထင် မေးခွန်းတစ်ခု ထုတ်လာ၏။

"လူဖြစ်လာရတဲ့ အဓိရည်ရွယ်ချက်... ဘာလဲဟေ့" တဲ့။

သည်တော့ ဖြေကြားလိုက်ကြသည်မှာ တစ်ယောက် တစ်ပေါက်။

ဟုတ်တော့ ဟုတ်နေသည်။ သည်အထဲမှာမှ တစ်ယောက်က အရွန်းဖောက်လိုက်သေးသည်။

"နောက်ထပ်လူတွေ... မျိုးဆက်သစ်တွေ ပေါ်ပေါက်အောင် လုပ်ရဖို့ပေါ့ဆရာ" တဲ့။

ဒါလည်း မှားသည်ဟု မဆိုသာ။ လူသားမှန်လျှင် လူသားမျိုးဆက်ဟူသည် ချန်လှပ်ထားခဲ့ရမည် မဟုတ်ပါလား။

လူဖြစ်လာပြီဆိုသည်နှင့် အဓိကအားဖြင့် စား၊ ဝတ်၊ နေရေးအတွက် ရှန်းကန်လှုပ်ရှားရတော့မည်။ ကျောင်းသားဆိုလျှင်

www.burmeseclassic.com



ထူးချွန်အောင်ကြိုးစားအားထုတ်ဖို့ လိုသည်။ စီးပွားရေးလုပ်ငန်းလုပ်တော့မည်ဆိုလျှင်လည်း သည်ပုပ်ထဲကသည်ပဲ၊ အုတ်အခဲရောရော၊ ကျောက်အရောရော အဖြစ်မခံဘဲ အရာရာကို ထိုးဖောက်ကာ အောင်မြင်ရေးအထွတ်အထိပ်သို့ရေ...ာ်အောင် အမြဲတစေကြံဆနေရမည်။ လုပ်ဆောင်နေရပေလိမ့်မည်။

တစ်ခါတစ်ရံ၌ ဖြစ်ချင်တိုင်းလည်း မဖြစ်ရတာတွေရှိသည်။ တကယ်လုပ်ပေမဲ့ အဟုတ်ဖြစ်မလာတာတွေ ရှိသည်။ ရည်ရွယ်ကြံဆထားခြင်း မရှိပါဘဲ မိမိထင်မထားသည့် အလုပ်တွေ လုပ်နေရတတ်သည်။

သည့်အပြင် သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ် ဆိုသကဲ့သို့ပင် မိမိလုပ်ရာ အလုပ်တွေ အကောင်အထည်ဖော်နိုင်ခွင့်မရှိသေးခင် လုပ်သင့်သည်ဟု ယူဆရသော အလုပ်တွေ လုပ်နေရတာမျိုးလည်း ကြုံရတတ်သည်။

စာရေးဆရာတစ်ယောက်အဖို့ မိမိရေးလိုသည့်စာကို ရေးလိုသော်ငြား ထုတ်ဝေသူအကြိုက်လိုက်၍ ခေတ်ကာလနှင့်အညီ ရောင်တော်ပြန်စာတွေ ရေးနေရတာမျိုးပင် ဖြစ်သည်။

သည့်အတွက် လောကကြီးကို အပြစ်တင်စရာ မလိုပါ။ မိမိတို့သည် ကံစီမံရာကို ခံနေရသော ကကြိုးရုပ်တွေပင် မဟုတ်ပါလား။

သည်တော့ ဘာပဲလုပ်လုပ် အပြစ်ပြောစရာ နည်းနိုင်သမျှ နည်းအောင်၊ တတ်နိုင်လျှင် လုံးဝမရှိအောင်နေဖို့ပဲ လိုသည်။ ဤသို့ လုပ်ဆောင်နေရင်းမှပင် ကံကြမ္မာက အခွင့်အရေးတွေ

www.burmeseclassic.com



ပေးလာပါလေမည်။ ထိုအခွင့်အရေးတို့သည် မမျှော်လင့်သော အနေအထားမျိုးမှ ဝင်လာတတ်သည်။ ဝင်လာသည်ကို ဝင်လာကြောင်း သိထားနားလည်ဖို့လည်း လိုသည်။ သိသည်ဆိုသည်နှင့် ထိုအခွင့်အရေးကို လက်လွှတ်ဆုံးရှုံး မသွားရလေအောင် ထိန်းထားတတ်ဖို့၊ အသုံးချတတ်ဖို့ လိုပေသည်။

"ဘာမှဖြစ်လာမှာ မဟုတ်တဲ့အတွက် ထိုင်နေတာပဲ အကောင်းဆုံးဖြစ်လိမ့်မယ်"

ထိုသို့ ဆိုလာသူအတွက်၊ ခံယူချက်ရှိသူအတွက် အခွင့်အရေးသည် ပျံသန်းရောက်ရှိလာလိမ့်မည် မဟုတ်ပေ။

လုပ်ခွင့်ရ၍ လုပ်ချင်သည်ကို လုပ်နေရလျှင်ဖြစ်စေ၊ မလုပ်ချင်ရာကို (ဘဝပေးအခြေအနေအရ) လုပ်နေရလျှင်ပဲဖြစ်စေ... မိမိဘက်က အကောင်းတကာ့ အကောင်းဆုံး လုပ်ဆောင်ကြည့်ပါ။ ထိုသူအတွက် အခွင့်အရေးတည်းဟူသော ဆုလာဘ် ရောက်လာပါလိမ့်မည်။

ထိုအခွင့်အရေးကို ဖမ်းဆုပ်လိုက်ပါ။

ဆုပ်မိပြီဆိုပါက လက်လွှတ်မခံပါတော့နှင့်။

အောင်မြင်ခြင်းရောင်နီတို့ သန်းလာပါတော့မည်။

✦ ✦ ✦

www.burmeseclassic.com

## စကားပြောတတ်ကြရဲ့လား

လူဖြစ်လာပြီဆိုကတည်းက လူတွေနှင့် စကားပြောဆိုကြရပါတော့သည်။

ပေါင်းသင်းဆက်ဆံရေးနယ်ပယ်၌ စကားသည် လွန်စွာအရေးကြီး၏။ ချစ်အောင့်လည်း စကားပြောဆိုနိုင်၏။ မုန်းအောင်လည်း စကားပြောဆိုနိုင်၏။ မိမိ၌ အရည်အချင်းရှိလျှင် လူတကာလေးစားအောင်လည်း ပြောဆိုနိုင်ပါသည်။

"နှုတ်ချို သျှိုတစ်ပါး" ဟူသော စကားရှိ၏။

အဓိပ္ပာယ်ကား အပြောအဆိုချိုသာ၊ နှုတ်အမူအရာယဉ်ကျေးသူအတွက် အောင်မြင်ခြင်းတစ်ရပ်ပင် ဖြစ်သည်ဟူ၏။

မြန်မာစကားရပ်၌ 'ချစ်စေလိုလျှင်လည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလျှင်လည်း ခံတွင်းလက်လေးသစ်' ဟူ၍ ဖြစ်၏။ ခံတွင်း၌ လျှာရှိ၏။ လျှာ၏ အတိုင်းအထွာမှာ ယေဘုယျအားဖြင့် လက်လေးသစ်မျှပင် ဖြစ်၏။ လျှာသည် အသံနှင့်ဖလှယ်ရင်း စကားသံတွေ ဖြစ်ပေါ်လာ၏။

www.burmeseclassic.com



"စပါး... စပါး၊ ထောင်းပါများ... စပါးထဲက ဆန်စေ့ရ၏။

တရား... တရား၊ ဟောပါများ... တရားထဲက ပါဠိရ၏။

စကား... စကား၊ ပြောပါများ... စကားထဲက ဇာတိပြ၏" တဲ့။

လူတစ်ယောက် ပြောဆိုလိုက်သောစကားသည် ထိုလူ၏ အဆင့်အတန်းကို ဖော်ပြနေပေ၏။

ယနေ့ အနုပညာနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ် အစရှိသည့်နယ်ပယ်အသီးသီး၌ အောင်မြင်မှုရရှိနေသူတို့အား လေ့လာသုံးသပ်ကြည့်ပါက စကားအပြောအဆို ကျွမ်းကျင်လိမ္မာကြသူတွေ ဖြစ်နေကြသည်။ 'နှုတ်ကောင်းလျှင် ပြည်စိုး' ဟူ၍ ရှိပေ၏။ ထိုထိုသော အောင်မြင်သူတို့တွင် အမူကောင်း၊ အကျင့်ကောင်းတွေ ရှိနေကြသည်။

'ကြမ်းကျုံလျှင် နှုတ်၍ရ၏၊ စကားကျုံပါက နှုတ်၍မရ' ဟူသော စကားတစ်ရပ် ရှိ၏။ အထူးသတိပြုရမည့် ဥပဒေသဟု ဆိုချင်သည်။

သည်တော့ စကားပြောဆိုတော့မည်ဆိုလျှင် မပြောဆိုမီ မည်သည့်စကားကို ပြောဆိုလျှင် ကောင်းလိမ့်မည်ကို စဉ်းစားဆင်ခြင်ဖို့ လိုပေလိမ့်မည်။ ဘဝ၌ အောင်မြင်မှုရရှိနေသူတို့သည် မိမိတို့ပြောဆိုမည့်စကားကို ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင်ခြင်ခြင် ပြောဆိုတတ်ကြသည်။ ပြီးတော့ မိမိတို့ ပြောဆိုသည့်စကားအပေါ်၌လည်း တာဝန်ယူတတ်ကြသည်။

www.burmeseclassic.com



အောင်မြင်သောလုပ်ငန်းရှင်အချို့ကို လေ့လာကြည့်ဖူးသည်။ သူတို့သည် အလုပ်သမားများ၏ ကောင်းကွက်ကိုတွေ့လျှင် နှုတ်မှ တလေးတစား ထုတ်ဖော်ချီးကျူးတတ်ကြ၏။ ဆုလာဘ်ငွေကြေးများ ပေးကြ၏။ ထိုသို့ ချီးကျူးမှုကို အဘယ်သူသည် မနှစ်သက်ပဲ နေပါမည်နည်း။ ဆုလာဘ်ကို မမျှော်လင့်ဘဲ နေပါမည်နည်း။

အပြစ်တင်စရာတွေ့ပါက–

"ဒီဟာလေးကဖြင့် နည်းနည်းချွတ်ချော်နေသလိုပဲ၊ သည်လိုလေး ပြုပြင်လိုက်ရင် ကောင်းလိမ့်မယ်ထင်တယ်။ မင်းရဲ့ အစွမ်းအစနဲ့ ပြုပြင်လုပ်ဆောင်လိုက်ရင် အိုကေသွားလိမ့်မယ်လို့ မြေကြီးလက်ခတ်မလွဲ ပြောကိုပြောရဲတယ်"

ဟု ဆိုလိုက်ပါက အပြောခံရသူအဖို့ ပန်းနှင့်ပေါက်သော စကားများဟု စွဲမှတ်ကာ အလုပ်ကို လုပ်ဆောင်သွားပေလိမ့်မည်။ ထိုသာဓက ထိုနည်းနာဖြင့် အောင်မြင်သူတွေ ရှိနေပါသည်။ မြန်မာ့သမိုင်းရာဇဝင်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် ပုဂံခေတ်က သျှင်ဒိသာပါမောက်သည် တရုတ်စစ်သည်တို့ ကျူးကျော်ဝင်ရောက်လာမည့်အရေးကို စကားဖြင့်ပင် ပြေငြိမ်းအောင် လုပ်ဆောင်သွားနိုင်ခဲ့သည် မဟုတ်ပါလော။

တစ်ဖက်သားကို မိမိနှင့် ပမာထား၍ စကားပြောဆိုဖို့ လိုလိမ့်မည်။

ဘုရားဟော ဓာတ်နိပါတ်တော်များတွင်လည်း... နွားလာ

www.burmeseclassic.com



ဥသဘကို ပိုင်ရှင်ပုဏ္ဏားက ရန့်ရှင်း ကြမ်းတမ်းစွာ ဆဲဆိုပြီး ဝန်တင်လှည်းတို့ကို ရှုန်းခိုင်း၏။ နွားလားဥသဘက လုံးဝ မရုန်း။ ချိုသာပြေပြစ်စွာ ပြောဆိုမှ ရုန်း၏။

သို့ဆိုသည့်အတွက် လူအချင်းချင်းကို မဆိုထားနှင့်၊ အဟိတ်တိရစ္ဆာန်များသော်မှ ပိယဝါစာ ချိုသာသည့်စကားကို နှစ်သက်တတ်ကြပေ၏။

စကားတစ်ခွန်းသည် အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်နိုင်စွမ်းသကဲ့သို့ အဝီစိငရဲသို့တိုင်အောင် ကျဆင်းသွားတတ်သည်ကိုလည်း ဂရုထားရပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## စေတနာလုပ်ရပ်

လိုပ်ငန်းချင်းတူပါစေ... စေတနာလုပ်ရပ် မှန်ကန်သော သူသာလျှင် မို၍ အောင်မြင်တတ်ကြပေသည်။

မိမိငယ်စဉ်အခါက လမ်းတစ်လမ်းထဲ၌ပင် ကုန်စုံဆိုင် နှစ်ဆိုင်ရှိလေ၏။ ရောင်းချသော ကုန်ပစ္စည်းတို့မှာ အားလုံး နီးပါးပင် တူညီသကဲ့သို့ ဈေးနှုန်းတို့မှာလည်း ညှိထားသည့် အလား အတူတူပင် ဖြစ်၏။

သို့ရာတွင် တစ်ဆိုင်သည် ရောင်းအားကောင်း၍၊ ကျန် တစ်ဆိုင်ကမူ ရောင်းအား သိပ်မကောင်းလှ။ ကုန်ပစ္စည်းချင်း တူပါလျက်၊ ဈေးနှုန်းလည်း ညီပါလျက် တစ်ဆိုင်က ရောင်း အား ကောင်းပြီး၊ ကျန်တစ်ဆိုင်က ဘာ့ကြောင့်များ ရောင်းအား မကောင်း ဖြစ်နေရပါသနည်း။

သည်အကွာအဟာကား... စေတနာလုပ်ရပ် ဖြစ်ပေ၏။

ရောင်းအားကောင်းသောဆိုင်၏ စေတနာလုပ်ရပ် အချို့ကို တင်ပြပါမည်။ ထိုဆိုင်သို့ ကလေးသူငယ်တစ်ဦး ဈေးလာဝယ် ပါက ပြန်အမ်းငွေဆိုလျှင် ကလေးငယ်၏ အိတ်တွင်းသို့ ငွေ စက္ကူသော်လည်းကောင်း၊ အကြွေသော်လည်းကောင်း သေချာစွာ

www.burmeseclassic.com



ထည့်ပေး၏။ ပြီးလျှင် ချိတ်တစ်ချောင်းဖြင့် ကလေးငယ်၏ အိတ်အား သေသေချာချာ တွယ်ချိတ်ပေးလိုက်၏။ လမ်း၌ မည်သို့မျှ ကျစရာမရှိတော့။ သည်တော့ ကလေးမိဘတွေ သဘောကျသွားကြသည်။ သည်တော့ ဈေးဝယ်စရာရှိလျှင် ထိုဆိုင်သို့သာ လွှတ်တော့၏။ ထိုဆိုင်ကလည်း ကလေးငယ် ဈေးလာဝယ်လျှင် ပဲလှော်တစ်ဆုပ်ကို လက်ဆောင်ပေးရာ ကလေးငယ်ကလည်း ဈေးဝယ်ရတော့မည်ဆိုလျှင် ထိုဆိုင်မှ ထိုဆိုင်ပါတည်း။ ထိုဆိုင်ကလည်း ရေနံဆီလာဝယ်သည် ဆိုပါစို့၊ ရေနံဆီပုလင်း၌ အဖုံးမပါပါက ကြိုတင်စုဆောင်းထားသည့် အဖုံးတစ်ခုခုဖြင့် ဖုံးပေးလိုက်၏။ ဖော့ဆို့တစ်ခုခုဖြင့် ဆို့ပေးလိုက်၏။ သည့်အတွက် ဆိုင်အဖို့ မထောင်းလှသော်လည်း သူ့စေတနာလုပ်ရပ်က သူ့ဆိုင် ရောင်းအားကောင်းဖို့ရာ အထောက်အကူတစ်ရပ် ဖြစ်သွားပေတော့သည်။ ထို့ကြောင့်လည်း ရောင်းအားသာနေခြင်း ဖြစ်ပေသည်။

တကယ်တော့ သည်လိုမျိုး အောင်မြင်ရခြင်းမှာ အလုပ်အပေါ် ခံယူချက် စေတနာလုပ်ရပ်ကြောင့်ပင် ဖြစ်ပေသည်။ အလုပ်အပေါ်ထားရှိသည့် စေတနာကြီးမားလျှင် ကြီးမားသည့် အလျောက် အောင်မြင်မှုရရှိမည်မှာ ဓမ္မတာဖြစ်ပေသည်။

လောက၌ ကံကောင်းသူတွေ ရှိကြသည်။

ကံကောင်းသည်ဆိုခြင်း၌ လုပ်ကိုင်သော အလုပ်သည် ကောင်းမွန်ခြင်း၊ စေတနာပါပါ လုပ်ဆောင်ခြင်းတို့ကြောင့် ဖြစ်၏။

www.burmeseclassic.com



လွန်လေပြီးသော အတိတ်ကာလက ပ.ပ.က ဆိုင်များ၊ ဆေးဆိုင်များ ရှိခဲ့ဖူး၏။ တော်ရုံတန်ရုံလူအဖို့ ထိုဆိုင်များသို့ ပစ္စည်းမဝယ်လိုပေ။ အကြောင်းမူ ဆိုင်ထိုင် စာရေးများ၊ အရောင်း ဝန်ထမ်းများ၏ စေတနာကင်းမဲ့သော လုပ်ရပ်များကြောင့် ဖြစ်ပေ၏။

"ဝယ်ပြီးရင်.,. လဲမပေးနိုင်ဘူး"

"မရှိဘူး... ကုန်ပြီ"

"ဝယ်ချင်ဝယ်... မဝယ်ချင်နေ... ရှင်းပြရတာ အာညောင်းတယ်"

သည်လိုမျိုး စေတနာမဲ့ လုပ်ရပ်များကြောင့်ပင် ထိုဆိုင်များ ကျဆုံးခဲ့ရ၏။ ထိုဆိုင်ဝန်ထမ်းများ ပြည်သူ့ချဉ်ဖတ် ဖြစ်ခဲ့ကြရ၏။

ဆရာဇော်ဂျီက 'စာကောင်းရေးချင်ရင် စိတ်ကောင်းမွေး' ဟု ဩဝါဒ ခြွေခဲ့ဖူး၏။

စာကောင်းရေးချင်လျှင် စိတ်ကောင်းမွေးရသကဲ့သို့၊ မိမိအလုပ်ကို ကောင်းစေချင်လျှင်လည်း စိတ်စေတနာကောင်းများ မွေးဖို့လိုပါသည်။

စိတ်ကောင်းမွေးမိပြီဆိုလျှင် အသိဉာဏ်တွေ မြင့်လာပါလိမ့်မည်။ အရည်အသွေးတို့မှာလည်း တောက်ပြောင်လာပါလိမ့်မည်။

ထို့အတူ ဘဝပါ တိုးတက်အောင်မြင် လာပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အနေမြင့်ဖို့ အခြေတင့်ဖို့

စည်သူမဆို ဘဝအနေ မြင့်ချင်ကြသည်။ ဘဝအခြေ တင့်ချင်ကြသည်။

သည့်အတွက် မိမိတို့ ထိန်းသိမ်းရမည်မှာ 'စိတ်ဓာတ်' ပဲ ဖြစ်သည်။ လူတိုင်းပင် စိတ်ဓာတ်ကို တက်ကြွအောင် လုပ်ဆောင်နိုင်၏။ ကျဆင်းအောင်လည်း လုပ်ဆောင်နိုင်၏။

မိမိကိုယ်ကို မိမိ နိုးကြားထက်မြက်နေချင်သူ၊ ဘာမဆို မဖြစ်ဖြစ်အောင် လုပ်ချင်သူ၊ အလိုရှိသမျှ ဆောင်ကြဉ်းပေးနိုင်စွမ်းရှိသူ ဖြစ်လိုပါက ထိုသူအဖို့ မိမိ၏ စိတ်ဓာတ်ကို မိမိ ထိန်းသိမ်းနိုင်ဖို့၊ မွေးမြူစောင့်ရှောက်ဖို့ လိုအပ်လှပါသည်။

မိမိ၏စိတ်ဓာတ်ကို ရင့်ကျက်သည်ထက် ရင့်ကျက်အောင်၊ မြင့်မားသည်ထက် မြင့်မားအောင် လုပ်ဆောင်နိုင်သူအဖို့ ဘဝအနေမြင့်ဖို့လည်း မခဲယဉ်း၊ ဘဝအခြေအနေတင့်ဖို့လည်း မခဲယဉ်းပေ။ ထိုသို့မဟုတ်မူဘဲ မိမိ၏စိတ်ဓာတ်ကို ယိုင်နဲ့သည်ထက် ယိုင်နဲ့အောင်၊ ကျဆင်းသည်ထက် ကျဆင်းအောင် လုပ်ဆောင်နေသူအဖို့ရာကား ဘဝအခြေအနေယိုယွင်း ဘဝအခြေအနေ ပြိုဆင်းမည်ကား မြေကြီးလက်ခတ်မလွဲပါပေ။

www.burmeseclassic.com


အောင်မြင်မှုကို ဘယ်သူတွေ ပိုင်ဆိုင်နေကြလေသနည်း။

ထိုပိုင်ဆိုင်သူတို့ကား စိတ်ဓာတ်ရင့်ကျက်သူ၊ စိတ်ဓာတ်မြင့်မားသူတို့ ဖြစ်ကြပေသည်။ စိတ်ဓာတ်ယိမ်းယိုင် ကျဆင်းနေသူများအဖို့ရာကား ဆုံးရှုံးမှုနှင့်သာ တွေ့ကြုံရမည် မြေကြီးလက်ခတ် မလွဲတည်း။

စင်စစ် စိတ်ဓာတ်ကျဆင်းနေသူအဖို့–

"သည်အလုပ်ကတော့… ငါနဲ့ဖြစ်လိမ့်မယ် မထင်ပါဘူးကွာ။ လုပ်လည်း ကွဲမှာ သေချာပါတယ်"

ဟူ၍ အလုပ်ပင် အကောင်အထည် မဖော်ရသေး။ အားငယ်မှု သရုပ်ကို ဆောင်းထားနှင့်ပြီ ဖြစ်သည်။ (ဤသို့ အောင်မြင်မှုကင်းမဲ့ရခြင်း၏ အကြောင်းရင်းတစ်ရပ်အနေဖြင့် မိမိကိုယ်ကို အသားလွတ် စိတ်ကြီးဝင်နေတာမျိုးလည်း ရှိတတ်ပါသည်။ ထိုသူများမှာ 'ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကိုတဲ့ဖြိုမယ့်ကြံ ခါးကမသန်' ဆိုတာမျိုးပင် ဖြစ်ပေလိမ့်မည်)။

စိတ်ဓာတ်ယိမ်းယိုင် ကျဆင်းနေသူအဖို့ လိုချင်သည်ကို ရအောင် ကြိုးပမ်းချင်စိတ်မရှိတော့ဘဲ အလွယ်လမ်းကိုသာလိုက်၍ ရသမျှနှင့် တင်းတိမ်ရသောဘဝသို့ ရောက်သွားစမြဲပင်။ စိတ်ကြီးဝင်နေသူကလည်း ကိုယ့်အရည်အသွေးနှင့် ထိုက်တန်ခြင်းရှိမရှိ စဉ်းစားဆင်ခြင်ဉာဏ်ကင်းလျက် လုပ်သင့် မလုပ်သင့် အပ်စပ် မအပ်စပ် ဝင်ရောက်လုပ်မိရာမှ ဘဝပျက်ကိန်းနှင့် ကြုံတွေ့သွားရသည့် သာဓကတွေ များစွာရှိပါသည်။

လူတိုင်းတွင် စိတ်ကိုယ်စီရှိကြ၏။

www.burmeseclassic.com



ထိုစိတ်သည် အောင်စိတ်လည်းဖြစ်နိုင်၏။ ရှုံးစိတ်လည်း ဖြစ်နိုင်၏။ အောင်စိတ်၊ ရှုံးစိတ်တို့ ဖြစ်ပေါ်အောင် လုပ်ဆောင်သူမှာလည်း စိတ်ပိုင်ရှင် လူပဲဖြစ်၏။ 'လှိုင်းကြီးလျှင် လှေအောက်၊ တောင်ကြီးလျှင် ဖဝါးအောက်၊ ငုပ်မိုးသဲတိုင် တက်နိုင်ဖျားရောက်' ဆိုသူများ။ 'ကောင်းကင်တစ်မွှတ် ကြယ်ကိုဆွတ်က မလွတ် စတမ်း ရမြဲလမ်းတည့်' ဆိုသူများမှာ အောင်စိတ်ပိုင်ရှင်များ ဖြစ်ကြ၏။

လူ့လောက နယ်ပယ်အသီးသီး၌ အောင်စိတ်ပိုင်ရှင်များ သာလျှင် အထွတ်အထိပ်သို့ ရောက်ရှိကြကုန်၏။

သို့ဖြစ်၍-

အထွတ်အထိပ်သို့ ရောက်လိုသူတိုင်း...

အောင်မြင်မှုသရဖူ ဆောင်းလိုသူတိုင်း...

စိတ်ဓာတ် နိမ့်ကျစေရန် နိမ့်ချမှု မပြုရပေ။

အောင်စိတ်ထွန်းကားစေမည့် စာပေတွေကို လေ့လာဖတ်ရှုဖို့လိုပေမည်။ လုပ်သင့်၊ မလုပ်သင့်ကို ခွဲခြားတတ်ရမည်။ အမှားအမှန်ကို သိနားလည်ရမည်။ အကျိုးနှင့်အပြစ်ကို သုံးသပ်တတ်ရမည်။ စိတ်ဓာတ်ကို အမြဲတမ်း မြှင့်တင်နေရမည်။

သို့ဆိုလျှင်-

အောင်စိတ်တို့ ညွှန့်ညှောက်ရှင်သန်လာကာ အောင်မြင်မှုပန်းတိုင်ရှိရာသို့... 'ပုံမဝေးဘု... ရောက်လုပါပြီ' ဟု ဆိုချင်ပါသတည်း။

◆ ◆ ◆

www.burmeseclassic.com

## စနစ်ကျဖို့လိုသည်

"ငါးပိဖုတ်တာတောင်မှ ဆရာ မပြရင် နည်းမကျဘူး"

မကြာခဏ ကြားဖူးနေသည့် နားရည်ဝသော စကားကလေး။

ဘာပဲလုပ်လုပ်၊ ဘာပဲကိုင်ကိုင် နည်းစနစ်ဆိုတာ ရှိရသည်။ အိမ်ဆောက်သည့် လက်သမားမှာလည်း နည်းစနစ်ရှိသည်။

အသိဉာဏ်ရှိလှပါသည်ဆိုသော လူကို မဆိုထားဘိ။

အပတိတ်တိရစ္ဆာန် သတ္တဝါများသော်မှ နည်းစနစ်ဆိုတာ ရှိသည်။ ငှက်ကလေးတွေ အသိုက်ဆောက်ကြသည်။ ပျားကလေးတွေ ပျားအုံစုကြသည်။ ခြကလေးတွေ တောင်ပို့ဖို့ကြသည်။ အဲသည်မှာလည်း သူတို့နည်း သူတို့နာနှင့် စနစ်ကလေးတွေ ရှိကြသည်မဟုတ်ပါလား။

စိုက်ပျိုးရေးလုပ်ငန်းတွေမှာလည်း နည်းစနစ်ဆိုသည်ရှိ၏။ ပြီးတော့ စည်းစနစ်ရှိသည်။ မိုးလွန်မှ ထွန်ချနေ၍တော့ မည်သို့မျှ အောင်မြင်မှုရလိမ့်မည် မဟုတ်ပေ။

အောင်မြင်မှု ရရှိနေသူတို့ကို လေ့လာကြည့်ပါ။

သူတို့မှာ နည်းစနစ်တွေ၊ စည်းစနစ်တွေ ရှိနေကြသည်။

www.burmeseclassic.com



အဲသည်နည်းစနစ်တွေ၊ စည်းစနစ်တွေကပဲ သူတို့ကို အထွတ်အထိပ်သို့ ပို့ဆောင်ပေးလိုက်ကြသည်။ သူတို့သည် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးကို တန်ဖိုးရှိစွာ ကြံစည်လုပ်ကိုင် ပြောဆို ဆောင်ရွက်နေကြသည်။

ပြီးတော့ ... အချိန်၏ တန်ဖိုးကိုလည်း နားလည်နေကြသည်။

သည်တော့ အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်လိုကြပါက တန်ဖိုးရှိစွာ နေထိုင်၊ စားသောက်၊ ဝတ်ဆင်၊ ပြောဆို လုပ်ကိုင်တတ်ဖို့ အရေးကြီး၏။

ဘဝကိုလည်း စည်းစနစ်ကျစွာ ဖြတ်သန်းတတ်ဖို့လည်း လိုသည်။

ငယ်စဉ်အခါ ပညာရှာရသည်။ အရွယ်ရောက်လာသောအခါ ဥစ္စာပစ္စည်းတို့ကို ရှာဖွေရသည်။ အရွယ်လွန်သောအခါ တရားဘာဝနာတို့ကို ပွားများအားထုတ်ရသည်။

မိမိ စည်းစနစ်တကျ လုပ်ဆောင်သော အလုပ်တစ်ခုသည် မည်သူမည်ဝါ တစ်ဦးတစ်ယောက်ကိုမျှ အနှောင့်အယှက် မဖြစ်စေသင့်၊ ထိခိုက်နစ်နာမှု မရှိစေသင့်။ ထိုသို့မဟုတ်ပါက အားလုံး၏ရန်သူ၊ လောက၏အမှိုက် ဖြစ်သွားပေလိမ့်မည်။

ဘဝမှာ အခြေခံအုတ်မြစ်ဟူသည် ရှိ၏။

အခြေခံအုတ်မြစ် တည်တံ့ကောင်းမွန်ပါမှသာ အောင်မြင်မှုအထွတ်ဟု ဆိုအပ်သည့် အပေါ်ထပ် အဆောက်အအုံကို ဆောက်လုပ်နိုင်ပေလိမ့်မည်။

www.burmeseclassic.com



မြန်မာ့သမိုင်းရာဇဝင်ကို ပြန်ပြောင်း တိမ်းငဲ့ကြည့်လျှင် ဖိုးရာဇာသည် သာမာန်လယ်သမားကလေးမျှသာ ဖြစ်သည်။ သူသည် အောင်မြင်မှုအထွတ်အထိပ်ကို ရောက်လိုသူဖြစ်၏။ သူ၌ ရည်မှန်းချက်ရှိ၏။ ရည်မှန်းထားသည့်အတိုင်း ပေါက်မြောက် အောင်မြင်ဖို့ရာအတွက် နည်းစနစ်တွေ၊ စည်းစနစ်တွေ အခြေခံရတော့သည်။

ပညာရှိကြီးဖြစ်ဖို့ရာအတွက် စာပေတို့ကို အပတ်တကုတ် လေ့လာရတော့သည်။ သည့်အတွက် လုံ့လ အားထုတ်ရတော့၏။ သည့်အတွက်ကြောင့်ပင် သူရည်မှန်းရာ ပညာရှိ ဝန်ဇင်းမင်းရာဇာ ဖြစ်လာခဲ့ရသည်။

ကောက်နေသော သစ်တစ်ချောင်းအား ဖြောင့်တန်းလာဖို့ရာ သစ်ကိုရွေခြင်း၌ နည်းစနစ်ရှိ၏။ စည်းစနစ်ရှိ၏။ ထိုသို့ နည်းစနစ်မသိ၊ စည်းစနစ် မရှိသူအဖို့ အဘယ်မှာလျှင် သစ်ကို ရွေနိုင်ပါမည်နည်း။ ယုတ်စွအဆုံး ခွေးမြီးကောက်ကို ဖြောင့်ဖို့ရာအတွက် နည်းစနစ်တစ်ရပ်ဖြစ်သော ကျည်တောက်ကို စွပ်ပေးရသေး၏။

သည်တော့...

နည်းစနစ်လည်း သိဖို့လိုသည်။

စည်းစနစ်လည်း ရှိဖို့လိုသည်။

သို့မှသာလျှင် အောင်မြင်မှု လှေခါးထစ်များအပေါ် တက်လှမ်းသွားနိုင်ပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အောင်စိတ်ဓာတ်ကို မွေးမြူပါ

အောင်မြင်ကြီးပွားလိုသူအတွက် အရေးကြီးဆုံးအချက်မှာ အောင်စိတ်ဓာတ်ကို မွေးမြူခြင်းပင် ဖြစ်ပေသည်။ အောင်မြင်ကြီးပွားနေကြသူ မှန်သမျှမှာလည်း အောင်စိတ်ဓာတ်ပိုင်ရှင်များ ဖြစ်ကြပေသည်။

မည်သူမည်ဝါကို မဆို 'အောင်မြင်ကြီးပွားတိုးတက်လိုပါသလား' ဟူ၍ မေးကြည့်ပါ။ လူအတော်များများပင်–

"အောင်မြင်ချင် ကြီးပွားတိုးတက်ချင်တာပေါ့"

ဟူ၍ အဖြေပေးကြမှာ သေချာသည်။

သို့ရာတွင် ထိုအဖြေပေးကြသောလူတိုင်း အောင်မြင်ကြီးပွားတိုးတက်ကြပါသလော။ မအောင်မြင်ကြပါ။ မကြီးပွားကြပါ။ မတိုးတက်ကြပါ။

သို့ဆိုလျှင် မအောင်မြင်ခြင်း၊ မကြီးပွားခြင်း၊ မတိုးတက်ခြင်းမှာ အဘယ်ကြောင့်ပါနည်း။

အဖြေကား... ရှင်းရှင်းကလေး။

www.burmeseclassic.com



အောင်စိတ်ဓာတ် မွေးမြူခြင်း မရှိသောကြောင့်ဟု ဖြေဆိုရပေလိမ့်မည်။

ဤတွင် စိတ်ဓာတ်နှင့်အတူ လုပ်ရပ်ကုပါ ယှဉ်တွဲ ဆက်စပ်လာတော့၏။ စိတ်ဓာတ်သည် ရှေ့မှဦးဆောင်၍ လုပ်ရပ်သည် နောက်မှ ယှဉ်တွဲကပ်ပါလာ၏။

'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်' ဟူသော စကားဖြစ်၏။ လောကီနှင့်သော်လည်းကောင်း၊ လောကုတ္တရာနှင့်သော်လည်းကောင်း ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့်ပင် ကြိုးစားက ဘုရားဖြစ်နိုင်၏' ဟူ၍ ပေါ်ထွက်လာခဲ့သည် မဟုတ်လား။

ဤနှင့် 'ဖြစ်ချင်တာလည်း မဖြစ်ရပါ။ မဖြစ်ချင်တာလည်း ဖြစ်ရတာ' ဟူ၍လည်း စကားရှိပြန်၏။ တကယ်ဖြစ်ချင်သူအဖို့ ဤစကားကို နားဝင်ဖို့ မလိုပေ။ လူ့၌ ဉာဏ်၊ ဝီရိယဟူ၍ ရှိ၏။ လူတိုင်း ကံစီမံရာကို ခံရသည်ဟု ဆိုကြသည်။ ကံသည် အလုပ်ပင်ဖြစ်၍ ကောင်းသောအလုပ်ကိုလုပ်ပါက ကောင်းသော အကျိုးရလဒ်ကို ခံစားရမည်သာ ဖြစ်၏။ ကံမကောင်း အကြောင်းမလှစေကာမူ ဉာဏ်စွမ်း၊ ဝီရိယစွမ်း၏ အကျိုးကိုမူ ခံစားရမည်သာ ဖြစ်ပေ၏။

အမှန်တကယ် အောင်မြင်ချင်သောသူသည် လိုချင်သည်ကို ရအောင်ယူတတ်ပေ၏။ အလိုရှိအပ်သမျှ မရ ရအောင် ယူမည် ဆိုသော စိတ်ဓာတ်သည်ပင်လျှင် အောင်ရာအောင်ကြောင်း၊ အောင်မြင်ကြောင်းအတွက် အောင်စိတ်ဓာတ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com



အောင်စိတ်ဓာတ်တော့ရှိပါပြီ။ သို့ရာတွင် အဆိုပါ အောင်စိတ်ဓာတ်ကို အကောင်အထည် မဖော်ပြန်ပါလျှင်လည်း အောင်မြင်တိုးတက် ကြီးပွားလိမ့်မည် မဟုတ်ပေ။ အမှန်တကယ် အောင်မြင်လိုသူအဖို့ အောင်စိတ်ဓာတ်လည်း ရှိရမည်။ အကောင်အထည်ဖော်ဆောင်မည့် လုပ်ရပ်လည်း ရှိရပေမည်။

ခရုငယ်လေးတစ်ကောင်အဖို့ အောက်ခြေရင်းမှ တိုင်ထိပ်အထိ ရောက်အောင်တက်မည်ဆိုခြင်းမှာ ၎င်းအတွက် အောင်စိတ်ဓာတ်ဖြစ်ပေ၏။ မရောက်ရောက်အောင် တရွေ့ရွေ့တက်ခြင်း၊ တက်နေရာမှ ပြုတ်ကျသော်လည်း မဖြစ်မနေ ပြန်လည်၍ တက်ခြင်းသည် လုပ်ရပ်ဖြစ်ပေသည်။ အောင်စိတ်ဓာတ်နှင့် လုပ်ရပ်တို့ အညီအမျှ ပေါင်းစပ်လိုက်လေသောအခါဝယ် အောင်မြင်မှု ပန်းတိုင်ရှိရာသို့ ရောက်စမြဲ ဖြစ်ပေသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဆောင်ဆန်း အဖို့ မြန်မာပြည်လွတ်လပ်ရေးကို မရရအောင် ယူမည်ဟု သံန္နိဋ္ဌာန်ချမှတ်ထားခြင်းမှာ အောင်စိတ်ဓာတ်ဖြစ်ပြီး၊ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားတစ်ရပ်လုံး စည်းလုံးလျက် လွတ်လပ်ရေး ခရီးစဉ်ကို လက်တွဲခေါ်ဆောင်နိုင်ခြင်းမှာ လုပ်ရပ်ဖြစ်ပေသည်။

သည့်အတွက် အောင်မြင်မှု၏ အခြေခံဖြစ်သော အောင်စိတ်ဓာတ်ကို ကြီးမားတိုးတက်အောင်မြင်လိုသူတိုင်း မဖြစ်မနေ မွေးမြူထားသင့်ပေသည်။

◆◆◆

www.burmeseclassic.com

## မိမိအလုပ်ကို မိမိတန်ဖိုးထားပါ

လူ့ဘဝ ရလာပြီဆိုကတည်းက စားသောက်မှုအတွက်၊ ဝတ်ဆင်မှုအတွက်၊ နေထိုင်မှုအတွက် အလုပ်တစ်ခုခုကို မဖြစ်မနေ လုပ်ကိုင်ရပါလိမ့်မည်။

ဤတွင် အချို့ကလည်း ဝါသနာပါသည့်အလုပ်ကို လုပ်ခွင့်ရသည်။ အချို့ကလည်း ဝါသနာမပါသည့်အလုပ်ကို လုပ်နေကြရသည်။ မည်သို့ပင် ဖြစ်စေကာမူ မည်သည့်အလုပ်ကိုလုပ်လုပ်၊ မိမိလုပ်နေသောအလုပ်ကို မိမိတန်ဖိုးထားဖို့ လိုသည်။ သို့မှလည်း မိမိအလုပ်က မိမိအပေါ် ပြန်လည်တန်ဖိုးထားတတ်လာပါလိမ့်မည်။

ဥပမာအားဖြင့် ထီးပြင်သည့်အလုပ်ကို လုပ်ရသည်ဆိုပါစို့။ မိမိ၌ ကိရိယာတန်ဆာပလာများ၊ လိုအပ်သည့် အပိုပစ္စည်းများကို ပြည့်စုံစွာထားရှိဖို့ လိုသကဲ့သို့ ထီးပြင်သည့်အတတ်ပညာကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ထားဖို့ လိုပေလိမ့်မည်။

www.burmeseclassic.com



မိုးတွင်းရောက်သည့်ကာလ၌ ထီးမကောင်းလျှင်၊ အင်္ဂါရပ်တစ်ခုခု ချို့ယွင်းလျှင် ထီးပိုင်ရှင်တို့အဖို့ မိမိ၏ထီးကို ပြင်ပေးရန်အတွက် ထီးပြင်သူထံ အပ်နှံကြစမြဲပင်။ ထိုသို့ အပ်နှံကြသူများအနက် သာမန်လက်လုပ်လက်စားများလည်းပါသလို ငွေကြေး ပြည့်စုံသူများ၊ ခေတ်ပညာတတ် အသိုင်းအဝိုင်းများလည်းပါပေသည်။ သူတို့ ထီးပြင်ဆရာထံလာကြခြင်းမှာ ထီးပြင်ဆရာ၏ အတတ်ပညာကို အသိအမှတ်ပြု၍ လာကြခြင်းပဲ ဖြစ်သည်။

ထို့အတူ ကုန်ထမ်းသမားမှာလည်း ကုန်မထမ်းနိုင်သူတို့အား ကုန်ထမ်းပေးနိုင်သည့်တန်ဖိုးတစ်ခု ရှိနေပေသည်။ အလားတူပင် ဆိုက်ကားသမား၊ အမှိုက်လှည်းသမား၊ မိလ္လာအလုပ်သမား စသဖြင့် အလုပ်သမားလူတန်းစား အလွှာအသီးသီးမှာလည်း သူ့တန်ဖိုးနှင့်သူ ရှိနေကြပေသည်။

ဤ၌ လူအတော်များများ၏ သဘာဝမှာ ဆိုက်ကားသမား၊ သန့်ရှင်းရေးသမား၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်၊ ကုန်ထမ်းသမား၊ ရေစည်တွန်းသူ၊ အနှိပ်သည်၊ ထီးပြင်၊ ဓာတ်မီးပြင်သမား အစရှိသူတို့အား အောက်ခြေအလုပ်လုပ်နေသူများဟူ၍ ဂုဏ်မရှိဟုဆိုကာ အထင်အမြင်သေးတတ်ကြပေ၏။ ထိုထိုသောသူတွေ မည်ရွေ့မည်မျှပင် အထင်သေးပါစေ၊ ကိုယ့်အတွက် ဘာမျှ ပွန်းပဲ့မသွားနိုင်ပါ။ ထိုလူတွေ၊ အခြားလူတွေ အထင်သေးသည်ထက် မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိလုပ်ကိုင်နေသောအလုပ်ကိုလည်းကောင်း တန်ဖိုးထားရကောင်းမှန်း မသိ

www.burmeseclassic.com



ဘဲ အထင်သေးခြင်းကသာလျှင် ပွန်းပဲ့သွားရုံမက ဘဝတစ်ခုလုံး ပျက်သွား၊ ပျောက်သွားတတ်ပေသည်။

ပမာအားဖြင့် ...

"ငါဟာ... လမ်းဘေးမှာ ရောင်းချရတဲ့ ပုံကျဈေးသည်ပဲ။ ဘယ်သူကမှလည်း အထင်ကြီးကြမှာမှ မဟုတ်တာ"

ဟူ၍ ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးမထား၊ ကိုယ့်အလုပ်ကိုလည်း တန်ဖိုးမထားဘဲ ဖြစ်သလိုဝတ်စား၊ သပ်သပ်ရပ်ရပ် မရှိ။ ဈေးဗန်းခင်းတော့လည်း ကြည့်ကောင်း ရှုကောင်းအောင် လုပ်မထားဘူးဆိုလျှင် ဈေးဝယ်မည့်သူတွေကလည်း တန်ဖိုးထားကြလိမ့်မည်မဟုတ်။ အထင်တောင် သေးသွားလိမ့်မှာ သေချာပါသည်။

စင်စစ် ဈေးရောင်းခြင်းသည် သာမညကိစ္စ မဟုတ်ပေ။

ယနေ့ ကမ္ဘာနှင့်အဝှမ်း ချမ်းသာနေကြသော ကုမ္ပဏီများသည် အခြေခံအားဖြင့် ဈေးသည်များသာ ဖြစ်ပေသည်။

ကုန်ပစ္စည်းများကို မဝယ်ချင်ဝယ်ချင်အောင် လှပသေသပ်စွာ စီစဉ်ထားသည်။ အရောင်းဝန်ထမ်း၊ အကြိုဝန်ထမ်းတွေကိုလည်း သန့်ရှင်းသပ်ရပ်လှပစွာ ဝတ်စားဆင်ယင်စေသည်။ ဈေးခေါ်၊ ဈေးရောင်းနည်းတို့ကို ကျွမ်းကျင်စေရန်အတွက် သင်တန်းများ ပေးထားသည်။ စင်စစ် ထိုကုမ္ပဏီများသည် အခြေခံအားဖြင့် ဈေးရောင်းခြင်းဖြစ်လင့်ကစား မိမိတို့အလုပ်ကို မိမိတန်ဖိုးထားကြသည်။ မိမိတို့ ရောင်းချသည့် ပစ္စည်းများကိုလည်း စံချိန်မီ အရည်အသွေး ပြည့်ဝစေရန် ကြိုးစားထားသည်။ သည့်အတွက်

www.burmeseclassic.com



ဈေးဝယ်သူများကလည်း တန်ဖိုးထားအသိအမှတ်ပြုကာ ဝယ်ယူအားပေးကြ၏။ သည့်အတွက်ကြောင့်လည်း အောင်မြင်မှု အနေအထားမှာ ထိပ်တန်းသို့ ရောက်ရှိနေကြခြင်း ဖြစ်ပေ၏။

သို့ဖြစ်၍ မိမိကိုယ်မိမိ၊ မိမိအလုပ်ကိုမိမိ တန်ဖိုးထားတတ်ရန် အရေးကြီးလှပေတော့၏။

✦ ✦ ✦

www.burmeseclassic.com

## ပညာရေး၏ အခန်းကဏ္ဍ

မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော မျက်မှောက် (၂၁) ရာစုသည် ပညာခေတ်ဟု ဆိုရမည်။ အိုင်တီ နည်းပညာတွေကလည်း များမှများ၊ အမီမလိုက်နိုင်လို့ကတော့ နောက်ကျ ကျန်ရစ်မှာ သေချာသည်။

မည်သည့် အခန်းကဏ္ဍ၊ မည်သည့်ကိစ္စမဆို ပညာကို အခြေခံရသည်သာ ဖြစ်၏။ ပညာအခြေပြု လူ့အဖွဲ့အစည်း၊ ပညာအခြေပြု စီးပွားရေးအဖွဲ့အစည်း စသဖြင့် ပညာနှင့် လွတ်ကင်းသည်ဟူ၍ မရှိ။ ပညာတိုးတက်ထွန်ကားသောနိုင်ငံသည် အကျယ်အဝန်း နယ်နိမိတ်ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်နေမှာ သေချာသည်။ ပညာနုံနဲ့ နည်းပါးသောနိုင်ငံဆိုပါမူ နောက်ကျန်နေမည်မှာ အသေအချာ။

မိမိတို့ အိမ်နီးချင်းနိုင်ငံဖြစ်သော စင်္ကာပူဆိုလျှင် လွန်စွာမှ တိုးတက်ဖွံ့ဖြိုးလျက် ရှိသည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်ရခြင်း

www.burmeseclassic.com



မှာ ပညာတိုးတက်ထွန်းကားသောကြောင့် ဖြစ်သည်။ စင်္ကာပူနိုင်ငံကဲ့သို့ တိုးတက်ထွန်းကားလိုလျှင် မိမိတို့အဖို့ ပညာကို မြှင့်မှ ဖြစ်မည်။ သည်အသိရှိထားပါက အဘယ်မှာလျှင် အားငယ်စရာ လိုပါလိမ့်မည်နည်း။ ရှေ့ကတိုးတက်ပြီးသော နိုင်ငံများအဖို့ သူတို့နိုင်ငံကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ခဲ့ရာတွင် အမှားအယွင်းအချို့ ရှိခဲ့ကြသည်။ ထိုအမှားများကို မိမိတို့ ရှောင်ကွင်းရပေမည်။

မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးရခြင်းမှာ ပညာ၏ အခန်းကဏ္ဍ မှေးမှိန်ခဲ့ရသောကြောင့်ဟု ဆိုရမည်။ သည့်အတွက် ဆရာ ဆရာမတို့၏ အခန်းကဏ္ဍသည် အရေးပါလာခဲ့ပေပြီ။ ဆရာ မပြုက ငါးပိဖုတ်သည်ပင် နည်းမကျဟူသော စကားကလေးရှိ၏။ သည်တော့ ဆရာ ဆရာမတို့၏ အခန်းကဏ္ဍသည် အတော်ပင် တာဝန်ပိုကြီးလာခဲ့သည်။ ဆရာ ဆရာမတို့မှာလည်း အရည်အချင်းပြည့်ဝဖို့လိုလိမ့်မည်။ သို့မှသာ ဆရာဆရာမတို့ မွေးထုတ်ပေးလိုက်သော တပည့်တို့၏ အရည်အသွေးမှာ ပြည့်ဝ ပါလိမ့်မည်။

ဆရာ ဆရာမ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အဖြစ်အပျက်ကလေးတစ်ခုကို တင်ပြချင်ပါသည်။

အမေရိကန်နိုင်ငံရှိ ပြည်နယ်တစ်ခု၌ ပါမောက္ခတစ်ဦးသည် သူ့ကျောင်းမှ ဘွဲ့ရ ပညာတတ်တို့အား...

"တပည့်တို့... တို့ပြည်နယ်အတွင်းမှာရှိတဲ့ အခြေအနေမဲ့ ပျံကျရပ်ကွက်တစ်ခုကို သွားပါ။ အဲသည်မှာ

www.burmeseclassic.com



အသက် ၁၂ နှစ်က ၁၆ နှစ်အတွင်းရှိကြတဲ့... ယောကျ်ားလေး၊ မိန်းကလေး ဦးရေ (၂၀၀) လောက် စုဆောင်းပြီး သူတို့ရဲ့ နောက်ခံပတ်ဝန်းကျင်ကြောင့် အနာဂတ်မှာ ဘာဖြစ်နိုင်မလဲဆိုတာ စာရင်းတစ်ခုကောက်ယူပြီး ခန့်မှန်းအဖြေထုတ်ခဲ့ကြပါ”

ဟူ၍ တာဝန်ပေးလိုက်သည်။ သည့်အတွက် တပည့်တို့လည်း အခြေအနေမဲ့ ပျံကျရပ်ကွက်ကလေးရှိရာကို သွားပြီး စစ်တမ်းကောက်ယူကြသည်။ ခန့်မှန်း အဖြေထုတ်ကြသည်။ အဲသည်မှာ အများစုက–

“သည်ပုတ်ထဲကလေးမှတော့ သည်ပဲပဲ ဖြစ်ရမှာပေါ့။ အခြေအနေမဲ့ ပျံကျ၊ ကလေကချေရပ်ကွက်ထဲမှာ ကြီးပြင်းလာကြရမယ့် အဲသည်အရွယ် လူငယ်ယောကျ်ားလေး၊ မိန်းမလေးတွေဆိုတာ ကလေကချေတွေပဲ ဖြစ်လာကြလိမ့်မယ်။ နောင်အနာဂတ်မှာ ဆိုးသွမ်းတဲ့ သူတွေပဲ ဖြစ်လာကြပါလိမ့်မယ် ပါမောက္ခကြီး”

ဟူ၍ အဖြေထုတ်ခဲ့ကြသည်။

သို့ဖြင့် အနှစ် ၂၀ ကာလသို့ ရောက်ရှိလာခဲ့သည်။

ဤတွင် ပါမောက္ခကြီးလည်း သူ၏တပည့်များကို **အဆိုပါ** အခြေအနေမဲ့၊ ပျံကျကလေကချေ ရပ်ကွက်သို့ ပြန်သွားခိုင်းပြီး အရင်က စာရင်းကောက်ယူခဲ့သည့် လူငယ် ၂၀၀ တို့၏ **အခြေ** အနေမှာ မည်သို့မည်ပုံ ဆိုက်ရောက်နေသည်ကို စုံစမ်းခိုင်းလိုက်သည်။

www.burmeseclassic.com



တပည့်တို့လည်း ပျံကျရပ်ကွက်သို့ ပြန်လည်ရောက်ရှိသွားကြသည်။

ဤတွင် ၎င်းတို့ စာရင်းကောက်ယူခဲ့ကြသည့် လူငယ် ၂၀၀ တို့ကို အကုန်အစင် မတွေ့ရတော့။ လူငယ် ၁၅၀ လောက်ကိုသာ တွေ့ကြရတော့သည်။ ဤတွင် အံ့သြဖွယ်ကောင်းလောက်အောင် ဖြစ်သွားသည်။ အကြောင်းမူ ၎င်းတို့ ကောက်ချက်ချထားသည့်အတိုင်းဖြစ်မလာဘဲ လူငယ်လေးယောက်သာ ဆိုးသွမ်းမှု ဖြင့် ထောင်ကျပြီး ကျန်သည့်လူငယ်များမှာမူ ဆိုးဆိုးရွားရွားဘာမှမဖြစ်ဘဲ သူ့နေရာနှင့်သူ အဆင်ပြေပြေ ရပ်တည်နေနိုင်သည်ကို တွေ့ကြရသည်။ သည်အကြောင်းကို ပြန်လည်တင်ပြတော့ ပါမောက္ခကြီးလည်း အံ့အားတသင့် ဖြစ်သွားခဲ့ရသည်။ အကြောင်းရင်းကို စုံစမ်းလိုက်သောအခါ ဆရာမတစ်ယောက်ကြောင့်ဟု ကြားသိရ၏။ ဤတွင် စာရင်းကောက်ခဲ့သော လူငယ်အရေအတွက် အားလုံးအနက် ၇၅ % မှာ ထိုဆရာမ၏ တပည့်များ ဖြစ်ခဲ့ဖူးသည်ဟု ဆို၏။

ပါမောက္ခကြီးလည်း မနေသာတော့။

တပည့်အပေါင်းတို့ကို ခေါ်လျက် ချက်ချင်းဆိုသလိုပင် အဆိုပါ အခြေအနေမဲ့၊ ပျံကျ၊ ကလေကချေ ရပ်ကွက်သို့သွားကာ ဆရာမဆိုသူနှင့် တွေ့ဆုံလေ၏။ ထိုအချိန်ဝယ် အဆိုပါဆရာမမှာ အငြိမ်းစားယူထားပြီ ဖြစ်၏။ ဆရာမနှင့် တွေ့လေသော် သုတေသနလုပ်ထားသော ပါမောက္ခကြီးက–

"ဆရာမ ခင်ဗျား... ဒီလိုမျိုး အခြေအနေမဲ့၊ ပျံကျ

www.burmeseclassic.com



ကလေးကချေ ရုပ်ကွက်က ကလေးတွေကို ဘယ်လိုများ ဆိုဆုံးမ၊ ပဲ့ပြင်ပါသလဲ။ အဲသည်ကလေးတွေနဲ့ တွေ့တော့ သူတို့က ဆရာမကို သိပ်အမှတ်ရ၊ သတိရတဲ့အကြောင်း ပြောကြပါတယ်။ အဲဒါ.... ဘာဖြစ်လို့ပါလဲ ဆရာမ" ဟူ၍ မေးခွန်းထုတ်လိုက်သည်။

ဆရာမသည် ရုတ်တရက် မဖြေနိုင်။ တဖြည်းဖြည်းချင်း စဉ်းစားရင်း အတိတ်ကို လွမ်းမောနေဟန်တူသည်။ အတန်ကြာမှ မျက်ရည်ကလေး သီသီဝဲရင်း ပါမောက္ခကြီးအား တစ်လုံးချင်း အဖြေပေးလိုက်သည်။

"ကျွန်မ ကလေးတွေကို ချစ်တယ်။ အဲသည် အချစ်နဲ့ပဲ ဆုံးမပဲ့ပြင်ပြီး စာတတ်အောင်၊ ပညာတတ်အောင် သင်ပေးခဲ့ပါတယ်ရှင်"

သည်အဖြေစကားက ခေါက်ရိုးကျိုးနေသော လမ်းကို တစ်မျိုးတစ်ဖုံ ဖြစ်သွားစေခဲ့လေပြီ။

ဆရာ ဆရာမဟူသည် တပည့်ကို ချစ်ရမည်။

သည်အချစ်ဖြင့် စာတွေတတ်အောင်၊ ပညာတွေတတ်အောင် သင်ပေးမည်။ တပည့်ကလည်း ဆရာ ဆရာမ၏ မေတ္တာကို သဘောပေါက်ကာ စာတတ်အောင်၊ ပညာတတ်အောင် သင်မည်။ သည်လို စာတတ်၊ ပေတတ် ဖြစ်လာခြင်းကပင် ဆိုးသွမ်းမှုတို့ ပပျောက်ပြီး ပတ်ဝန်းကျင်လောကအလယ်၌ တင့်တောင်းတင့်တယ် ဖြစ်လာခဲ့ရသည်။

www.burmeseclassic.com



ပညာဟူသည် ဘဝကို ပြုပြင်ရာ၌ အကောင်းဆုံး အကူအထောက် ဖြစ်ပေ၏။

✦ ✦ ✦

www.burmeseclassic.com

## ဘဝအတွက် အပေါင်းအသင်း

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ရပ်တည်နေထိုင်၍ မရပေ။

မိသားစုရှိသည်။ လူ့အသိုက်အဝန်းရှိသည်။ ဘဝကြင်ဖော်ရှိသည်။

ကလေးအရွယ်၌ ကစားဖော် အပေါင်းအသင်း ရှိ၏။

ကျောင်းနေစဉ်ကာလ၌လည်း ကျောင်းသွားဖော် အပေါင်းအသင်း ရှိ၏။

စီးပွားရေးနယ်ပယ်၊ လူမှုနယ်ပယ်ထဲ ဝင်ဆံ့လာတော့လည်း အပေါင်းအသင်းဆိုတာ ရှိလာမြဲသည်။

အပေါင်းအသင်းမိတ်ဆွေဆိုသည်မှာ နေရာတိုင်းပင် ရှိ၏။

လူကို မဆိုထားဘိ။

နိုင်ငံတစ်နိုင်ငံဆိုလျှင်လည်း မိမိဘာသာ သီးခြားနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်၍မရ။ အိမ်နီးချင်းနိုင်ငံများ၊ မဟာမိတ်နိုင်ငံများနှင့် မိတ်ဖွဲ့ထားရပေသည်။ မြေနုကျွန်းတို့သည်လည်း ကိုင်း

www.burmeseclassic.com



ပင်တို့ကို အမှီသဟဲ ပြုရ၏။ ကိုင်းပင်တို့မှာလည်း မြစ်ကမ်းကျွန်းကို အမှီသဟဲ ပြုရ၏။ သို့ဖြစ်၍ 'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ' ဆိုသော စကားရပ် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

လူ့လောကဘုံဝေလေ့၌ ကျင်လည်နေရသူတွေပင် မဆိုထားဘိ။ တရားဓမ္မကို လေ့လာလိုက်စားကြသူများတွင်လည်း ဓမ္မမိတ်ဆွေ၊ ဓမ္မအပေါင်းအဖော်တို့ ရှိကြရသည်။

ဤ၌ သူတော်ချင်းချင်း၊ သတင်းလွေ့လွေ့၊ ပေါင်းဖက်မွေ့ ဆိုသော စကားရှိ၏။ ထိုအတူ သာမဏေဏ သာမဏော၊ ဂေါဏေန ဂေါဏော ဆိုသော စကားရပ်လည်း ရှိပြန်၏။ ထိုအခါ တစ်ဦးတစ်ယောက်တည်း ရပ်တည်မနေနိုင်သူအဖို့ မည်သူတို့ကို ပေါင်းဖော်ရပါမည်နည်း။

အောင်မြင်ကြီးပွားတိုးတက်လိုသူအဖို့ အောင်မြင်ကြီးပွားတိုးတက်လိုစိတ် မရှိသော၊ ပျင်းရိမိုက်မဲသော၊ အပျော်ကြူးသော၊ လောင်းကစားခုံမင်သော၊ သေရည်သေရက် ဖက်တွယ်သော၊ ကတိသစ္စာမတည်သော၊ ကိုယ်ကျင့်တရားကင်းမဲ့သောသူတို့နှင့် မပေါင်းသင်းမိဖို့ အထူးပင် လိုအပ်လှပါသည်။

အဘယ့်ကြောင့်ဆိုသော် ကြက်သွန်က ကြက်သွန်ဘာသာ နေက အကောင်းသား။

ငရုတ်သီးနှင့်ပေါင်းပါမှ သူပါရော၍ အထောင်းခံရမည် မဟုတ်ပါလော။

ဘုရားဟော ဇာတ်တော်တစ်ပုဒ်လာ ကျေးနှစ်ကောင် ဇာတ်လမ်းကိုလည်း ကြားဖူး ဖတ်ဖူးကြလိမ့်မည် ထင်သည်။

www.burmeseclassic.com



*ခိုးသားဓားပြတို့ရှိရာ အသိုက်အဝန်းသို့ ရောက်ရှိသွားသော*
ကျေးသားသည် ခိုးသားဓားပြတို့၏ စိတ်ဓာတ်အမူအကျင့်၊ အပြုအမူတို့ လွှမ်းမိုးကာ အပြောအဆို အမူအရာတို့ ကြမ်းတမ်းရိုင်းပြခဲ့၏။ ရသေ့ရဟန်းသူတော်ကောင်းတို့၏ အသိုက်အဝန်း ရောက်ရှိသွားသော ကျေးသားမှာမူ ရသေ့ရဟန်းသူတော်ကောင်းတို့၏ အမူအကျင့်၊ အပြုအမူတို့လွှမ်းမိုးကာ အပြောအဆို အမူအရာတို့ ယဉ်ကျေးသိမ်မွေ့ခဲ့သည် မဟုတ်ပါလော။

အောင်မြင်တိုးတက်ကြီးပွားလိုသူအဖို့ အပေါင်းအသင်းဟူသည် အရေးကြီး၏။

မကောင်းမှုနှင့်မွေ့လျော်နေသူအား အပေါင်းအသင်း မလုပ်မိဖို့ အရေးကြီး၏။

အကြောင်းမူကား မကောင်းမှုနှင့် မွေ့လျော်နေသူအား အပေါင်းအသင်း လုပ်မိပါက ထိုအပေါင်းအသင်း၏ အမူအကျင့်တို့ ကူးစက်ခံရကာ 'ကောင်းမှုများပြုလုပ်ရန် အထစ်အငေါ့ အတားအဆီးများ ဖြစ်သွားတတ်ပါသည်။

ဤ၌ 'ကိုယ်ကောင်းလျှင် ခေါင်းမရွေ့' ဟူသော စကားရှိ၏။ သို့ရာတွင် ထိုစကားသည် စိတ်ဓာတ်ခိုင်မာရင့်ကျက်နေသူအတွက် အကြောင်းမဟုတ်သော်လည်း စိတ်ဓာတ်နုနယ်နေသူအဖို့ရာတွင်မူ ယိုင်နဲ့သွားဖို့ရာ အခြေအနေတွေက အများကြီးဖြစ်ချေ၏။

အောင်စိတ်ကိန်းအောင်းနေသူသည် အောင်မြင်ခြင်း လမ်းကြောင်းကိုသာ ရှေးရှုနေစမြဲ ဖြစ်၏၊ အောင်စိတ်တို့ မွေးမြူ

www.burmeseclassic.com



ခြင်း မရှိသူကား ကြုံရာကျပန်း ဖြစ်ချင်ရာဖြစ် ဘဝကို ရေစုန် မျောကာ 'လူမတန်–ကံပုံချ' မည့်သူများသာ ဖြစ်ချေ၏။

အောင်မြင်ကြီးပွားတိုးတက်လိုသူအဖို့ ထိုသူတို့ကို ရှောင်ကြဉ်ရမည်ဖြစ်၏။

အပေါင်းကြောင့်လည်း ဂုဏ်တက်တတ်၏။

အပေါင်းကြောင့်လည်း ဂုဏ်ပျက်တတ်၏။

သည့်အတွက် မိမိပေါင်းဖော်မည့် အပေါင်းအသင်းသည် ဂုဏ်တက်စေမည့်သူလော၊ ဂုဏ်ပျက်စေမည့်သူလောဟု ခွဲခြားဆန်းစစ်ရပေလိမ့်မည်။

မှန်ကန်သော လမ်းအပိုင်းကို မရွေးတတ်ပါက
ပန်းတိုင် ဝေးသည်ထက် ဝေးလေဦးတော့မည်တကား။
အပေါင်းအသင်းကောင်းကို ရွေးချယ်တတ်ကြပါစေ။

✦ ✦ ✦

www.burmeseclassic.com

## ကိုယ့်ကြောင့် မနစ်နာပါစေနှင့်

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း" ဟူသည့် ပုဂံခေတ် မျက်ဖြေလင်္ကာတစ်ပုဒ် ရှိခဲ့၏။

*တစ်ယောက် ကောင်းစားရေးအတွက် တစ်ယောက်က* ပျက်စီးဆုံးရှုံးရမည်ဆိုလျှင် လောကပါလတရားနှင့် ညီညွတ်ခြင်း မရှိပေ။ ကိုယ်လည်း ကောင်းစားစေ... သူလည်း ကြီးပွားစေ ဆိုလျှင် မည်မျှ ကောင်းလိုက်ပါမည်နည်း။ မည်မျှ ကျက်သရေ ရှိလှပါမည်နည်း။

ဂျပန်တို့ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့စဉ်ကအဖြစ်ကို အားလုံးသိကြမည် ထင်ပါသည်။

နယ်တစ်နယ်၌ လွတ်လပ်ရေးရပြီဆိုကာ လမ်းမပေါ်ထွက်လျက် ဆေးရိုးလှမ်းသည်။ ထိုအခါ လမ်းသွားလမ်းလာတို့ ဒုက္ခရောက်ကြရသည်။ ထိုအဖြစ်ကို ဗိုလ်ချုပ်အောင်ဆန်းက ကဲ့ရဲ့ရှုတ်ချခဲ့သည်။

မည်သည့်အလုပ်ကို လုပ်ဆောင်ပါစေ မိမိအကျိုးဖြစ်ထွန်းမှု

www.burmeseclassic.com



တစ်ခုတည်းနှင့် တစ်ဖက်သားအနှောင့်အယှက်ဖြစ်ရခြင်းအပေါ် ငဲ့ကွက်မှုမရှိခြင်း၊ စာနာထောက်ထားမှုမရှိခြင်းသည် တစ်ကိုယ်ကောင်းသမား၊ ငို့ဘများ၊ ငတေများ၏ လုပ်ရပ်သာဖြစ်ပေသည်။ စာနာငဲ့ညှာမှုကင်းမဲ့သော လုပ်ရပ်သာ ဖြစ်ပေသည်။ မိမိတစ်ဦးတည်း ထမင်းမြိန်ရုက်စွာ စားသောက်ရေးအတွက် ဘေးပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်အောင် ငရုတ်သီးလှော်ခြင်း၊ အိုးကင်းပူတိုက်ခြင်း၊ တူးခါးနေအောင် အညှော်လုပ်ခြင်းတို့သည် လူမပီသသော၊ လူစိတ်ကင်းမဲ့သော၊ အောက်တန်းကျသော သူတို့၏ လုပ်ရပ်သာ ဖြစ်၏။

လူပီသသော၊ လူ့စိတ်ဓာတ်အပြည့်ရှိသော၊ စိတ်ဓာတ်မြင့်မားသော သူတို့သည် ထိုထိုသော အလုပ်တို့ကို မလုပ်ကြပေ။ ငါသာကောင်းစားရေးဟု မှတ်စွဲကာ ငါအကျိုး သက်သက်ကို ချည်း ကြည့်လေ့မရှိကြပေ။ ရှဥ့်လည်း လျှောက်သာပါစေ၊ ပျားလည်း စွဲသာပါစေဟူ၍ ဘက်နှစ်ဖက်မျှကာ လုပ်ဆောင်တတ်သူသာလျှင် အောင်မြင်ခြင်း အစစ်အမှန်ကို ရရှိနိုင်ပေသည်။

အတိတ်ကာလကိုပဲကြည့်ကြည့် ပစ္စုပ္ပန်ကာလကိုပဲ ရှုရှု အမှန်တကယ် အောင်မြင်တိုးတက် ကြီးပွားနေကြသူများသည် သူတစ်ပါးမျက်ရည်ကြီးငယ်ကျမှ ကိုယ်ဝမ်းဝသည့် အဖြစ်ကို လိုလားကြသူများ မဟုတ်ကြပေ။ မိမိကိုယ်တိုင် မျက်ရည်ကျဖူးသည်နှင့်အမျှ သူတစ်ပါး၏ ရှိုက်သံကိုလည်း စာနာနားလည်ခံစားတတ်ကြသူများ ဖြစ်ပေသည်။

ဘယ်သူတွေဘာဖြစ်ဖြစ် ငါကောင်းစားဖို့၊ ငါ့မယားကောင်း

www.burmeseclassic.com



စားဖို့၊ ငါ့မိသားစုကောင်းစားဖို့ စသဖြင့် ငါမာန်ဖုံးနေသူများမှာ စင်စစ်အားဖြင့် အတ္တအကျဉ်းသားများသာ ဖြစ်ကြပေ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် လက်ညှိုးညွှန်ရာ ရေဖြစ်နေသည့်ကာလဝယ် သူ့တစ်ကိုယ်ကောင်းစားရေး၊ သူ့မိသားစုကောင်းစားရေးအတွက် မည်သည့်ကိုယ်ကျိုးကိုမျှ မလုပ်ဆောင်ခဲ့။ လူတော်လူကောင်း၊ ခေါင်းဆောင်ကောင်းအဖြစ်နှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို အသက်စွန့်ကာ ဆောင်ရွက်ခဲ့၏။ လူတော်လူကောင်း၊ ခေါင်းဆောင်ကောင်းတို့မည်သည် ကိုယ့်ကြောင့် သူတစ်ပါးကိုမနစ်နာစေခဲ့။

အတ္တထုထည်ကြီးမားသောသူတို့သည်သာလျှင် ငါကောင်းစားရေးဟူသော မူဝါဒကိုချမှတ်၍ မလုပ်သင့်မလုပ်ထိုက်သည်တို့ကို လုပ်ဆောင်ကြကုန်၏။ သည့်အတွက်ကြောင့်လည်း သူကြီးပွားတိုးတက်ချမ်းသာသမျှ တစ်ဖက်သား လူအများအဖို့ရာမူ ဆင်းရဲမွဲတေကာ ဒုက္ခဆင်းရဲတွင်း နစ်သည်ထက် နစ်ခဲ့ကြရ၏။ ထိုသူအဖို့ နာမည်တစ်လုံး ကျန်ကောင်းကျန်နိုင်ပါလိမ့်မည်။ သို့ရာတွင် သူကျန်ရစ်သော နာမည်ကား နာမည်ကောင်း မဟုတ်။ နာမည်ဆိုးသာဖြစ်ချေ၏။

လောကကြီး၌ နိုင်ငံအသီးသီး၌ ထိုသို့သော လူစားတွေအများကြီး ရှိ၏။ ထိုသူတို့ ထင်ပေါ်တန်ခိုးထွားလေ လောကကြီးအရုပ်ဆိုးလေ၊ တိုင်းသူပြည်သားလူအများတို့ ဆင်းရဲမွဲတေလေပင်ဖြစ်တော့၏။

သို့ဖြစ်၍ မိမိ၏အကျိုးစီးပွားအတွက် တရားမျှတစွာ လုပ်

www.burmeseclassic.com



ဆောင်ပါ။ သူ့ဘက် ကိုယ့်ဘက်၊ ဘက်နှစ်ဘက်ကို ကြည့်ပါ။

မိမိပြုံးပျော်နိုင်ရေးအတွက် သူတစ်ပါးကို မျက်ရည်မကျစေသင့်သကဲ့သို့ မိမိ၏ အောင်မြင်ကြီးပွားတိုးတက်ဖို့ လုပ်ဆောင်ရာ၌လည်း သူတစ်ပါးကို ထိခိုက်နစ်နာခြင်း မဖြစ်စေရန် အထူးပင် သတိထားသင့်ပါချေ၏။

✦ ✦ ✦

www.burmeseclassic.com

## ကိုယ်ကျင့်ရမည့် ကိုယ်ကျင့်တရား

သူတစ်ပါးကျင့်သောတရားသည် သူကျင့်သောတရားသာ ဖြစ်၍၊ ကိုယ်ကျင့်တရားမဟုတ်ပေ။

ကိုယ့်ကျင့်တရားဟူသည် မိမိကိုယ်တိုင် ကျင့်သုံးဆောက်တည်သော တရားသာဖြစ်ပေ၏။ လူတစ်ယောက်၏ သိက္ခာသမာဓိကို အကဲဖြတ်ရာတွင် ထိုသူ၏ ကိုယ်ကျင့်တရားသည်သာ အကောင်းဆုံး မှတ်ကျောက်ဖြစ်၏။ သူ့ဘဝတစ်သက်တာအတွက်လည်း အရေးပါအရာရောက်သော လုပ်ရပ်တစ်ခုပင်ဖြစ်ချေ၏။

လူမျိုးအသီးသီးတို့ ကိုးကွယ်ဆည်းကပ်နေကြသော ဘာသာအသီးသီးကလည်း လူတစ်ယောက်၌ ကိုယ်ကျင့်တရားသည် အရေးကြီးလှကြောင်း ကိုယ်ကျင့်တရားကောင်းမွန်ဖို့ရာ အဆုံးအမ၊ လမ်းညွှန်မှုများ ပြုထားပေသည်။ ကိုယ့်ကျင့်တရားအပေါ်မူတည်လျက် အထက်ဘုံသို့လည်း ရောက်နိုင်၏။ အောက်အဝီစိသို့လည်း ဇောက်ထိုးကျနိုင်၏။ သေသည်၏အခြားမဲ့၌ ရောက်

www.burmeseclassic.com



လေရာ ဘုံဌာန၊ ဘဝ ဘဝများသည် ကိုယ်ကျင့်တရား အဆိုး အကောင်းအပေါ် မူတည်ကာ လားရာများစွာ ခွဲဖြာသွားခြင်း ဖြစ်ပေသည်။

မိမိတို့ ဗုဒ္ဓဘာသာ၌ ကိုယ်ကျင့်တရားကောင်းမွန်စေဖို့ရာ အခြေခံသီလတရား (၅) ပါးက ထိန်းချုပ်ထားပေသည်။ သူတစ်ပါးအသက်ကို မသတ်ဖြတ်ဖို့၊ သူတစ်ပါးဥစ္စာကို မခိုးယူဖို့၊ သူတစ်ပါးအပေါ် လိမ်ညာမုသား မပြောဆိုဖို့၊ သေရည်အရက်တို့ကို မသောက်သုံးဖို့၊ သူတစ်ပါးသားမယားကို မပြစ်မှား မကျူးလွန်ဖို့ စသည်ဖြင့် ဆုံးမ ထိန်းချုပ်ထားပေသည်။ သီလများစွာကို မစောင့်ထိန်းနိုင်သည်ကို အသာထား၊ အဆိုပါ အခြေခံ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းနိုင်သူ ဖြစ်ပါက ထိုသူအဖို့ ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ကြောင်း အများက လက်ခံ ယုံကြည်ကြမည်သာ ဖြစ်ပေ၏။

လောကနယ်ပယ်အသီးသီး၌ အောင်မြင်တိုးတက်ကြီးပွား နေသူတွေ ရှိသကဲ့သို့၊ အောင်မြင်ကြီးပွားတိုးတက်သင့်သလောက် ဖြစ်မြောက်မလာသူ၊ လုံးဝဆို လုံးဝ မွဲပြာကျနေသူတွေ ရှိနေကြသည်။ ဤသည်မှာ ကိုယ်ကျင့်တရားနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေပေလိမ့်မည်။

ကိုယ်ကျင့်တရား ချွတ်ယွင်းနေသူ၊ ပျက်ယွင်းနေသူတို့ အဖို့ အောင်မြင်တိုးတက်ကြီးပွားဖို့ရာ အလှမ်းဝေးနေပေလိမ့်မည်။ အလှမ်းနီးသည့်တိုင်လည်း ရေရှည်တွင် မတည်မြဲ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်ကျင့်တရား ပျက်ယွင်းနေသူအား

www.burmeseclassic.com


မည်သူမဆို ယုံကြည်စိတ် ကင်းမဲ့နေမည်မှာ သေချာသောကြောင့် ဖြစ်ပေ၏။

"သည်လူကွာ... အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ်၊ မိန်းမပွေ၊ လိမ်တာကောက်တာလည်း မပြောပါနဲ့... ဒါပေမဲ့ ကြီးပွားချမ်းသာနေလိုက်တာများ ဘယ်လို နားလည်ရမှန်းတောင် မသိတော့ဘူး"

ထိုစကားအတိုင်းပင် မျက်မှောက်၊ မိမိတို့ရှေ့မှာပင် ထိုထိုသောလူ အချို့ကို တွေ့မြင်နေရပါသည်။

သို့ရာတွင် ကိုယ်ကျင့်တရား မကောင်းသည့်သူအဖို့ ၎င်းခံစားရရှိနေသည့် ဥစ္စာစည်းစိမ်တို့ဆိုသည် တဒင်္ဂမျှသာ ဖြစ်ပေသည်။ အတိတ်ကံရှိသေး၍သာ ရှိသည့်ကာလအလျောက်အထိ ခံစားနေရခြင်း ဖြစ်သည်။ ဆီလည်းခန်း၊ မီးစာလည်းကုန်တော့မည့် အနေအထားသည် မဝေးတော့။ သူ၏ အောင်မြင်ကြီးပွားတိုးတက်ခြင်းကား ထာဝရမှ မဟုတ်ပါဘဲကလား။

ကိုယ့်ကျင့်တရားကောင်းမွန်ရလေအောင် မိမိကိုယ်တိုင်ကျင့်ကြံရ၏။ မကောင်းမှု မပြုလုပ်မိစေရန် စောင့်ထိန်းရ၏။ ရှောင်ကြဉ်ရ၏။ ထို့အတူ ကိုယ်ကျင့်တရားကောင်းမွန်သူတို့ကို ရွေးချယ်ပေါင်းဖော်ရ၏။ ရတနာရှိရာ ရတနာစုသည့်သဘော။

ဤသို့ ကိုယ်ကျင့်တရား မကောင်းသူတွေက ၎င်းတို့နှင့်သူတော်ချင်းချင်း သတင်းလွှဲ့လွှဲ့ ဖြစ်စေဖို့ အာရုံငါးပါးဖြင့်

www.burmeseclassic.com



မသိမသာ သိမ်းသွင်းတတ်ကြ၏။ သည့်အတွက် ကိုယ်ခံအား လျော့ကျမသွားဖို့ သတိကြီးစွာ ထားအပ်၏။

သို့ဖြစ်၍—

ကိုယ်ကျင့်တရား၊ ကိုယ်နှင့်ထား၍ ပွားများ ကျင့်ကြံအား ထုတ်ပါ။

တရားဓမ္မများကို အချိန်ပေးနိုင်သလောက် လေ့လာ လိုက် စားပါ။ သူတော်ကောင်းတို့နှင့် ပေါင်းဖက်မွေ့လျော်ပါ။

ကောင်းမွန်သောကိုယ်ကျင့်တရားက လာခြင်းကောင်းသော လမ်းကလေးကို ဖုံနေအောင် ခင်းပေးပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## ပျော်ရွှင်မှုကို ဖန်တီးပါ

စိတ်ပျော်ခြင်းသည် လူကို နုပျိုစေ၍ ခွန်အားတို့ကို လန်းဆန်းတက်ကြွစေ၏။

စိတ်နွမ်းနယ်ခြင်းသည်ကား လူကို အိုမင်းရင့်ရော်စေ၍ ခွန်အားတို့ကို ယုတ်လျော့ကျဆင်းစေ၏။

"ကြယ်ကလေးတွေ... ချစ်စရာ... အပြာရောင်
ကောင်းကင်မှာ... သူတို့ကို ပြုံးရင်း... တစ်လုံးချင်း
ကြည့်နေပါ... မကြာခင် ပြန်ကာပြုံးလို့... သူတို့လည်း
ကိုယ့်ကို ခင်ရှာ... ပြုံးတုံ့ ပြုံးလှယ် ကျီစယ်ကာ..."

ဂီတစာဆို အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်း ရေးသားခဲ့သော သီချင်းများစွာအနက်မှ စိတ်နွမ်းနယ်နေသူတို့အပေါ် တိုက်ကျွေးလိုက်သည့် ဆေးသွားတစ်စ ဖြစ်၏။ အပျော်ဓာတ်ကူးစက်ဖို့ အပျော်ကို ရှာကြံကြည့်တတ်ဖို့ လိုလိမ့်မည်။

စိတ်ဓာတ်ပျော်ရွှင်ဖို့ရာအတွက် အပျော်နည်းလမ်းများစွာ ရှိကြသည်။

www.burmeseclassic.com



ထိုနည်းလမ်းများစွာအနက် အပြစ်ကင်းစင်သော ပျော်ရွှင်ခြင်း နည်းလမ်းကို ရှာဖွေဖို့ လိုသည်။

စိတ်ဓာတ်ပျော်ရွှင် တက်ကြွနေသောသူအဖို့ မည်သည့်လုပ်ငန်းဆောင်တာတို့ကို ဆောင်ရွက်သည်ဖြစ်စေ၊ သွက်လက်ထက်မြက်နေသည့်အတွက် အားအင်တို့ တက်ကြွ လန်းဆန်းနေလိမ့်မည်။ လုပ်ငန်းဆောင်တာတို့ကိုလည်း အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်လိမ့်မည်။

စင်စစ် စိတ်ဓာတ်ပျော်ရွှင်ခြင်း၊ စိတ်ဓာတ်ဆင်းရဲခြင်းတို့မှာ မွေးရာပါဗီဇနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။ အဓိကအားဖြင့် ကာယဇာရှင်၏ အနေအထိုင်၊ အလေ့အကျင့်၊ အပြုအမူတို့နှင့်သာ သက်ဆိုင်ပေသည်။ မိမိ၏ စိတ်ပျော်ရွှင်မှုကို မိမိဘာသာ နှိုးဆွယူရသည်။ ဖန်တီးယူရသည်။ တစ်ပါးသူတို့က ဖန်တီးပေး၍ မရ၊ ဖန်တီးပေးသည့်တိုင်အောင် ထိုပျော်ရွှင်မှုသည် တဒင်္ခဏတာမျှသာ ဖြစ်ပေလိမ့်မည်။

> "ဘာလုပ်လုပ်... ကောင်းမှာ မဟုတ်ပါဘူး။ အောင်မြင်မှာလည်း မဟုတ်ပါဘူး။ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှာ... သေချင်တဲ့ကျား တောပြောင်းသလို ဖြစ်မှာ"

ဟူ၍လည်း အဆိုးမြင်ဝါဒများ၊ အယူအဆများ လွှမ်းခြုံသွားတတ်သည်။ မည်သည့်အရာကို လုပ်ဆောင်၊ လုပ်ဆောင် အကောင်းဆုံးထိ ရောက်မလာတော့။ တစ်ဝက်တစ်ပြက်မှာပင် ရပ်တန့်သွားတတ်သည်။ စိတ်ပညာဘာသာရပ်၌ စိတ်ဆင်းရဲမှု

www.burmeseclassic.com



သည် အလွယ်ကူဆုံး ခံစားချက်၊ စိတ်ပျော်ရွှင်ခြင်းသည် အခက်ခဲဆုံး ခံစားချက်ဟု ဆိုထားသည်။

ဘဝ၌ အောင်မြင်တိုးတက်ကြီးပွားနေသူတွေ ဆိုသည်မှာ တွေဝေနေသူတွေ မဟုတ်။ အကြောင်းမဲ့ စိတ်ဆင်းရဲနေသူတွေ မဟုတ်။ စိတ်ဓာတ်ပျော်ရွှင်တက်ကြွစွာဖြင့် အလုပ်ကို စိုက်လိုက်မတ်တပ် လုပ်ဆောင်နေသူများသာ ဖြစ်ကြသည်။

စိတ်ဓာတ်တက်ကြွဖို့ရာအတွက် စိတ်ကြွဆေးများ သောက်သုံးရန် မလိုပါ။ မိမိရည်မှန်းရာကို ပြီးမြောက်အောင်မြင်ဖို့ရာအတွက် တစိုက်မတ်မတ် စူးစိုက်လုပ်ဆောင်နေကြသူများသာ ဖြစ်ပေသည်။

ဘဝ၌ အောင်မြင်မှုဟူသည် အလွယ်တကူ ပိုင်ဆိုင်ရရှိသည် မဟုတ်။ အခက်အခဲ အတားအဆီးများကြားမှ ရယူပိုင်ဆိုင်ရလေသော ရလဒ်ပင် ဖြစ်ပေသည်။

ပျော်ရွှင်မှု ရယူဖန်တီးရာဝယ် ဝါသနာကို စူးစမ်းတတ်ဖို့လို၏။ ထိုဝါသနာသည် အပြစ်ကင်းစင်ဖို့ လို၏။ ထိုဝါသနာသည် အချိန်ကုန်၊ ငွေကုန် မဖြစ်စေသင့်။ ဝါသနာကို အခြေပြု၍ စိတ်ပျော်ရွှင်မှု ရလာတတ်သကဲ့သို့ ထိုဝါသနာကလည်း ဘဝအောင်မြင်တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးလိမ့်မည်မှာ သေချာ၏။

အောင်မြင်တိုးတက်ကြီးပွားလိုသူ မှန်သမျှ စိတ်ပျိုကိုယ်နုနေစေဖို့ သတိပြုရပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## ယုံကြည်မှု ခွန်အား

'ယုံကြည်မှု' ဟူသည် စကားလုံးကလေး သုံးလုံးပင် ဖြစ်လင့်ကစား အဓိပ္ပာယ်မှာမူ များစွာ ကျယ်ဝန်းလှပါသည်။

'ယုံ' မှသာ 'ကြည်' ပေမည်။ ကြည်လင်မှု ရှိပေမည်။

'မယုံ' လျှင် 'မကြည်' ပေ။ နောက်ကျိနေပေမည်။

ဘဝ၌ အောင်မြင်တိုးတက်ကြီးပွားလိုသူတို့သည် မိမိအပေါ် ယုံကြည်မှု ရှိရပေလိမ့်မည်။ မိမိကိုယ် မိမိမှ ယုံကြည်မှုမရှိလျှင် ပတ်ဝန်းကျင်ရှိ မည်သူ့ကိုမျှ ယုံကြည်လိမ့်မည် မဟုတ်ပေ။

လူနာရှင်တစ်ဦးအဖို့ မိမိ၏လူနာအပေါ် ကုသပေးမည့် ဆေးဆရာအပေါ် ယုံကြည်ဖို့ လိုအပ်၏။ လူနာသည်လည်း ဆေးဆရာအပေါ်တွင် ယုံကြည်ရမည်။ ဆေးဆရာညွှန်ကြားသည့်အတိုင်း ဆေးဝါးတို့ကို ယုံကြည်စွာ သောက်သုံးဖို့ လိုအပ်ပါသည်။ ယုံကြည်မှလည်း ဆေးစွမ်းကာ ရောဂါဝေဒနာတို့ သက်သာပျောက်ကင်းပေလိမ့်မည်။ ထို့အတူ ဗေဒင်ကို ယုံကြည်မှသာလျှင် ဗေဒင်ဆရာတို့ထံ သွားရောက်မေးမြန်းသင့်ပေ၏။

www.burmeseclassic.com



ယုံကြည်မှု အလေးအနက်မရှိလျှင် ဗေဒင်ဆရာစီစဉ်ပေးသော ခာတ်ရိုက်ခာတ်ဆင်တို့သည် လည်းကောင်း၊ ယတြာတို့သည် လည်းကောင်း အစွမ်းထက်မြက်လိမ့်မည်မဟုတ်။

"ငါတော့ဖြင့် သည်တောင်ကို ကျော်နိုင်တော့မှာ မဟုတ်ပါဘူး"

ဟူ၍ ဝေဒနာရှင်အဖို့ မိမိအပေါ်မိမိ ယုံကြည်မှု ကင်းမဲ့လာခဲ့လျှင် အသက်နဲ့ခန္ဓာ စဲတော့မည်မှာ မြေကြီးလက်ခတ်မလွဲ။

"ဘာလို့ မဖြစ်ရမှာလဲ... ဖြစ်ကိုဖြစ်ရမယ်။ ငါ့ကိုယ် ငါ ယုံကြည်တယ်။ ယုံကြည်တဲ့အတိုင်း ငါလုပ်မယ်ဆိုရင် ကျိန်းသေ ဖြစ်ကိုဖြစ်ရမယ်"

ဟု မိမိကိုယ်မိမိ ယုံကြည်သူအဖို့ အောင်ပွဲရခဲ့သော သာဓကများစွာရှိ၏။

မြန်မာရာဇဝင်သမိုင်း၌ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် များမြောင်လှစွာသော ရန်သူတို့နှင့် မတိုက်ရမီသေးမှာပင်–

"နောင်ရိုးတိုက်ပွဲ အောင်မြင်ပြီဟု လျှောက်တင်လော့"

ဟုဆိုကာ ခြေမြန်စစ်သည်အား အရှင်သခင် တပင့်ရွှေထီးထံ စေလွှတ် အကြောင်းကြားစေ၏။ ထို့ကြောင့် ယုံကြည်မှု အပြည့်ဖြင့် 'သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး' စိတ်ခာတ်ကို အရင်းခံကာ ဖောင်များ ဖျက်ဆီးပစ် တိုက်ပွဲဝင်ရာ အောင်ပွဲကြီး ရရှိခဲ့၏။ အရင်းစစ်လျှင် ယုံကြည်မှု အပြည့်အဝ ရှိသောကြောင့် ဖြစ်၏။

www.burmeseclassic.com



မိမိကိုယ်မိမိ ယုံကြည်မှုရှိနေသောသူသည် ခွန်အားတို့ မသိမသာ တစ်စထက်တစ်စ တိုးပွားလျက် ရှိ၏။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်–

"မြန်မာပြည်လွတ်လပ်ရေးဟာ တစ်နှစ်အတွင်း ရကိုရစေရမယ်"

ဟု ယုံကြည်မှုအပြည့်အဝဖြင့် ထုတ်ဖော်ပြောကြားခဲ့၏။ ထုတ်ဖော်ပြောကြားသည့်အတိုင်းပင် မြန်မာပြည်သည် တစ်နှစ်အတွင်း အချုပ်အခြာ အာဏာပိုင် လွတ်လပ်ရေးကို ရရှိခဲ့သည် မဟုတ်ပါလော။

မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့သော သူသည် မည်သည့်အောင်မြင်မှုကိုမျှ တစ်ထစ်ချ မျှော်မှန်း၍ မရနိုင်ပေ။ ယုံကြည်ချက် အပြည့်အဝရှိသောသူအတွက် အကောင်းမွန်ဆုံးသော စိတ်ဓာတ်အင်အားတို့သည် ဝင်လာမစဲ တသဲသဲပင်။

ယုံကြည်ချက်က တွန်းပို့လိုက်သောကြောင့် တိုးပွားလာသော ခွန်အားတို့မှာ အရည်အသွေးကို ကောက်ပြောင်စေလာ၏။ ဤသို့ အောင်စိတ်ဓာတ်ကို ရှင်သန်အောင် မွေးမြူထားသောသူအဖို့ အောင်မြင်မှုသရဖူသည်–

"အို အဆွေ... ငါ့အား ဆောင်းပါလော့"

ဟူ၍ ရှေ့မှောက်သို့ သူ့အလိုလို ရောက်ရှိလာပေလိမ့်မည်။

ဤသို့ အချို့ အချို့သောသူများ အောင်မြင်တိုးတက်သွင့်သလောက် အောင်မြင်တိုးတက်မှု မရှိခြင်းမှာ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝ မထားရှိသောကြောင့် ဖြစ်၏။ အောင်မြင်

www.burmeseclassic.com


မှု လမ်းခရီးကို တွေ့လာသည့်တိုင် ရဲရဲဝံ့ဝံ့ မလျှောက်လှမ်းဘဲ တွန့်ဆုတ်၊ တွန့်ဆုတ် ဖြစ်နေမိသည့်အတွက်ကြောင့် ပန်းတိုင်နှင့် ကွာဟသွားရခြင်း ဖြစ်သည်။

ယုံကြည်မှု ယုတ်လျော့လျှင် ခွန်အားတို့ ယုတ်လျော့၏။

ယုံကြည်မှု တိုးပွားလျှင် ခွန်အားတို့လည်း တိုးပွားလာပါလိမ့်မည်။

◆ ◆ ◆

www.burmeseclassic.com

## နည်းလမ်းလည်း သိပါစေ
## စည်းကမ်းလည်း ရှိပါစေ

စည်းကမ်းဟူသည် လူ့တန်ဖိုး ဟု ဆိုကြ၏။

ထိုစကားသည် ဆီသည်မလက်သုပ်ပဝါ ဖြစ်နေသည့်တိုင် မှန်ကန်လွန်းလှပါ၏။ သည့်အတွက် ပစ်ပယ်၍ မရစကောင်း။

အိမ်မှာနေလျှင် အိမ်စည်းကမ်း။

လမ်း၌နေလျှင် လမ်းစည်းကမ်း။

ကျောင်း၌နေလျှင် ကျောင်းစည်းကမ်း။

အလုပ်ခွင်ဝင်ရောက်လျှင် အလုပ်စည်းကမ်း။

ယာဉ်မောင်းလျှင် ယာဉ်စည်းကမ်း . . .အစရှိသဖြင့် သူ့နေရာနှင့်သူ စည်းကမ်းက သောင်ကွပ်ထားလေသည်။

အကွပ်မဲ့သောတောင်းသည် နှီးဖျားစများ ထိုးထိုးထောင်ထောင်ဖြင့် ကြည့်၍ မကောင်း။ ထို့အတူ အကွပ်မဲ့ကြမ်းမှာလည်း ပရမ်းပတာ နိုင်လွန်းလှ၍ မတင့်တယ်။ လူ၌လည်း စည်းကမ်းမရှိလျှင် ထိုသူကို မည်သူမျှ တန်ဖိုးထား လေးစားကြလိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com



ဘဝ၌ အောင်မြင်တိုးတက်ကြီးပွားလိုသူအဖို့ အောင်မြင်မှု၏ နည်းလမ်းများကို သိရပေလိမ့်မည်။ နည်းလမ်းသိပြီဆိုလျှင် ချွတ်ချော်တိမ်းပါးခြင်း မရှိရလေအောင် စည်းကမ်းက ထိန်းကွပ်သွားပေလိမ့်မည်။

အချို့က စည်းကမ်းကို နှောင်ကြိုးဟူ၍ ထင်မှတ်သွားကြ၏။

စင်စစ် စည်းကမ်းရှိခြင်း၊ စည်းကမ်းဖြင့် သွားလာ၊ နေထိုင်၊ စားသောက်၊ ပြောဆို၊ လုပ်ကိုင်ခြင်းသည် နှောင်ကြိုးများ မဟုတ်ပေ။ ဘဝအောင်မြင်တိုးတက်ကြီးပွားဖို့ရာအတွက် အထောက်အကူများသာ ဖြစ်ကြပေ၏။

မီးသည် လူသားတို့အတွက် မရှိမဖြစ် အသုံးဝင်သောအရာဖြစ်၏။ မီးကြောင့် လူသားတို့၏ ယဉ်ကျေးမှုမှာ တိုးတက်လာရပေ၏။ အဆိုပါမီးအား ပေါ့ဆစွာဖြင့် အလေးမူဂရုပြုခြင်းမရှိဘဲ စည်းကမ်းမဲ့ သုံးစွဲသည့်အတွက် မီးဘေးအန္တရာယ်များဖြစ်ပေါ်ကာ လူသားတို့၏ အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရ၏။ ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးခဲ့ရ၏။ တိုင်းပြည်တိုးတက်ရေးအတွက် ပြန်လည်ထူထောင်ရေး၊ ကာယ်ဆယ်နေရာချထားရေးအတွက် လုပ်ဆောင်ရသဖြင့် နှောင့်နှေးကြန့်ကြာခဲ့ရ၏။ အသက်မဲ့သော မီးသည် စည်းကမ်းရှိသူအား မိတ်ဆွေသဖွယ်ဆက်ဆံ၍၊ စည်းကမ်းမဲ့သူအား ရန်သူသဖွယ် ဆက်ဆံ၏။

မီးကို မဆိုထားဘိ။ လူသားတို့ အသက်ရှင် ရပ်တည်ရေးအတွက် နေ့စဉ် မဖြစ်မနေ စားသောက်ရသည့် အစားအသောက်

www.burmeseclassic.com



တို့ကို စည်းကမ်းတကျ စားသောက်ပါက အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်၍ စည်းကမ်းမဲ့ စားသောက်ပါက ရောဂါထူပြောကာ အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပေသည်။

စင်စစ် စည်းကမ်းဖြင့် သွားလာ၊ စားသောက်၊ နေထိုင်၊ ပြုမူ၊ ပြောဆိုတတ်သူတို့မှာ မိမိကိုယ်မိမိ လေးစားမှုရှိသူ ဖြစ်၏။ သူတစ်ပါး၏ လေးစားမှုကိုလည်း ခံရ၏။ သူတစ်ပါး၏ လေးစားမှုခံရသည်ဆိုကတည်းက မိမိ၏တန်ဖိုးကို မိမိ မြှင့်လိုက်ခြင်းပင် ဖြစ်၏။ ထိုသို့ သူတစ်ပါး၏ လေးစားမှုကို ခံယူလိုသူ၊ တန်ဖိုးရှိသူ ဖြစ်လိုသူများအဖို့ စည်းကမ်းသည် အမြဲထာဝရ လိုက်နာရမည့် စနစ်ပင် ဖြစ်ချေ၏။

ဘဝ၌ အောင်မြင်ကြီးပွားတိုးတက်နေသူတို့ကို ချိုင့်သုံးသပ်ကြည့်လျှင် စည်းကမ်းတကျ ပြုမူနေထိုင် ပြောဆိုတတ်သည့် အချက်ကို တွေ့ရမည် ဖြစ်ပေသည်။

လူ့အဖိုးတန်ဖြစ်ဖို့ရာ စိန်တွေရွှေတွေ ကျောက်သံပတ္တမြားတွေကို ညှတ်နေအောင် ဆင်ယင်ဝတ်စားခြင်းဖြင့် လူ့အဖိုးတန်ဖြစ်သည်မဟုတ်။ စည်းကမ်းရှိခြင်းသည်သာလျှင် လူ့အဖိုးတန်ဘဝကို ရရှိနိုင်ပေသည်။ လူ့အဖိုးတန်တစ်ယောက်အဖို့ သက်တမ်းကုန်ဆုံး၍ နောက်ဘဝသို့ ကူးပြောင်းရောက်ရှိသွားသည့်တိုင်အောင် ၎င်း၏ အမည်နှင့် လုပ်ရပ်တို့မှာ ကွယ်ပျောက်မသွားချေ။ လူ့အဖိုးတန်ဖြင့် အများသူငါ အားကျစဖွယ်သမိုင်းစဉ် ကျန်ခဲ့သည်သာတည်း။

✦ ✦ ✦

www.burmeseclassic.com

## မလိုလားအပ်သော လောဘ

'လောဘ' ဟူသည့် စကားလုံးကလေးသည် လူတိုင်း၊ လူတိုင်းနှင့် ရင်းနှီးကျွမ်းဝင်ပြီးသော စကားလုံးဖြစ်ပြီး အလိုရမ္မက် ဖြစ်ကြောင်းလည်း အားလုံးသိနေကြပါသည်။

ကြီးပွားတိုးတက်အောင်မြင်ချမ်းသာလိုသူအတွက် လောဘ ဟူသည် ရှိစမြဲ ဖြစ်ပါသည်။ လောဘရှိမှလည်း အလုပ်ကို ဆထက်ထမ်းပိုး လုပ်ဆောင်လိုကြမည် မဟုတ်ပါလော။ ယခုမူ 'မလိုလားအပ်သော လောဘ' ဟု ဆိုလိုက်သည့်အတွက် လောဘဟူသည် လိုလားအပ်သော အရာမဟုတ်ဟု ထင်မြင် ယူဆသွားကြမည်လား မသိ။ ထိုသို့ ထင်မြင်ယူဆသွားပါက မိမိ၏ဆိုလိုရင်း အနက်မှန်ကို မသိသောကြောင့်ဟူ၍ပင် ကောက် ချက်ချရပါလိမ့်မည်။

မိမိဆိုလိုသည်ကား လောဘ၌-

လိုလားအပ်သော လောဘ ဟူ၍ရှိ၏။ ဤကား မိမိ၏ အလုပ်အကိုင် အောင်မြင်တိုးတက်ကြီးပွားရေးအတွက် မလွဲမသွေ ရှိကို ရှိထားရမည့်လောဘ ဖြစ်ပါသည်။

'မလိုလားအပ်သော လောဘ' ဆိုသည်မှာကား တရား

www.burmeseclassic.com



နည်းလမ်းမကျသော၊ လူ့အသိုင်းအဝန်းက ခွင့်မလွှတ်သော၊ တရားဥပဒေနှင့်ဆန့်ကျင်သော လောဘကို ဆိုလိုခြင်း ဖြစ်ပါသည်။

မလိုလားအပ်သော လောဘစိတ် ဝင်လာပြီဆိုပါက တစ်စုံတစ်ရာသော ရလဒ်အတွက် ထိုက်တန်သော ပေးဆပ်မှုမျိုးကို မပြုလုပ်ဘဲ အချိုအချောင် ဖြတ်လမ်းနည်း၊ ကလိမ်ကကျစ်နည်းဖြင့် ရအောင်ယူဆောင်တတ်ကြပါသည်။ ထိုသို့ ရသည့်အတွက်လည်း ထိုရလဒ်အပေါ် မက်မောမှု ရှိချင်ရှိမည်မှန်သော်လည်း တန်ဖိုးထားမှုအတိုင်းအတာမှာမူ လွန်စွာမှ နည်းပါးပါလိမ့်မည်။ အချိုအချောင်ရသော၊ ခေါင်းတုံးပေါ်ထိပ်ကွက်၍ ရလာသော၊ ဖြတ်လမ်းနည်းဖြင့်ရလာသော အကျိုးအမြတ်မှာ ပမာဏအားဖြင့် မည်မျှပင် ကြီးမားနေစေကာမူ တလေးတစား တန်ဖိုးထားမှု အပိုင်းတွင်မူ လွန်စွာမှ သေးငယ်နေပါလိမ့်မည်။ လောက၌လူသည် ခက်ခက်ကိုမှ တန်ဖိုးထား၍၊ အလွယ်ရလျှင်မူ တန်ဖိုးသိပ်မထားတတ်ကြသည်မှာ လောကတံထွာ ဓမ္မတာပင် ဖြစ်ချေသည်။

ရယူမှုတိုင်းတွင် ၎င်းနှင့်တူညီသော ပေးဆပ်မှုရှိစမြဲ ဖြစ်၏။

ထိုသို့ မဟုတ်ဘဲ ရယူခြင်းသည် 'မလိုလားအပ်သော လောဘ' သာလျှင် ဖြစ်ချေ၏။ လိုလားအပ်သော လောဘသည် အောင်မြင် တိုးတက်ကြီးပွားခြင်းကို ဖြစ်ထွန်းစေ၍ မလိုလားအပ်သော လောဘသည် အောင်မြင်တိုးတက်ကြီးပွားခြင်းကို ယုတ်လျော့စေ၏။

www.burmeseclassic.com



ဒါတင်မကသေး။

မလိုလားအပ်သောလောဘသည် ရံဖန်ရံခါ ဒုက္ခမြားဦးကို ပြန်၍ လှည့်တတ်၏။ မိမိ၏ မလိုလားအပ်သောလောဘကြောင့် သားကောင်ဖြစ်ရသူသည် အမှတ်အတေားထားလျက် ၎င်း၏ အခွင့်သာသည့်အချိန်တွင် တုံ့ပြန်ကလဲ့စားချေ၏။ တရားဥပဒေနှင့် မလွတ်ကင်းလျှင် တရားဥပဒေကလည်း တုံ့ပြန်ဒဏ်ခတ်တတ်ချေ၏။

မလိုလားအပ်သော လောဘ ဝင်လာပြီဆိုပါက မုသာဝါဒါကံကို ချိုးဖောက်ဖို့ရာ အလွယ်ကလေး။

တစ်ဖက်သားကို မယုံယုံအောင် လိမ်ညာသိမ်းသွင်းပြီး မိမိလိုဘပြည့်မြောက်အောင် စွမ်းဆောင်ပေတော့မည်။ ထိုသူသည် လိမ်ညာမှုကျူးလွန်းဖို့ရာ အလွယ်လေး။ အလွဲသုံးစားကိစ္စ ဆိုသည်မှာ ထမင်းစားရေသောက်သဖွယ် ဖြစ်လာသည်။

အောင်မြင်တိုးတက်ကြီးပွားမှု ခိုင်မြဲနေသူတို့ကို လေ့လာကြည့်ပါက ၎င်းတို့၌ လောဘမရှိမဟုတ်။ ရှိနေသည်သာ ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ လောဘသည် လိုလားအပ်သော လောဘ၊ တစ်နည်းအားဖြင့် သမ္မာအာဇီဝကျသော လောဘဖြစ်လေရာ မည်သည့် အနှောင့်အယှက် ဘေးရန်မျှ မရှိ။ တရွေ့ရွေ့နှင့် တိုးပွားလာသည်ထက် တိုးပွားလာနေပေ၏။

အောင်မြင်ကြီးပွားတိုးတက်ရာမှ ဆုတ်ယုတ်ပျက်ယွင်းသွားကြသူတွေကို လေ့လာကြည့်ပါက ၎င်းတို့၏ လောဘသည် လိုလားအပ်သော လောဘထက် မလိုလားအပ်သော လောဘ

www.burmeseclassic.com



တို့က အလေးကဲနေသည်ကို တွေ့မြင်ရလိမ့်မည်။ မလိုလားအပ်သော လောဘသည် သမ္မာအာဇီဝ မကျပေ။ ထိုထိုသော လောဘရှိပါက မိမိကို ပြန်လည် ဒုက္ခပေးမှုနှင့် ကြုံတွေ့ကြရမည်သာ ဖြစ်ချေ၏။

✦ ✦ ✦

www.burmeseclassic.com

## အလိုဆန္ဒရှိပါမှ

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် အလိုဆန္ဒမရှိပါဘဲနှင့် ဘုရားရှင်အဖြစ်သို့ ရောက်လာခဲ့သည်မဟုတ်။

ရှေး… ဘဝ ဘဝပေါင်းများစွာကပင် ဘုရားဖြစ်လိုရေးမှာ တစ်ခုတည်းသောဆန္ဒ ဖြစ်ခဲ့ပေသည်။ ဆုပန်လျှင်လည်း ဘုရားဆုကိုသာ ပန်ခဲ့ပေ၏။ ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာရှင်ရသေ့ဘဝ၌ပင် ဘုရားဆုကို ပန်ခဲ့၏။

ဤသို့ အလိုဆန္ဒရှိပါက ကိစ္စတစ်ဝက် ပြီးမြောက်သည်ဆိုသော စကားရပ်ရှိလေ၏။

မည်သည့်ကိစ္စမဆို ဆန္ဒမရှိပါက လွယ်လင့်တကူ ပြီးမြောက်အောင်မြင်လိမ့်မည် မဟုတ်ပေ။ ကိစ္စကြီးငယ်တို့ ပြီးမြောက်အောင်မြင်လိုပါက အလိုဆန္ဒဟူသည် ရှိရစမြဲ။

စစ်ဗိုလ်ဖြစ်လိုသူအဖို့ စစ်ဗိုလ်ဖြစ်လိုသည့် အလိုဆန္ဒ ရှိရပေလိမ့်မည်။

www.burmeseclassic.com



ဆရာဝန်ဖြစ်လိုသူ၊ အင်ဂျင်နီယာဖြစ်လိုသူ၊ ဆရာ ဆရာမ ဖြစ်လိုသူ၊ စာရေးဆရာဖြစ်လိုသူ၊ အောင်မြင်ကျော်ကြားသော အနုပညာရှင်ဖြစ်လိုသူ စသဖြင့် မိမိတို့ရည်မှန်းရာအတွက် အလို ဆန္ဒသည် အခြေခံကျပေ၏။

သို့ရာတွင် အလိုဆန္ဒရှိပင်ရှိသော်ငြား အလိုဆန္ဒပြည့်မြောက် ဖို့ရာ ထိုက်တန်လျော်ညီသော ပေးဆပ်မှုတွေ ရှိဖို့လိုပေသည်။

သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဘုရားရှင်သည် ဘုရားဖြစ်လို သည့် ဆန္ဒရှိခဲ့၏။ ဆန္ဒရှိသည့်အတိုင်း ရင်းနှီးပေးဆပ်မှုတွေ ပြုခဲ့ရ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ဆည်း ခဲ့၏။ ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ရန်အတွက် သူတစ်ကာတို့ ကျင့်နိုင်ခဲသည့် ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံခဲ့ရ၏။ ရန် အပေါင်းကို နှိမ်နင်းခဲ့ရ၏။ သို့မှသာလျှင် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည် မဟုတ်ပါလော။

လောက၌ ဖြစ်မြောက်အောင်မြင်မှုရရန် အခက်အခဲဆုံးမှာ ဘုရားရှင်အဖြစ်ပင် ဖြစ်လေ၏။ ကျန်ကိစ္စများကား ဘုရားရှင် အဖြစ်နှင့် နှိုင်းစာလျှင် အသေးအမွှားကလေးများဟုသာ ဆိုရ ပေလိမ့်မည်။

စာရေးဆရာဖြစ်လိုသူအဖို့ စာရေးဆရာဖြစ်လိုသော ဆန္ဒ အလိုသည် အချက်အချာကျ၏။ ကျရုံနှင့်မပြီးသေး စာရေးဆရာ ဖြစ်ဖို့ရာ ပေးဆပ်မှုတွေ ပြုရ၏။ စာများစွာ ဖတ်ရ၏။ ဖတ်ရာ၌ ခံစားမှုသက်သက်ဖြင့် မျောပါဖတ်ရှုပြီးနောက် အကောင်း၊ အဆိုး ကို ဝေဖန်စိစစ်ရ၏။ ကြိုက်ခြင်း၊ မကြိုက်ခြင်းကို ဆင်ခြင်

www.burmeseclassic.com



သုံးသပ်ရ၏။ စာများစွာ ရေးသားခြင်းဖြင့် အလေ့အကျင့် ပြုရ၏။ အောင်မြင်သော စာရေးဆရာတစ်ယောက်ဖြစ်ဖို့ ဆိုသည် ဖုတ်ပူမီးတိုက် လုပ်ယူ၍ရသော အရာမဟုတ်။ လုံ့လဉဿဟ ထုတ်ရ၏။ ဗဟုသုတတို့ကို ဆည်းပူးရ၏။ စာများစွာ ဖတ်ရ၏။ ဖွဲ့နပဲကြိုးရ၏။ သို့မှသာလျှင် ကြိုးစားမှု၏ ရလဒ်ကို ခံစားရပေမည်။

အောင်မြင်တိုးတက်လိုသူတိုင်း ထားရှိရမည့် အလိုဆန္ဒသည် မရေမရာ မဖြစ်စေရ။ တိကျသေချာ ရေရာဖို့လို၏။

"မဖြစ်မနေ... ကြိုးစားမယ်။ သည့်အတွက် ငါရည်မှန်းရာ ဖြစ်ထွန်းအောင်မြင်လာဖို့ ဘာတွေကို စွန့်လွှတ်ရမလဲ။ ဘယ်လိုမျိုး အခက်အခဲတွေနဲ့ ရင်ဆိုင်ရမလဲ။ ဘာတွေကို လုပ်ရမလဲ...။ စွန့်လွှတ်ရဲတယ်၊ ရင်ဆိုင်ရဲတယ်၊ လုပ်ကိုင်ရဲတယ်"

သည်သို့သော လူစားမျိုးသည်သာ တကယ့် အောင်မြင်တိုးတက်ခြင်းအစစ်ကို ရနိုင်၏။ ဤသို့ 'မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်' ဆိုသောလူစားတွေ၊ 'ကြက်ကန်းဆန်အိုး တိုးသူတွေ' မရှိမဟုတ်၊ ရှိကြပါ၏။ ရှိပင် ရှိသော်ငြားလည်း တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် ဆိုသကဲ့သို့ပင် ဖြစ်၏။ ထိုသူမျိုးကား လောကဓံကို ကြံ့ကြံ့ခံနိုင်ကြသူများ မဟုတ်။ အောင်မြင်မှုတွေ အကျိုးအားလျော်စွာ ရရှိနေစဉ် ဟန်မပျက်နေကြသော်လည်း၊ ကသောင်းကနင်း၊ ကတိမ်းကပါး ဖြစ်လာပါက ဆောက်တည်ရာမရနိုင်လောက်အောင် စိတ်သောက ရောက်ကြရမည့်သူများ ဖြစ်ပေသည်။

www.burmeseclassic.com



အလိုဆန္ဒရှိသူသာလျှင် အလိုဆန္ဒအတွက် လက်တွေ့ဘဝထဲသို့ ရဲရဲရင့်ရင့် ဝင်ရောက်လာတတ်၏။

ဆန္ဒကြီးမားလျှင် ကြီးမားသလောက်၊ ဆန္ဒသေးငယ်လျှင် သေးငယ်သလောက် ကြိုးစားအားထုတ်ခြင်းဖြင့် ဘဝ၌ အချည်းနှီး မဖြစ်။ အချည်းနှီးဖြစ်လောက်အောင်လည်း လောကဓံက ရက်စက်လိမ့်မည် မဟုတ်။ ရက်စက်သည့်တိုင် အလိုဆန္ဒရှိသူအတွက်ကမူ 'လောကဓံကို မဖြုံစတမ်းပေါ့၊ မတုန်စမ်းနဲ့စိတ်ခိုင်စေ" ဆိုသကဲ့သို့ ကြံ့ကြံ့ခံကာ ရင်ဆိုင်သွားမည်သာ ဖြစ်သည်။

အလိုဆန္ဒမရှိသူသည် ဘာဆိုဘာမျှ မျှော်လင့်၍ မရနိုင်။

✦ ✦ ✦

www.burmeseclassic.com

## ဉာဏ်ဖြင့် ရှေ့ဆောင်ပါ

ဤသတ္တလောကအတွင်း၌ လူနှင့် နိုင်းစာလျှင် အင်အားကြီးမားကြကုန်သော သတ္တဝါအမျိုးအစားတို့မှာ များပြားလှချေ၏။

အကြောင်းမူ လူသား၌ ဉာဏ်ပညာရှိ၍ ဖြစ်၏။

တစ်ခေတ်တစ်ခါက လူသားတို့သည် ကောင်းကင်ယံသို့ ပျံတက်ဖို့ရာ စိတ်ပင်မကူးရဲသေးသောကာလ ဖြစ်၏။ ဝေဟင်ယံ၌ ပျံဝဲနေကြကုန်သော၊ လေဟုန်စီးနေကြကုန်သော ငှက်တို့ကို ကြည့်ကာ အားကျစိတ်များ ပေါ်ခဲ့ကြ၏။ ဝေဟင်ယံ၌ ပျံသန်းလိုစိတ်များ ပေါက်ဖွားလာခဲ့ကြ၏။ သည့်အတွက် ဉာဏ်ကို အသုံးချခဲ့ကြ၏။ နောက်ဆုံး၌ ဝေဟင်ယံကို ပိုင်စိုးသည့် ငှက်ငယ်များသော်မှ မနိုင်းသာလောက်အောင် တိုးတက် ဖြစ်တည်လာခဲ့သည် မဟုတ်လော။ ခရီးသွားလာရေး၊ ရိက္ခာ သယ်ဆောင်ရေး၊ သတင်းထောက်လှမ်းရေး၊ ဝေဟင်တိုက်ပွဲ ဆင်နွှဲရေး

www.burmeseclassic.com



တို့အတွက် အသံထက်မြန်သော လေယာဉ်အမျိုးမျိုးတို့ ပေါ်ထွက်လာခဲ့ကြပေပြီ။

လှိုင်းတွေ မည်မျှ ကြီးမားနေပါစေ လှေအောက် မဟုတ်တော့။ ရောမ ပင်လယ်ကူးသင်္ဘောကြီးများအောက်သို့ ကျရောက်ခဲ့ပေပြီ။ ကျည်ဆန်၏ အသွားနှုန်းနှင့်မခြား ဓာတ်ရထားတွေလည်း ပေါ်လာခဲ့ပေပြီ။

ယနေ့ခေတ်သည်ကား အိုင်တီမည်သည့် ပညာခေတ် ဖြစ်၏။

ပညာဖြင့် ဉာဏ်ကို ဖွင့်လှစ်၏။ ဉာဏ်ဖြင့် လူ့အသုံးအဆောင်၊ စက်ကိရိယာ၊ ဆက်သွယ်ရေး အစရှိသဖြင့် တိုးတက်ထွန်းကားလာခဲ့သည်။

လူသည် ကျောက်ခေတ်မှ စတင် သန္ဓေတည်ခဲ့၏။

ထိုမှ တဖြည်းဖြည်း ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ကို ကျော်လွှားကာ ယခု အင်တာနက်ခေတ် ဖြစ်နေခဲ့လေပြီ။ ဒါသည် ဉာဏ်ပညာကို အခြေခံ၍ ဖြစ်သည်။

ဂဏန်းလက်မကို နည်းယူ၍ ပလာယာကို တီထွင်ခဲ့၏။

ဗူးနွယ်ကို ကြည့်၍ စပရိန်ကို တီထွင်ခဲ့၏။

ဘောက်ဖတ်ကိုကြည့်၍ အကော်ဒီယံတူရိယာကို တီထွင်ခဲ့၏။

လိပ်ပြာတောင်ပံခတ်ပုံကို အတုယူ၍ ဟဲလီကော်ပတာတို့ကို တီထွင်ခဲ့၏။

အစရှိသဖြင့် ပတ်ဝန်းကျင်ကိုလေ့လာ၍ ဉာဏ်ဖြင့် ဖန်တီး

www.burmeseclassic.com



လိုက်သော လူ့အသုံးအဆောင်တို့ကား အံ့ချီးဖွယ်ကောင်းလှပါပေစွ။

လူတိုင်း၌ (ဦးနှောက်ကျပ်ပြည့်သူမှန်သမျှ)၊ အသိဉာဏ်ရှိကြသူချည်းပင်။

ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်းကမူ မွေးရာပါဗီဇနှင့်တစ်နည်းတစ်ဖုံ ဆက်စပ်နေသကဲ့သို့ အလေ့အကျင့်နှင့်လည်းသက်ဆိုင်ပေသည်။

အချို့လူတို့သည် ဘာတစ်ခုမျှ လုပ်ဆောင်ခြင်း မပြုရသေးပါဘဲနှင့် ဉာဏ်ကောင်းသူတွေကိုကြည့်ကာ–

"ငါဟာ သူ့လောက် ဉာဏ်ကောင်းတာ မဟုတ်ဘူး။ သည်တော့ ငါလုပ်ရင်လည်း ဘာမှ ဖြစ်မြောက်လာမှာ မဟုတ်ဘူး။ ဖြစ်လည်း ဖြစ်လာမှာ မဟုတ်ဘူး"

ဟူ၍ မိမိကိုယ် အထင်သေးစိတ်များ ဝင်နေတတ်သည်။ ထိုအခါတွင် အားထုတ်လိုသည့် ဝီရိယစိတ်များလည်း ကုန်ခန်းသွားတတ်သည်။ ထိုသူတို့ကား ဘဝ၌ အောင်မြင်တိုးတက်ဖို့ရာဆုတ်ယုတ်နေကြသူများသာတည်း။

သည်တော့ ဘဝ၌ အောင်မြင်တိုးတက်ဖို့ရာအတွက် မိမိကိုယ်မိမိ အထင်သေးစိတ် မဝင်ပါနှင့်။

မဖြစ်သေးတာသာရှိပြီး၊ မဖြစ်နိုင်တာ မရှိဟု ခံယူပါ။

မိမိနှင့် ထိတွေ့ဆက်စပ်ပတ်သက်နေသည့် လုပ်ငန်းဆောင်တာ ကိစ္စအဝဝ အား (က) မှသည် (အ) အထိ ကျွမ်းကျင်နှံ့စပ်နေအောင် လေ့လာပါ။ စာပေ ဗဟုသုတများကို လေလာ

www.burmeseclassic.com



လိုက်စားပါ။ အချိန်တွေကို အပျော်အပါးအတွက် အသုံးမချပါနှင့်၊ မဖြုန်းတီးပါနှင့်။ မိမိရည်ရွယ်ထားသော နယ်ပယ်တစ်ခုတည်းကိုသာ အာရုံစူးစိုက်မှု ပြည့်ဝစွာဖြင့်၊ ဝီရိယထုတ် အားစိုက် လုပ်ဆောင်မည်၊ တွေးတော ကြံဆနေမည်ဆိုပါက ဉာဏ်အဆောက်အအုံ၌ ဖုံးအုပ်ထားသော အလွှာတို့ ကွာကျသွားပါလိမ့်မည်။

ဉာဏ်ကောင်းလာပါလိမ့်မည်။

ကောင်းလာသောဉာဏ်ဖြင့် ဘဝကို ရှေ့ဆောင်နိုင်ပါလိမ့်မည်။

◆ ◆ ◆

www.burmeseclassic.com

## လူကြီးလူကောင်းဆန်ပါမှ

သဘောထားသေးသိမ်သူတစ်ယောက်အဖို့ မည်သို့သော အခါမျှ လူကြီးလူကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်မဟုတ်။

လူကြီးလူကောင်း မဆန်သူအဖို့ လူ့အသိုင်းအဝိုင်း ဝန်းကျင်က နှာခေါင်းရှုံ့ကြရုံမျှ မဟုတ်ဘဲ အပေါင်းအသင်းလည်း လုပ်လိုကြမည် မဟုတ်ပေ။

မျက်မှောက်ကာလ လုပ်ငန်းကြီးကြီးမားမား လုပ်ကိုင်ပြီး အောင်မြင်တိုးတက်ကြီးပွားနေကြသော ဦးဆောင်သူတို့ကိုကြည့်လျှင် လူကြီးလူကောင်းဆန်နိုင်သမျှဆန်အောင် ကြိုးစားနေကြသည်ကို တွေ့ရပေလိမ့်မည်။ လူကြီးလူကောင်းဆန်လေ ၎င်းနှင့် ထိစပ်ပတ်သက်နေသော လုပ်ငန်းကိစ္စအဝဝတို့မှာ အောင်မြင်တိုးတက်မှုရှိလေလေဖြင် ဖြစ်သည်။

သို့ဆိုလျှင် လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့ရာ ဘာတွေ လိုအပ်သနည်း။

အဓိကအချက်ကား စိတ်သဘောထား မသေးသိမ်ဘဲ အရာ

www.burmeseclassic.com



ရာကို ခွင့်လွှတ်စိတ်၊ မုဒိတာ စိတ်ထားကာ သဘောထားကြီး ဖို့ပင် ဖြစ်၏။ သို့မှသာ လူ့ဝန်းကျင် အသိုင်းအဝန်း၌ ဝင်ဆန့်ပေမည်။ မိမိရည်ရွယ်ရာ ပန်းတိုင်ကို ရယူနိုင်ပေမည်။

လူကြီးလူကောင်းဆန်သူ၊ တစ်နည်းအားဖြင့် စိတ်သဘောထားကြီးသောသူသည် သူတစ်ပါးနှင့် အလိုက်တသင့် ရှိတတ်ပေသည်။ အတိုက်အခံ မရှိ။

လူကြီးလူကောင်းဆန်သူသည် တစ်ဖက်သားမှ တင်ပြလာသော မတူညီသည့်အယူအဆများကိုပင် စာနာနားလည်ပေးနိုင်၏။ ခွင့်လွှတ်စာနာတတ်၏။ ငါနှင့် အယူဝါဒမတူ ငါ့ရန်သူဟု သဘောမထား။

ဗြဟ္မစိုရ်တရားလေးပါးအနက်မှ နောက်ဆုံးဖြစ်သော ဥပေက္ခာတရားကို လက်ကိုင်ထားကာ–

"သူလည်း... သူ့အမြင် သူ့အတွေးနဲ့သူ ဒီလိုတော့ ရှိပေမပေါ့"

ဟူ၍ ဥပေက္ခာပြုလိုက်ခြင်းဖြင့် တစ်ဖက်မှ ချိတ်ကောက်ဖြင့် ချိတ်လာသည့်တိုင်အောင် ချိတ်မသွားချေ။ နောက်ဆုံး၌ တစ်ဖက်သားလည်း သူ့လုပ်ရပ်အမှားကို သူ့ဖာသာသူ သိမြင်လာကာ သဘောထားကြီးသူအပေါ်တွင် တစိမ့်စိမ့် လေးစားစိတ်များ ဝင်ရောက်လာပေမည်။

လူတိုင်း၏စိတ်သည် ကိုယ့်စိတ်မဟုတ်ပေ။

ကိုယ့်စိတ်သည်လည်း အများတကာ၏စိတ် မဟုတ်ပေ။

သည်တော့ အမြင်ချင်းမှာလည်း ထပ်တူမကျနိုင်။

www.burmeseclassic.com



"ငါက လက်နဲ့ရေးတာကို သင်းက ခြေနဲ့ဖျက်တယ်။
သိကြရောပေါ့ကွာ... ငါ့အကြောင်းကို"

ဟူ၍ စိတ်သဘောထားရှိခြင်းသည် ရန်ကို' တိုးပွားစေ၏။ မိမိက အရေးနိမ့်လျှင် စိတ်ထဲ၌ တနုံ့နုံ့ ခံစားရမည်ဖြစ်သကဲ့သို့ တစ်ဖက်သားက အရေးနိမ့်လျှင်လည်း မိမိအပေါ် ရန်သတ္တုပြုနိုင်ပေသည်။

"ဩော်... သူလည်း သူမြင်တဲ့အမြင်နဲ့ ပြောရှာ၊ လုပ်ရှာတာပဲ။ သူ့အနေနဲ့တော့ ဟုတ်မှာပေါ့လေ... ဘာဖြစ်လို့ အတိုက်အခံ လုပ်ရမတုံး။ ပြောပါစေ... လုပ်ပါစေ"

သည်သို့ စိတ်သဘောထားကြီးလိုက်ခြင်းဖြင့် အတိုက်အခံတို့ ပေါ်ပေါက်မလာတော့။ သူ့လုပ်ရပ် မှားနေကြောင်းကို အချိန်ကာလက ဆုံးဖြတ်သွားပါလိမ့်မည်။ ထိုအချိန်သို့ရောက်လျှင် ထိုသူသည် ကြီးစွာနောင်တရပြီး ဝန်ချတောင်းပန်ခြင်း ပြုမလာသည့်တိုင် သူ့ဖာသာသူ ဦးကျိုးသွားလိမ့်မည်မှာ သေချာသည်။

တစ်ဖန် အလုပ်တစ်ခုကို ဦးဆောင်ရာ၌ မိမိဆန္ဒကိုချည်း တစ်ဖက်သတ် တိုက်တွန်းပြောဆိုခြင်းမပြုဘဲ သဘောထားကြီးစွာဖြင့် တစ်ဖက်သား၏ ဆန္ဒတို့ကို တောင်းခံခြင်းမှာလည်း အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေပါ၏။ တစ်ဦးကောင်း တစ်ယောက်ကောင်းထက် အများစုပေါင်း၍ ရရှိလာသော ကောင်းကျိုးသည် လွန်စွာမှ အဖိုးအနဂ္ဃ ထိုက်တန်သော ရလဒ်ကောင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com



သို့ဖြစ်၍ တစ်ဖက်သားအပေါ် အထင်မသေးပါနှင့်။

အယူဝါဒ မတူသည့်တိုင်အောင် သဘောထားမသေးပါနှင့်။

သဘောထားကြီးခြင်းဖြင့် အောင်မြင်တိုးတက်ကြီးပွားနိုင်သည်နှင့်အမျှ လူကြီးလူကောင်းအဖြစ် လူ့ရပ်ခွင် နယ်ပယ်၌ ထည်ဝါနေလိမ့်မည်မှာ သေချာပါ၏။

✦ ✦ ✦

www.burmeseclassic.com

## မလုပ်အပ်သော အတိုက်အခံ

သည်လောကကြီးကား ဆန့်ကျင်ဘက်တို့ ဒွန်တွဲလျက်ရှိ၏။

အဖိုနှင့် အမ။

အဖြူနှင့် အမည်း။

အပူနှင့် အအေး။

အရှေ့နှင့် အနောက်။

ပြုံးရယ်ခြင်းနှင့် ငိုကြွေးခြင်း။

အချစ်နှင့် အမုန်း။

အာဃာတနှင့် သည်းခံခွင့်လွှတ်ခြင်း။

ငရဲနှင့် နိဗ္ဗာန် စသည် စသည်ဖြင့်။

လူတစ်ယောက်အဖို့ မိတ်ဆွေရှိသလို ရန်သူလည်း ရှိပေသည်။ ဘက်တစ်ဖက်ဖက်၌ အရေအတွက်များချင်များနေမည်။ မုန်းသူ မရှိ၊ ချစ်သူသာရှိ ဆိုသောအယူဝါဒကား လက်ခံချင်စရာမကောင်း။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအသီးသီးအပေါ်၌ သနား

www.burmeseclassic.com



ကရုဏာတော် ထားရှိသော ဘုရားရှင်သည်ပင်လည်း မာရ်နတ်က ရှိနေသည် မပဟုတ်လား။

အတိုက်အခံသည် ပြေလည်ညီညွတ်မှု သဘောထက် တစ်ဖက်နှင့်တစ်ဖက် ရန်စောင်မှုတို့ ဦးတည်နေ၏။ မိတ်ဆွေဖြစ်ဖို့ရာအတွက်လည်းကောင်း၊ ရန်သူ ဖြစ်သွားဖို့ရာအတွက်လည်းကောင်း အခြေခံအကြောင်းရင်းမှာ စကားပြောဆိုမှုပင်ဖြစ်၏။

နှုတ်ထွက်စကားတစ်ခွန်းသည် မိတ်ဆွေလည်း ဖြစ်သွားစေ၏။

ထို့အတူ ရန်သူလည်း ဖြစ်သွားစေ၏။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်အား သမီးကညာဆက်သသူ မာဂဏ္ဍီ ပုဏ္ဏားကြီးလင်မယားအား ဘုရားရှင်က–

"အို... ပုဏ္ဏားကြီးတို့၊ သင်တို့သမီးကား ဤလောက၌ အလှအပဆုံး၊ အတင့်တယ်ဆုံးဟု သင်တို့ဆိုကာ ငါ့ထံနှင်းအပ်ကြရပေ၏။

အို... ပုဏ္ဏားကြီး၊ သင်တို့သမီး မာဂဏ္ဍီကို မဆိုထားဘိ။ မာဂဏ္ဍီထက် အဆ ရာထောင်မက ချောမောလှပသော မာရ်နတ်၏သမီး သုံးယောက်ကိုပင် ငါသည် လုံးဝစိတ်မဝင်စား။ သင်တို့၏သမီး မာဂဏ္ဍီမှာ သွေး၊ သည်းခြေ၊ ပြည်၊ သလိပ်၊ မစင်ဘင်ပုပ်တို့ဖြင့် ဖွဲ့စည်းထားလေရကား ... ငါသည် ခြေဖျားနှင့်မျှပင် မထိလို၊ မတို့လို"

www.burmeseclassic.com



ဟု မိန့်ကြားခဲ့၏။ သည့်အတွက် ပုဏ္ဏားကြီးလင်မယားမှာ အသိဉာဏ်၊ တရားဉာဏ် ပွင့်လင်းပြီး မဂ်ဖိုလ်ဆိုက်ခဲ့ရ၏။ အသိဉာဏ်မဲ့သော မာဂဏ္ဍီမှာမူ ဘုရားရှင်က မိမိအပေါ် မှိုချိုး မျှစ်ချိုး ပြောရကောင်းသလားဟုဆိုကာ အာဃာတပွားများပြီး ရန်သူအဖြစ် ပြောင်းလဲသွားခဲ့ဖူး၏။ ဘုရားရှင်ကမူ–

"စကားခြောက်ခွန်း၊ လူ့ဘွတွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်"

ဟုဆိုကာ ပုဏ္ဏားကြီးလင်မယားနှစ်ဦး၏ အကျိုးကိုငဲ့လျက် မာဂဏ္ဍီ၏ အာဃာတ အငြိုးအတေးကို ရရှိသွားခဲ့၏။

မိမိတို့ကား ဘုရားရှင် မဟုတ်။ ဘုရားရှင်ကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါတို့အား တစ်မဂ် တစ်ဖိုလ် ဆိုက်ရောက်နိုင်အောင်လည်း မစွမ်းဆောင်နိုင်။

သို့ဖြစ်၍ မိမိ၏အကျိုးအတွက် စကားပြောဆိုသည့်အခါ တွင် အငြိုးအတေး ဖြစ်စေမည့်၊ အာဃာတတရား ဖြစ်ပွားစေ မည့် စကားတို့ကို မပြောဆိုမိရန် ဆင်ခြင်ဖို့လို၏။

လောက၌ မိတ်ဆွေတစ်ရာရှိသည်ဆိုက နည်းသေး၏။ ရန်သူတစ်ယောက်ရှိနေက များလှ၏ဟု ဆိုထား၏။ ကြမ်းကျွံက နှုတ်၍ရ၊ စကားကျွံက နှုတ်မရ ဟူ၍လည်း ရှိပါသေး၏။

သည်တော့ အတိုက်အခံဖြစ်စေမည့် အပြုအမူကိုသော် လည်းကောင်း၊ အပြောအဆိုတို့ကိုလည်းကောင်း ပြုမူခြင်း ပြောဆိုခြင်းကို ရှောင်ကြဉ်ရပေလိမ့်မည်။

အာဃာတရှိလာလျှင်၊ အတိုက်အခံရှိလာလျှင် နှစ်ဦးနှစ်ဖက်

www.burmeseclassic.com



အတွက် ကောင်းသောရလဒ် မဟုတ်နိုင်တော့။

သို့ဖြစ်၍ အတိုက်အခံသဘောကို ရှောင်ကြဉ်ကာ သူ တစ်ပါးနှစ်သက်မည့် အပြုအမူ၊ အပြောအဆိုတို့ကို ဆောင် ရွက်သင့်လှပေသည်။

◆ ◆ ◆

www.burmeseclassic.com

## ပွဲမဝင်ခင် ကြိုတင်ပါ

'ပွဲမဝင်ခင် ကြိုတင်လေ့ကျင့်' ဆိုသော စကားရပ် ရှိသည်။

ခုခေတ်ကာလ၌ ကြိုတင်လေ့ကျင့်ခြင်း (ရီဟာဇယ်) သဘောပင် ဖြစ်ပါသည်။

ထိုသို့ လေ့ကျင့်ခြင်းသည် တကယ့်တကယ် အစစ်အမှန် ကျင်းပသည့်ပွဲနေ့၌ အမှားအယွင်း ကင်းစင်ကာ အဆင်ပြေ ချောမွေ့သည့်ရလဒ်ကို ဖြစ်ထွန်းစေနိုင်သည်။ သို့ဖြစ်၍ ဆုပေးပွဲများ၊ သင်တန်းဆင်းပွဲများ၊ ဘွဲ့နှင်းသဘင်ကျင်းပပွဲများတွင် အမှားမှားအယွင်းယွင်း မဖြစ်ရလေအောင် ပွဲမဝင်ခင် ကြိုတင် လေ့ကျင့်ကြခြင်း ဖြစ်ပေသည်။

ထိုအလေ့ကား ကောင်းသောအလေ့ ဖြစ်ပေသည်။

"နောက်မှ ရောက်ရာ၊ ရောက်ရာပေါ့ကွာ။ အခြေအနေ ကြည့်လို့ မီးစင်ကြည့်ပြီး ကရတော့မှာပေါ့"

www.burmeseclassic.com


ဆိုသူများကား အစ မကောင်းသူများ ဖြစ်ကြ၏။ အစ မကောင်းသည့်အတွက်ကြောင့်လည်း အနှောင်းမသေချာသော ဖြစ်ရပ်သာခကေတွေ့ကြ တစ်ပုံတစ်ပင်။

ကာကွယ်ခြင်းသည် ကုသခြင်း၏ ကောင်းမွန်သော ရှေ့ပြေး ဖြစ်သကဲ့သို့၊ ကြိုတင်ပြင်ဆင်ခြင်းသည်လည်း ပွဲဝင်ခြင်း၏ ကောင်းမွန်သော ရှေ့ပြေး ဖြစ်ချေ၏။

အချို့အချို့သော သူတို့သည် ခရီးသွားမည့်အခါ လိုအပ်သော အသုံးအဆောင်၊ ဆေးဝါးပစ္စည်းတို့ကို ကြိုတင်ပြင်ဆင်ထားလေ့ ရှိကြ၏။ ထိုအခါ လမ်းခရီး၌ မည်သို့မျှ စိတ်ကသိကအောက် ဖြစ်စရာတို့ မရှိကြတော့။

စင်မြင့်ထက်သို့တက်ကာ အများလူထုအား ဟောပြောရမည်ဆိုပါက အပြောအဆို ကျွမ်းကျင် ဝါရင့်နေသူတို့အဖို့ မထောင်းတာလှသော်လည်း ပွဲအတွေ့အကြုံမရှိသူ၊ ပွဲအတွေ့အကြုံနည်းပါးသူတို့မှာ ကြိုတင်၍ မှတ်တမ်းမှတ်ရာတို့ကို ထုတ်ထားသင့်လှ၏။ ထိုသို့ ကြိုတင်ပြင်ဆင်ခြင်းသည် မည်သို့သော အခါမျှ အကျိုးယုတ်လျော့သွားသည်မရှိ။ ထင်မှတ်မထားခဲ့သော အခက်အခဲများကိုပင် သေသပ်စွာ ကျော်လွှားသွားနိုင်သည်သာ ဖြစ်၏။

မိုးတွင်းကာလရောက်လျှင် ဆိုင်းတို့၊ ဇာတ်သဘင်တို့၊ အငြိမ့်တို့ ရပ်နားလေ့ရှိကြ၏။ သူတို့အဖို့ မိုးလေကင်းလွတ်သော အခါသမယသို့ ရောက်ပါမှ အနယ်နယ်အရပ်ရပ်သို့ ပွဲထွက်ကြရမည် မဟုတ်ပါလား။ ထိုကာလဝယ် ပြဇာတ်အသစ်

www.burmeseclassic.com


များ၊ နောက်ပိုင်း ဓာတ်ထုပ်များ အသစ်တစ်ဖန် တင်ဆက်ကပြရန်အတွက် ဓာတ်တိုက်ကြရ၏။ ဒါသည်ပင် ပွဲမဝင်ခင် ကြိုတင်လေ့ကျင့်ခြင်း မည်ပေ၏။

ရုပ်ရှင်၊ ဗီဒီယိုများလည်း ထိုနည်းနှင်နှင်။

ဓာတ်ဝင်ခန်းတစ်ခန်း ရိုက်တော့မည်ဆိုလျှင် အကြိုရိုဟာဇယ် အစမ်းလုပ်ကြည့်ကြရသည်။ တစ်ဖက်နှင့်တစ်ဖက် အပေးအယူ စည်ပြီး အတိမ်းအစောင်း မရှိတော့မှသာ ရိုက်ကူးကြလေ၏။ ထို့အတူ စင်တင်ဇာတ်ရှိုးများမှာလည်း ထိုနည်းနှင်နှင်။ ပွဲကျင်းပသည့်အခါမှသာ စင်ပေါ်တက်ဆိုလိုက်ရုံဟူ၍ သဘောမထားကြ။ မိမိနှင့် တီးခတ်မည့်အဖွဲ့ကို စည်းဝါးညီညွတ်ကျနမှု ရှိရလေအောင် သီချင်းတိုက်ကြရ၏။ ဒါသည်လည်း ပွဲမဝင်ခင် ကြိုတင့်လေ့ကျင့်ခြင်း မည်ပေ၏။

ကြိုတင်ပြင်ဆင်ခြင်းသည် ကောင်းသောလုပ်ရပ်ဖြစ်၏။

တွေ့ကြုံပေါ်ပေါက်လာနိုင်မည့် အခက်အခဲ အတားအဆီးဖြစ်ရပ်များကို ကျော်လွှားနိုင်၏။

ဘယ်ကိုသွားမည်။ ဘယ်မှာ နားမည်။ ဘယ်လမ်းကြောင်းကို ဦးတည်မည်။ ဘယ်လိုမျိုး အခက်အခဲတွေ တွေ့ကောင်းတွေ့နိုင်သည်။ ဘယ်သူတွေနှင့် အချိတ်အဆက် ပြုထားသင့်သည်။ ဘယ်အရာတွေကို ဆောင်ယူသွားသင့်သည်။ ဘယ်သူတွေနှင့်ဆုံလျှင် ဘယ်စကားပြောရမည် စသဖြင့် ဇယားဆွဲကာလုပ်ကိုင်ထားသင့်သည်တို့ကို ကြိုတင်လုပ်ကိုင်ထားခြင်းအားဖြင့် အခက်အခဲမှန်သမျှ ပြေလည်သွားလိမ့်မည်မှာ သေချာသည်။

www.burmeseclassic.com



အောင်မြင်တိုးတက်နေသူတို့ကို လေ့လာ ဆန်းစစ်ကြည့်ပါက ၎င်းတို့၌ ကြိုတင်ပြင်ဆင်မှုများ ရှိနေသည်ကို တွေ့ရမည်။

မိမိတို့ မြန်မာနိုင်ငံ၌ အဆိုးဆုံး ကြုံတွေ့ခဲ့ရသော နာဂစ်မုန်တိုင်းကြောင့် လူ့အသေအပျောက် များခဲ့လေသည်။ အကယ်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပါက ဤမျှ ဤမျှလောက် ဆုံးရှုံးမှုများ ဖြစ်လာစရာ အကြောင်းမရှိ။

ကြိုတင်ပြင်ဆင်ခြင်းကား မမှားသောလုပ်ဆောင်ခြင်း ဖြစ်ပေ၏။

✦ ✦ ✦

www.burmeseclassic.com

## ဖျောက်သင့်တာကို ဖျောက်ဖို့လိုသည်

ငယ်စဉ်ကာလက အာဇာနည်နေ့ကျရောက်လေတိုင်း ည အချိန် သတင်းအပြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ ပြတ်သားတိကျသော မိန့်ခွန်းထဲမှ စကားသံ အချို့ နားထဲ စွဲနေသည်။

"လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင် တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားချင်၊ စံစားချင်တယ် ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်း က ခင်ဗျားတို့ကိုယ်ကို စောက်ကျင့်ဆိုးတွေ၊ စောက်ကျင့် ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့ လိုပြီဆိုက ကျွန်တော် ကနေ့ ပြောခဲ့ချင်ပါတယ်"

စကားလုံးတွေက ကြမ်းရှသော်လည်း ထိရောက်သည်။ စေတနာပါသည်။

အကျင့်ဟူသည် လူတိုင်း၌ ရှိနေတတ်ကြသော မွေးရာပါ ဗီဇ ဖြစ်သည်။

www.burmeseclassic.com



အကျင့်ဟုဆိုရာ၌ ကောင်းသောအကျင့်ရှိသကဲ့သို့ မကောင်းသော အကျင့်သည်လည်း ရှိ၏။ မည်သို့သော အကျင့်ဖြစ်စေ ခေါက်ရိုးကျိုးသွားပါက ပြန်လည်ပြုပြင်ရန်မှာ အလွယ်တကူ မဖြစ်နိုင်ပါချေ။

ကောင်းသောအလေ့အကျင့်ကမူ ပြောစရာမလိုချေ။ အောင်မြင်တိုးတက်ဖို့ရာ ကြီးစွာသောအထောက်အကူဖြစ်၏။ မကောင်းသော အလေ့အကျင့်သည်သာလျှင် အကျိုးပျက်ပြားရာ ပျက်ပြားကြောင်း ဖြစ်ပေသည်။

ကွမ်းစားခြင်း၊ ဆေးငုံခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းတို့သည် မကောင်းသောအကျင့်ဖြစ်၏။ ထိုမကောင်းသော အကျင့်အား စွဲနေသူအဖို့ မကောင်းမှန်း သိပင်သိငြားရတ်ချည်းအားဖြင့် ဖြတ်တောက်ဖို့ရာ မလွယ်ကူပေ။ ကာလကြာလေသော် အသေးအဖွဲကလေးသည် အကြီးအမားကြီး ဖြစ်သွားတတ်၏။

အချို့အချို့သော မကောင်းသော အကျင့်များကို ငယ်စဉ်ကာလကတည်းက ဖြတ်တောက်မည်၊ ဖျောက်ဖျက်မည်ဆိုလျှင် ရနိုင်၏။ သို့ရာတွင် ပေလျက်ထားသဖြင့် တဖြည်းဖြည်း ကြီးမား စွဲမြဲလာသောအခါ မကောင်းသည့်အကျင့်ကို ဖျောက်ရန် ခက်ခဲလှချေ၏။

အောင်မြင်ကြီးပွားတိုးတက်လိုသူတို့အဖို့ မိမိတို့စွဲမြဲသော အကျင့်သည် မကောင်းသော အကျင့်ဖြစ်ပါက ထိုအကျင့်သည် မည်မျှပင် သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ ဖျောက်

www.burmeseclassic.com


ပစ်ဖို့ လိုအပ်လှသည်။ ထိုသို့ ဖျောက်ဖျက်ရာ၌ မိမိ၏စိတ်ကို မိမိ ခိုင်မာကြံ့ခိုင်ဖို့ အထူးပင်လိုအပ်လှပါသည်။

လောကသဘာဝအရ ကောင်းသောအကျင့်သည် ပြုစုပျိုးထောင်ရ ခက်ခဲသလောက် မကောင်းသောအကျင့်မှာမူ အလွယ်တကူ စွဲမက်လွယ်၏။ လူတို့၏ ပင်ကိုယ်သဘောအရလည်း မကောင်းမှု၌ မွေ့လျော်တတ်ပေရာ ထိုအချက်ကို အထူးပင် ဂရုပြုသင့်ပေသည်။ မကောင်းသောအကျင့်ကို ဖျောက်ပစ်ဖို့ရာတွင် ကောင်းမြတ်သောဝါသနာဖြင့် အစားထိုးသင့်ပေသည်။ တရားဓမ္မ လေ့လာလိုက်စားခြင်း၊ အားကစားတစ်ရပ်ရပ်ကို လိုက်စားခြင်း၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်းတို့ဖြင့် မကောင်းသောအမှုအကျင့်တို့အား ဖျောက်ဖျက်ပစ်နိုင်ကြပါသည်။

အပ်ဖြင့်ထွင်းရမည့်အချိန်တွင် အပ်နှင့် ထွင်းလိုက်သည်က အကောင်းဆုံး ဖြစ်၏။

သို့မဟုတ်ပါက အပ်အစား ပုဆိန်ကို အသုံးပြုရမည့် အခြေအနေသို့ ဆိုက်ရောက်မှန်းမသိ ဆိုက်ရောက်လာပါလိမ့်မည်။

သည့်အတွက်–

ကြီးပွားတိုးတက်အောင်မြင်လိုသော စိတ်ဆန္ဒရည်ရွယ်ချက်ရှိပါက ဖျောက်သင့်တာမှန်သမျှ ဖျောက်ဖို့လိုပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## ဆုံးခန်းတိုင်အောင် ဆောင်ရွက်ပါ

ဘဝ၌ အောင်မြင်ကြီးပွားတိုးတက်သူတွေကို လေ့လာကြည့်လျှင် မည်သည့်အလုပ်ကို လုပ်လုပ် ဆုံးခန်းတိုင်ထိအောင် လုပ်ဆောင်တတ်ကြသူများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သည့်အတွက် သူတို့သည် အစကတည်းက ကောင်းမွန်အောင် အခြေတည်ခဲ့ကြသည်။ အကောင်အထည်ဖော် လုပ်ဆောင်နေစဉ် ကာလတစ်လျှောက် မည်သို့မည်ပုံ အခက်အခဲတွေ တွေ့တွေ့၊ အဆီးအတားတွေကြုံကြုံ အမှုမထား၊ တွေဝေမှုမရှိ။ ရှေ့ဆန်တက်လျှင် ကောင်းမလား၊ နောက်ပြန်လှည့်လျှင် ကောင်းမလား ဟူ၍လည်း ဒွိဟစိတ်တွေ မရှိ။ ကိုယ်လျှောက်ရမည့် ခရီးကို ဆုံးခန်းတိုင်အောင် လျှောက်သွားတတ်ကြသည်။ သည့်အတွက် ဘာပဲပြောပြော အလုပ်တစ်ခုကို (အောင်မြင်သည်၊ မအောင်မြင်သည် အပထား) အပြီးသတ်နိုင်ခဲ့သည့် လုပ်ရပ်ကတော့ ဂုဏ်ယူစရာ ကောင်းလှသည်။

ဘာလုပ်လုပ် ဟိုဟာလည်း တိုးလို့တန်းလန်း၊ သည်ဟာ

www.burmeseclassic.com



လည်း တိုးလို့တန်းလန်း ဖြစ်နေသောသူသည် မည်သို့သော အခါမျှ ရှေ့တန်းသို့ ထွက်မလာနိုင်ပေ။ ခရီးအဆုံးထိ မလိုက်ပါနိုင်ဘဲ လမ်းခုလပ်မှာပင် ဆင်းနေရစ်ခဲ့ရမည့် လူစားမျိုး ဖြစ်သည်။

အချို့သောသူတို့သည် ပညာအခြေခံကောင်းသည်နှင့်အမျှ ထူးချွန်ထက်မြက်ကြပါ၏။ သို့ရာတွင် ထင်ထားသလောက် အောင်မြင်ပေါက်ရောက်လာခြင်း မရှိပေ။ ထိုသို့သော အကြောင်းရင်းကို အဖြေရှာကြည့်သောအခါဝယ် အလုပ်တစ်ခုကို ဆုံးခန်းတိုင် ပြီးမြောက်အောင်မလုပ်ဘဲ တစ်ဝက်တစ်ပျက်သာ လုပ်ဆောင်တတ်သောကြောင့် ဖြစ်ပေသည်။

စာမေးပွဲ၌ ကျောင်းသားတစ်ယောက်သည် စာစီစာကုံး တစ်ပုဒ်ကို ဖြေဆိုရ၏။ ဤတွင် ပြီးဆုံးအောင် မရေးဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်နားပစ်ခဲ့၏။ သည့်အတွက် စာစီစာကုံး အင်္ဂါနှင့် မပြည့်မစုံဖြစ်ရကာ အမှတ်ပေးဆရာအဖို့ ရည်ရွယ်ထားရှိသမျှအမှတ်ကို ပေးလိမ့်မည် မဟုတ်ပေ။ စာစီစာကုံးကို ဆုံးခန်းတိုင်အောင် ရေးသူက စာစီစာကုံးအတွင်းရှိ အကြောင်းအရာများ ကောင်းချင်မှကောင်းလိမ့်မည် ဆိုသော်ငြား စာစီစာကုံး တစ်ပုဒ်၏ အင်္ဂါရပ်နှင့် ကိုက်ညီသည့်အတွက် ထိုက်သင့်သော အမှတ်များကိုမူ ရရှိနိုင်ပါလိမ့်မည်။

စင်စစ် အောင်မြင်မှုရရှိလိုသူများအတွက် မိမိလုပ်ဆောင်ရမည့်အလုပ်ကို လက်စသတ်အောင်၊ ဆုံးခန်းတိုင်အောင် လုပ်ဆောင်သင့်လှပေသည်။

www.burmeseclassic.com



"အရေးမကြီးပါဘူးကွာ... စိတ်ပါမှပဲ လုပ်တော့မယ်။ ခုနေလုပ်လည်း အောင်မြင်ချင်မှ အောင်မြင်မှာ။ အသေးအမွှားတွေပဲ... ခဏာပစ်ထားလိုက်ဦးမယ်"

သည်လိုလူမျိုးကား... အချိန်နှင့်စွမ်းအားကို အလဟဿ ဖြုန်းတီးပစ်သူများ ဖြစ်ကြ၏။ နဂိုကတည်း အလုပ်တစ်ခု လုပ်တော့မည်ဆိုလျှင် လုပ်နိုင် မလုပ်နိုင်၊ လက်စ သတ်နိုင် မသတ်နိုင်ကို ကြိုတင်စဉ်းစားထားဖို့လိုအပ်၏။ မစွမ်းဆောင်နိုင်ဟု ယူဆလျှင် အစကတည်းက မလုပ်သည်မှာ အကောင်းဆုံးဖြစ်၏။ သို့မဟုတ်တဲ သွားလုပ်လိုက်ပါက အောင်မြင်မှုလည်း ရရှိလာလိမ့်မည်မဟုတ်။ အောင်မြင်မှု၏ အသီးအပွင့်တွေ ဆိုသည်မှာ ဝေလာ... ဝေး။

အောင်မြင်မှုကို မျှော်လင့်လျှင် စိတ်ကို ခိုင်ခိုင်ထားကာ တိကျသေချာသော ဆုံးဖြတ်ချက်ဖြင့် ဆုံးခန်းတိုင် ပြီးမြောက် အောင် လုပ်ဆောင်ရပေလိမ့်မည်။

အလုပ်တစ်ခု၏ အတိုင်းအတာ ပမာဏသည် သေးငယ်သည်ဖြစ်စေ၊ ကြီးမားသည်ဖြစ်စေ ဆုံးခန်းတိုင်ပြီးမြောက်သည် အထိ လုပ်ဆောင်နိုင်ခြင်းသည် ကောင်းသောအမူအကျင့် ဖြစ်၏။ အလုပ်ကို ရိုသေရာလည်း ရောက်၏။ အလုပ်ကို ရိုသေသဖြင့် အလုပ်ကလည်း မိမိအပေါ်တွင် တုံ့ပြန်အကျိုးကျေးဇူး ပြုပေလိမ့်မည်။

ယုတ်စွအဆုံး အောင်မြင်မှုမရသည်ဘဲ ထားဦး။ သင်ခန်းစာ ယူစရာ၊ လစ်ဟာချက်များစွာကို တွေ့မြင်လာပါလိမ့်မည်။

www.burmeseclassic.com



ငွေကြေးနှင့် စက်ဝယ်၍မရသော အတွေ့အကြုံကောင်းများ ရရှိလာပါလိမ့်မည်။

သို့ဖြစ်၍–

အောင်မြင်လိုသူတို့အဖို့ လုပ်တော့မည်ဟု ဆုံးဖြတ်ထားသော အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင်လုပ်ဆောင်ဖို့ အရေးကြီးလှပေသည်။

◆ ◆ ◆

www.burmeseclassic.com

## အပြစ်တွေ ပြောနေမည့်အစား

အလုပ်လုပ်သူ တစ်ယောက်အတွက် ထာဝရအမှန်တွေချည်း ဟူ၍ မဆိုနိုင်ပေ။

ကြီးကြီးမားမား မဟုတ်သည့်တိုင် သေးငယ်သော အမှားကလေးများ ရှိနေတတ်သည်မှာ သဘာဝတရား ဖြစ်၏။

လူ့သဘော လူ့သဘာဝကိုက သူတစ်ပါးမျက်ချေးသာ မြင်တတ်ပြီး၊ ကိုယ့်မျက်ချေးကိုမူ မမြင်နိုင် ဖြစ်လေ့ရှိကြသည်။

အောင်မြင်ကြီးပွား တိုးတက်လိုသူတိုင်းသည် သူတစ်ပါး အပြစ်ကို မြင်တွေ့သည့်တိုင် အပြစ်တင်မည့်အစား ဖျောင်းဖျ စည်းရုံးခြင်းဖြင့် ပြုပြင်ယူလေ့ရှိကြ၏။ သည့်အတွက် အပြစ်ပြု မိသူ အဖို့ရာ ခံသာ၏။ ထိုအပြစ်ကို သင်ပုန်းချေသည့်အနေဖြင့် အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ဆင်ခြင်မိကြ၏။

အချို့ကမူ သူတစ်ပါးအပြစ်ကိုမြင်လျှင် တစ်စိတ်ကို တစ် အိတ် လုပ်ပစ်တတ်ကြ၏။ သူတစ်ပါးအပြစ်ကို အလံထူပြကာ မိမိ၏အပြစ်ကိုမူ ဖုံးကွယ်တတ်ကြ၏။ ထိုလူမျိုးကား အောင်မြင်

www.burmeseclassic.com


မှုနှင့် အလှမ်းကွာဝေးနေဦးမည်သာ ဖြစ်၏။ သူတစ်ပါးအပြစ်ကို ရှေ့တန်းတင်လိုက်ခြင်းမှာ မိမိ၏အပြစ်ကို ရင်ဆိုင်ဖြေရှင်းရန် မရဲဝံ့သောကြောင့် ဖြစ်ပေသည်။ ပြဿနာတစ်ရပ် ပေါ်ပေါက်လာပြီဆိုပါက အောင်မြင်တိုးတက်မည့်သူအဖို့ သူတစ်ပါးကို အပြစ်မဖို့ဘဲ မိမိဘာသာမိမိ ရင်ဆိုင်ဖြေရှင်းတတ်ပေသည်။ ထိုအခါ ပြဿနာလည်း အေးငြိမ်းသွားရ၏။ ပြဿနာသည် သေးငယ်တုန်း မဖြေရှင်းလျှင် တစ်စတစ်စ ကြီးထွားလာတတ်သည့်သဘော ရှိ၏။

"ဒီဟာလေးက လွဲနေသလိုပဲ။ ဒီလိုလေး ပြန်လုပ်ရင် ကောင်းမယ်ထင်တယ်။ မင်းကိုယ်တိုင်လည်း စဉ်းစားကြည့်ပါဦး"

အဆိုပါစကားကို အပြစ်ပြုလုပ်ထားသောသူသည် အဘယ်မှာလျှင် နားမဝင်ဘဲ နေပါလိမ့်မည်နည်း။ မှားမှန်းသိနေသည့် အပေါ် အပြစ်တင်စကားမဆိုဘဲ စဉ်းစားခန်းဖွင့်စေကာ တစ်ဖက်လှည့် တိုက်တွန်းပေးခြင်းဖြင့် အမှားမှသည် အမှန်သို့ ကူးပြောင်းသွားသည်။ လုပ်ငန်းကိစ္စအဝဝမှာလည်း အောင်မြင်သွားရသည်။

သူတစ်ပါး၏အပြစ်ကို မပြောဆိုဘဲ ညင်သာစွာဖြင့်လက်ခံလာအောင် ပြောဆိုခြင်းသည် မိမိအတွက် အောင်ရာအောင်ကြောင်းသာ ဖြစ်ပေ၏။

လောက၌ ဘာမှမလုပ်လျှင် ဘာမှ မမှားပေ။

ဘာမှ မမှားရလေအောင် ဘာမှ မလုပ်ဘူးဆိုလျှင်ဖြင့်

www.burmeseclassic.com


လူ့ဘဝ၌ သက်ရှင်ရပ်တည်နေရသည်မှာ အချည်းနှီး။ မိမိလည်း ဘာမျှ အသုံးမကျသည့် လူ့ဗာလ။ လောကကြီးအတွက်လည်း ဆန်ကုန်မြေလေးသာ ဖြစ်ပေလိမ့်မည်။

အပြစ်တင်ခြင်းသည် ကျရှုံးမှုလက္ခဏာ ဖြစ်၏။

ချီးမွမ်းခြင်းသည် အောင်မြင်မှုသင်္ကေတ ဖြစ်၏။

အခက်အခဲဟူသည် လူတိုင်း၊ လုပ်ငန်းတိုင်း၊ နေရာတကာ တိုင်း တွေ့မြင်ကြရသည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။

အခက်အခဲ ဖြစ်လာပါက ပြေလည်အောင် ဖြေရှင်းရပေ လိမ့်မည်။

လုပ်ငန်းရှင်တစ်ယောက်အဖို့ မိမိ၏လုပ်ငန်း၌ ပြဿနာ၊ အခက်အခဲတို့ ပေါ်လာပါက တည်ငြိမ်အောင် ဖြေရှင်းတတ်ဖို့ လိုပေသည်။ ထိုအနေအထားမျိုး၌ ပျော့ပျောင်းညင်သာစွာ မိမိ ကိုယ်တိုင် မဖြေရှင်းဘဲ–

"မင်းကြောင့် ဖြစ်ရတာ... မင်းတို့ကြောင့် ဖြစ်ရတာ"

ဟူ၍ တစ်ပါးသူကို လက်ညှိုးထိုး အပြစ်တင်နေပါက ပြဿနာပြီးပြတ်လိမ့်မည် မဟုတ်ချေ။ မပြီးပြတ်ရုံမက မြားဦးက မိမိထံ လှည့်လာကာ ပါးကိုက်တော့ နားပြန်ကိုက်သည့် အဖြစ် မျိုးဖြင့် ဆုံးရှုံးနစ်နာမှုသာ အဖတ်တင်ပေလိမ့်မည်။

သည့်အတွက် အောင်မြင်လိုသူတိုင်း... အပြစ်တင်စိတ်ကို ဘေးအသာချိတ်လျက် ချစ်ခင်စိတ်ဖြင့် အကျိုးအကြောင်းပြပြီး သာယာပြေပြစ်စွာ ပြောဆိုတိုက်တွန်း ပြုပြင်သင့်ပေသည်။

✦ ✦ ✦

www.burmeseclassic.com

## စိတ်ဓာတ်ရင့်ကျက်မှု

တကယ်ဖြစ်ချင်လျှင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည်မှာ စိတ်ဓာတ်ရင့်ကျက်မှုနှင့် သက်ဆိုင်သည်။

စိတ်ဓာတ်သာ ရင့်ကျက်မှု မရှိလျှင် အဘယ်မှာ တကယ်ဖြစ်ချင်ပါမည်နည်း။

တကယ်မဖြစ်ချင်ပါက တကယ်လည်း လုပ်တော့မည်မဟုတ်။ ထိုအခါ ဘာမှလည်း ဖြစ်လာလိမ့်မည် မဟုတ်။

သည်လောက၌ တကယ်အဟုတ်ဖြစ်နေသူနှင့် ယောင်တောင်ပေါင်တောင် ဘာမှမဖြစ်သူတို့ကို နှိုင်းယှဉ်ကြည့်ပါ။

အောင်မြင်သူနှင့် ရှုံးနိမ့်သူ။

ကြီးပွားသူနှင့် မွဲချာသူ။

တိုးတက်သူနှင့် ဆုတ်လျော့သူ။

ဘယ်သူတွေ အရေအတွက်များနေပါသနည်း။ အဖြေကရှင်းရှင်းလေး။

www.burmeseclassic.com



နိုင်ငံခြားသားတစ်ဦးပိုင် စက်ရုံတစ်ခုမှာ အလုပ်လုပ်သူတွေက ထောင်ချီ၊ သောင်းချီ။ သည်ကတည်းက ရှင်းနေပြီးသား။

အောင်မြင်သူက အနည်းစု။

တကယ်တော့ အောင်မြင်သူတို့မှာလည်း အများနည်းတူပင် လောကစံလှိုင်းဂယက်တွေနှင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်မှာ သေချာသည်။ မိဘဆွေမျိုးအသိုင်းအဝိုင်း ကျောထောက်နောက်ခံ မရှိဘဲ အောင်မြင်ကြီးပွားလာဖို့ ဆိုသည်မှာ အလွယ်တကူတော့ မဖြစ်နိုင်ပေ။ အခက်အခဲ၊ အတားအဆီးတွေ ကျော်လွှားခဲ့ရမည်။ ပြဿနာအရပ်ရပ်တို့နှင့် ရင်ဆိုင်ခဲ့ရမည်။ အဆင်မပြေမှုတွေနဲ့လည်း ကြုံခဲ့ရမည်။ ဒါတွေကို ရင်ဆိုင်ရသည့်အတွက်–

"ငါတော့... သွားပါပြီ။ ဘယ်တော့မှ နာလံထူတော့မှာ မဟုတ်ပါဘူး"

ဟု စိတ်ပျက်အားလျော့သွားလေမည်လား။ ထိုသို့ဆိုပါမူ အောင်မြင်သော လုပ်ငန်းရှင်အဖြစ် အထွတ်အထိပ်သို့ ရောက်လိမ့်မည် မဟုတ်။

အောင်မြင်သော လုပ်ငန်းရှင်ဘဝသို့ ရောက်ဖို့ရာအတွက် အဆင်မပြေမှုတွေ ဘယ်လောက်ကြုံကြုံ၊ အခက်အခဲတွေ ဘယ်လောက်ပဲ ဆီးတား၊ ဆီးတား ရင်ဆိုင်ကျော်ဖြတ်ရမည်သာ ဖြစ်၏။ သူတို့အဖို့ အဆင်မပြေမှုတွေ ကြုံရတိုင်း နောက်ထပ်တစ်ဖန် ထိုသို့ မဖြစ်ရလေအောင် စိတ်ဓာတ်တို့ကို အမြဲပင် နိုးကြားလာအောင် သွေးနိုးနေမည်သာ ဖြစ်၏။

အားနည်းချက်ဟူသည် လူတိုင်းတွင် ရှိ၏။

www.burmeseclassic.com



အားနည်းချက်ရှိက ပြုပြင်ရမည်သာ ဖြစ်၏။ စိတ်ဓာတ်ကြံ့ခိုင် မာကျောသူတစ်ယောက်ဖြစ်အောင် ကြိုးစားရမည်သာ ဖြစ်၏။

အောင်မြင်မှု ရရှိနေသူတို့သည် စိတ်ဓာတ်ပျော့ညံ့နေသူများ မဟုတ်ကြ။

တွေ့ကြုံလာမည့် အခက်အခဲများစွာကို ရဲရဲရင့်ရင့် ရင်ဆိုင်လျက် ကျော်လွှားဖြတ်သန်းကာ သူတကာနှင့်မတူအောင် ကြိုးပမ်းရင်း အထွတ်အထိပ်ကို တက်လှမ်းခဲ့ကြသူများ ဖြစ်ပေသည်။

ပမာအားဖြင့် ပင်လယ်ပြင်၌ သံလိုက်အိမ်မြှောင် မရှိသူအတွက် ဘယ်ဝယ် ရှေ့နောက်၊ ဘယ် တောင်မြောက်ဟု ခွဲခြားမသိသဖြင့် စိတ်ဓာတ်ကျဆင်းနေမည်ဖြစ်သော်လည်း သံလိုက်အိမ်မြှောင်ရှိသူအဖို့ မည်သည့်အရပ်ဒေသရှိရာမဆို ရွက်လွှင့်နိုင်မည်သာ ဖြစ်၏။ စိတ်ဓာတ်ရင့်ကျက်မှုကား သံလိုက်အိမ်မြှောင်သဖွယ် ဖြစ်ချေ၏။

ထိုသူ့အဖို့ မည်၍မည်မျှ လှိုင်းတံပိုးထန်ပါစေ သူဆိုက်ကပ်လိုရာ အရပ်သို့ မရောက်ရောက်အောင် ဦးတည်လော်ခတ်မောင်းနှင်နေမည်သာ ဖြစ်ပေ၏။

အောင်မြင်မှုပန်းတိုင်ကို လော်ခတ်ရာခရီးလမ်း၌ အခက်အခဲ အတားအဆီးတို့ ရှိနေမည်မှာ ဓမ္မတာ။

စိတ်ဓာတ်ရင့်ကျက်စွာဖြင့် အောင်မြင်မှုပန်းတိုင်ရှိရာ သွားရောက်ရမည်က အခရာ။

✦ ✦ ✦

www.burmeseclassic.com

## မိမိသည်သာ ကိုးကွယ်ရာ

'အတ္တဟိ အတ္တနော နာထော'... မိမိကိုယ်သာ ကိုးကွယ်ရာဟူသော စကားရှိ၏။

လူသည် မိမိကိုယ်ကိုမိမိ အချစ်ဆုံးဖြစ်၏။

ထိုသို့ မိမိကိုယ်မိမိ အချစ်ဆုံးဖြစ်သည့်အလျောက် မိမိကိုယ်ကို မိမိ အားကိုးအားထားပြုရပေလိမ့်မည်။

ကျောင်းသားတစ်ယောက်အဖို့ စာမေးပွဲအောင်ဖို့အရေး ဖြေဆိုရာ၌ တစ်ပါးသူကို အားကိုးကာ ဖြေဆိုခိုင်း၍ မရပေ။ မိမိကိုယ်တိုင် ဖြေဆိုမှ ဖြစ်ပေမည်။ မိမိကိုယ်ကို မိမိ အားကိုးရပေလိမ့်မည်။ ထိုအတူ ရေထဲပြုတ်ကျသူအဖို့ရာလည်း ကမ်းကိုရောက်ဖို့အရေး မိမိကိုယ်တိုင် ကူးခတ်မှ ဖြစ်ပေမည်။

လူတိုင်းလူတိုင်းသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြသူများဖြစ်ချေ၏။ ကံစီမံရာအတိုင်း လုပ်ဆောင်နေကြသူများလည်းဖြစ်ချေ၏။

လူမှာ လက်တွေ့မျက်မြင် တွေ့ကြုံနေရသောကံ ရှိ၏။ ထိုကံကို ပစ္စုပ္ပန်ကံဟု ခေါ်၏။ မမြင်ရသောကံကို ရှေးကံ၊

www.burmeseclassic.com



အတိတ်ကံဟု ခေါ်၏။ အတိတ်ကာလက ပြုလုပ်ခဲ့သော ကံသည် လွန်စွာကောင်းမွန်နေသည့်အတွက် မျက်မှောက်ပစ္စုပ္ပန်၌ ဘာမျှ အပန်းတကြီး လုပ်စရာမလိုဟု သဘောထားကာ အတိတ်ကံဖြင့် မေးနေပါက မည်သို့မျှ အထွတ်အထိပ်သို့ ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပေ။

ကိုယ့်ကြမ္မာ ကိုယ်မဖန်တီးသောသူ၊ မိမိကိုယ်ကိုမိမိ အားမကိုးသောသူသည် အောင်မြင်မှုနှင့် ထိုက်တန်သူမဟုတ်။ မရှယ်ဘဲ စော်ကမင်း ဖြစ်ပါစေ၊ ကြက်ကန်းဆန်အိုး တိုးပါစေ၊ ထိုအောင်မြင်မှုသည် အခိုက်အတန့်မျှသာ ဖြစ်ပေလိမ့်မည်။

သည့်အတွက် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးရ၏။ ကိုယ့်ကိုယ်ကိုယ် အားကိုးရ၏။

မိမိကိုမိမိ ကိုယ့်ကြမ္မာကိုယ်ဖန်တီးမည်။ ကိုယ့်အား ကိုယ်ကိုးမည်ဟူ၍ သန္နိဋ္ဌာန် ချမှတ်ထားပြီးသောသူသည် လောကဓံကို မမှုပေ။ မိမိ ဘာဖြစ်ချင်သည်ကို မိမိကိုယ်တိုင် သိရှိပြီး မိမိဆန္ဒပြီးမြောက်အောင်မြင်အောင် မဖြစ်မနေ လုပ်ဆောင်တတ်ပေ၏။

ထိုသူအဖို့ ၎င်းဖြစ်စေချင်သောဆန္ဒကို အခြားတစ်ပါးသူက ကိုယ်စားဝင်ရောက်ဆောင်ရွက်ပေး၍ ရနိုင်သည်မဟုတ်။ အခြားသူ ဖြစ်စေချင်သောဆန္ဒကိုလည်း မိမိက ကိုယ်စားဝင်ရောက်ဆောင်ရွက်ပေး၍ မရနိုင်။ သူ့စိတ်နှင့်သူ့ကိုယ်၊ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်သာချည်း။

သူလည်း သူ့ဘဝကို သူတည်ဆောက်ရ၏။ ကိုယ်လည်း ကိုယ့်ဘဝကို ကိုယ်တည်ဆောက်ရ၏။

www.burmeseclassic.com



ကံကြမ္မာဟူသည် လုပ်ရပ်အပေါ်တွင် အပြောင်းအလဲရှိ၏။

လုပ်ရပ်မှန်ကန်ပါက ကံကြမ္မာကောင်းမည်ဖြစ်ပြီး လုပ်ရပ်လွဲချော်နေပါက ကံကြမ္မာဆိုးရွားနေမည်သာ ဖြစ်၏။

သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို အကြွင်းမဲ့သိသော ဘုရားအဖြစ်သို့ ရောက်ရှိလာရန်အတွက် မည်သူမည်ဝါကိုမျှ အားကိုးနေခဲ့သည်မဟုတ်။ အတ္တာဟိအတ္တနောနာထော မိမိကိုယ်မိမိအားကိုးခဲ့သူ ဖြစ်သည်။ သည့်အတွက်ကြောင့်လည်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်း၏ ပူဇော်အထူးကို ခံယူတော်မူသည့် ဘုရားရှင်အဖြစ်သို့ ရောက်ခဲ့သည် မဟုတ်ပါလား။

သီချင်းကလေးတစ်ပုဒ်ကို ကြားဖူးပါသည်။

"မည်သူမဆို... ကူညီသည်ဖြစ်စေ... မည်သူမဆို... မကူညီသည်ဖြစ်စေ... ကိုယ်တူကိုယ်ထ... ကိုယ့်ဘဝ အခြေအနေ... ကိုယ့်အားကိုယ့်ကိုးမှ... ကိုယ်သာသခင်ဖြစ်ပေ..." တဲ့။

နောက်တစ်ပုဒ်လည်း ကြားဖူးပြန်ပါသေးသည်။

"ကိုယ့်ကိုယ်ကိုယ်... အားကိုးကြပါ... အားကိုးကြပါ... သူတစ်ပါးကို ယုံစားနေဖို့မလို" တဲ့။

သီချင်းတွေက အဓိပ္ပာယ်ရှိလှပါဘိ။

ထိုအတူ မိမိတို့သည်လည်း အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းဖြင့် ဘဝအောင်မြင်မှုတွေ ရယူနိုင်ဖို့ လိုပေသည်။

✦ ✦ ✦

www.burmeseclassic.com



## ထားရှိရမည့် အကန့်အသတ်

လူ့ဘဝကို စတင်ပြီဆိုကတည်းက အကန့်အသတ်တွေ ရှိခဲ့ပြီးသား။

ပထမအရွယ်မှာ ပညာရှာ။

ဒုတိယအရွယ်မှာ စီးပွားရှာ။

တတိယအရွယ်မှာ တရားရှာ။

စသည်ဖြင့် ယေဘုယျ အကန့်အသတ်ပိုင်းခြားထားခဲ့၏။

နေရာတကာမှာ အကန့်အသတ်ရှိ၏။

လုပ်ငန်းခွင်တစ်ခု၌ အလုပ်အကိုင်အတွက် ဝန်ထမ်းကို ခေါ်ယူရာ၌ အသက်အပိုင်းအခြားဖြင့် ကန့်သတ်ထား၏။ ပညာ အရည်အချင်းဖြင့် ကန့်သတ်ထား၏။ လုပ်ငန်းခွင်အတွေ့အကြုံ ဖြင့် ကန့်သတ်ထား၏။ အချို့ကုမ္ပဏီများဆိုလျှင် ရုပ်ရည်လှပ ကြော့ရှင်းသူများကို ဦးစားပေးမည် ဆိုတာမျိုးဖြင့်လည်း ကန့် သတ်ထား၏။ နေရာဒေသမရွေး သွားရောက်ထမ်းဆောင်နိုင်ရ မည်ဆိုတာမျိုး၊ မျက်မှန်တပ်ထားသူများ လျှောက်ထားရန် မလိုပါ ဆိုတာမျိုးတွေနှင့်လည်း ကန့်သတ်ထား၏။

www.burmeseclassic.com



စာမေးပွဲဝင်မည့် ကျောင်းသား ကျောင်းသူများအဖို့ရာတွင်လည်း အကန့်အသတ်ထားရှိဖို့ လို၏။

စာမေးပွဲဖြေဆိုရမည့် ရက်ပေါင်း မည်မျှ လိုပါသေးသနည်း။

ထိုလိုသေးသော ရက်တို့ကို သူ့အပိုင်းနှင့်သူ ကန့်သတ်လျက် ဘယ်ရက်တွေမှာ ဘယ်ဘာသာတွေကို ကြိုတင် ကျက်မှတ်မည်။ အတွက်အချက်၊ အလေ့အကျင့်ပြုမည် စသဖြင့် ကန့်သတ်ထားရှိသင့်၏။ ထိုသို့ ကန့်သတ်လုပ်ဆောင်ခြင်းဖြင့် ကြီးမားသောအကျိုးကို ခံစားရတတ်ပါ၏။

စစ်တက္ကသိုလ်ဗိုလ်လောင်း ဖြစ်လိုသူတို့အဖို့ အသက်အကန့်အသတ်ရှိ၏။ ထိုအသက် အကန့်အသတ်အတွင်း အခြေခံသည့် အထက်တန်းကို အောင်မြင်ရမည်။ အိမ်ထောင် မရှိသောလူပျိုဖြစ်ရမည်။ ကျန်းမာသန်စွမ်းရမည်။ ဗဟုသုတ ဉာဏ်ရည်များ ထက်မြက်ရမည်။ သို့မှသာ ဗိုလ်လောင်းဝင်ခွင့် စာမေးပွဲကို ဖြေဆိုနိုင်ပေမည်။ ဖြေဆိုရာတွင်လည်း ရေးဖြေ၊ လူတွေ့အောင်မြင်ရုံနှင့် မပြီးသေး။ လက်တွေ့လုပ်ဆောင်မှုတွေပါ အောင်မြင်မှ ဗိုလ်လောင်းသင်တန်း တက်ခွင့်ရပေမည်။

အောင်မြင်မှုဟူသည်မှာ တန်ခိုးရှင်က ဖန်ဆင်းပေး၍ ရသောကိစ္စမဟုတ်။

အချိန်ကာလများစွာ အားထုတ်လုပ်ဆောင်ပြီးကာမှ ရရှိနိုင်သော အကျိုးရလဒ်ဖြစ်၏။

အောင်မြင်မှုခရီးလမ်းသည် တာတိုလည်း ရှိနိုင်၏၊ တာဝေးလည်း ရှိနိုင်၏။

တာတိုဖြစ်စေ၊ တာဝေးဖြစ်စေ ကန့်သတ်ချက်တွေကတော့

www.burmeseclassic.com



သူ့နေရာနှင့်သူ ရှိနေပါလိမ့်မည်။

ဘယ်စက္ကန့်၊ ဘယ်မိနစ်၊ ဘယ်နာရီမှာ အတိုင်းအတာမည်မျှထိ ရောက်ရမည် စသဖြင့် ကန့်သတ်ချက် ထားရှိရသည်။ သို့မှသာ စံချိန်တင်နိုင်ပေလိမ့်မည်။ ထိုသို့ ကန့်သတ်ချက်မရှိပါက ပန်းတိုင်ကို ရောက်ချင်လည်း ရောက်မည်၊ မရောက်ချင်လည်း မရောက်နိုင်။ ရောက်သည်ပင် ထားပါဦး၊ ကန့်သတ်ချက် မထားရှိသဖြင့် အများ၏နောက်မှသာ ပန်းဝင်နိုင်ပါလိမ့်မည်။ ဖွဲ့ဆုတော့ ရကောင်းရမည်။ သို့တိုင် ဦးဆောင်ပန်းဝင်သူ ရရှိသည့်တန်ဖိုးထက်မူ များစွာနိမ့်ကျနေပါလိမ့်မည်။

စပါးစိုက်ပျိုးမည့်သူမှာ မိုးကာလအတွင်း ထယ်ထိုးရမည်၊ ထွန်ယက်ရမည်၊ မျိုးကြဲရမည်၊ မျိုးနှုတ်ရမည်၊ ကောက်စိုက်ရမည်။ သူ့အကန့်အသတ်နှင့်သူ ရှိသည်။

မိုးကုန်သွားပါမှ ထယ်ထိုး၊ ထွန်ယက်နေ၍ကမူ မည်သို့မျှအကျိုးဖြစ်ထွန်း မလာနိုင်ပေ။ ထို့ကြောင့် 'မိုးလွန်မှ... ထွန်မချနှင့်' ၊ 'လသာတုန်း... ဗိုင်ငင်'၊ 'မိုးရွာတုန်း... ရေခံ'၊ 'မောင်မောင်ခေါ်တုန်း... ဗျာထူး'၊ 'ပေးတုန်းယူ... ကျွေးတုန်းစား'၊ 'ငယ်စဉ်အခါ... ပညာရှာ' စသဖြင့် သတိပြုစရာ စကားရပ်များ ပေါ်ထွန်းလာခြင်း ဖြစ်ပေလိမ့်မည်။

သည့်အတွက် အောင်မြင်တိုးတက်လိုသူအဖို့-

မည်သည့်အချိန်ကာလ၌ မည်သည့်အဆင့်၊ မည်သည့်နေရာ၊ မည်သည့်အခြေအနေ ရောက်ရမည်ဟူသော အကန့်အသတ်ကို ထားရှိဖို့ လိုပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## လျှောက်ရမည့်လမ်း

မိုင်ထောင်ချီပြီး တည်ရှိနေသည့် ပန်းတိုင်ကို ရောက်ဖို့ရာ အတွက် အဦးအစကား ပထမဆုံးခြေလှမ်းပင် ဖြစ်၏။

လူ့ဘဝရလာပြီဆိုကတည်းက မိမိတို့သည် ဘဝနိဂုံးမချုပ်မချင်း လှမ်းလျှောက်နေကြသူများ ဖြစ်ချေ၏။

သည့်အတွက် ပန်းတိုင်ရှိရာသို့ လှမ်းလျှောက်နိုင်ရန် လမ်းတွေကို ရှာဖွေကြရ၏။

လမ်းဟု ဆိုရာ၌လည်း–

လမ်းဖြောင့်ရှိ၏။

လမ်းကောက်ရှိ၏။

ဖြတ်လမ်းရှိ၏။

လမ်းမှန်ရှိ၏။

လမ်းမှားရှိ၏။

သို့ဆိုလျှင် မည်သည့်လမ်းကို ရွေးချယ်၍ လျှောက်လှမ်းရမည်နည်း။

www.burmeseclassic.com



ဘဝ၌ အောင်မြင်သင့်သလောက် မအောင်မြင်ကြသူများကို လေ့လာဆန်းစစ်ကြည့်လျှင် ထိုသူတို့သည် မှန်ကန်သော ထွက်ပေါက်ကို မရှာဖွေ။ ရေရှည်အကျိုးရှိနိုင်၊ မရှိနိုင်ကို ဆင်ခြင်သုံးသပ်မှု မပြုဘဲ တဒင်္ဂထွက်ပေါက်ဖြင့် စခန်းသွားတတ်ကြ၏။

လမ်းမှန်၊ လမ်းဖြောင့်တို့သည် ရှည်လျားတတ်ကြ၏။

သည့်အတွက် စိတ်မရှည်။ အလွယ်ဆုံးတွေ့ရသည့် ဖြတ်လမ်းကိုသာ ရွေးချယ်ကြ၏။ ရှည်လျားဖြောင့်တန်းသောလမ်းကား ခရီးရှည်၏။ သို့ရာတွင် ဘေးအန္တရာယ် ကင်းရှင်း၏။ ဖြတ်လမ်းမှုကား ခရီးတာအားဖြင့် တို၏။ သို့ရာတွင် ဘေးအန္တရာယ်ထူပြော၏။

သည်တော့ မည်သည့်လမ်းက လျှောက်ကြပါမည်နည်း။

လျှောက်ကြသည့်အခါတွင်ကော အမြန်လျှောက်မည်လော၊ အမှန်လျှောက်မည်လော။

ဘဝ၌ ဖြတ်လမ်းတွေချည်းသာ လျှောက်လေ့ရှိသူ၊ လမ်းကောက်ကိုသာ ရွေးချယ်၍ လျှောက်လေ့ရှိသောသူ၊ လမ်းမှားကို လမ်းမှန်ထင်ကာ လျှောက်လေ့ရှိသောသူ။

ထိုသူတို့သည် မိမိတို့လျှောက်နေသောလမ်းကို ခေါက်ရိုးကျိုးနေကြပေပြီ။ ထိုအခါ လမ်းဖြောင့်၊ လမ်းမှန်ကို မလျှောက်တတ်ကြတော့။

ငွေသိန်းနှင့်ချီ၍ (ဥပဒေနှင့် မလွတ်ကင်းသော) အလုပ်ကို လုပ်ရာမှာ ကံအလှည့်သင့် မျက်နှာသာပေးခံရသူအဖို့ ထောင်

www.burmeseclassic.com



ဂဏန်းမျှရသော (သမ္မာအာဇီဝကျသော) အလုပ်ကို စိတ်မဝင်စားတော့။

သူတို့သည် လမ်းအမှန်လျှောက်ဖို့ထက် လမ်းအမြန်လျှောက်ကာ ပန်းတိုင်ကို ရောက်ချင်နေကြသည်။

ကြာကြာဝါးမည့်သွားသည် အရိုးကို ရှောင်တတ်ဖို့လိုသည်။

သို့ဖြစ်၍–

လမ်းအမြန်လျှောက်သည်ကို အပြစ်မတင်လိုသော်လည်း လမ်းအမှန်ကိုမူ ရွေးချယ်လျှောက်လှမ်းသင့်ပေသည်။

လမ်းမှန် ... လမ်းဖြောင့်ကို ရွေးချယ်ပါ။

လှမ်းနေပါလျက် ... မရောက်နိုင်သေးခြင်း၊ လုပ်ကိုင်ဆောင်ရွက်နေပါလျက် ပြီးမြောက်အောင်မြင်မှု မရှိသေးခြင်းတို့သည် လျှောက်ရမည့်လမ်းကို အရွေးမှားနေသောကြောင့်ဖြစ်ပါ၏။

လမ်းကြောင်းအမှန်ပေါ် ပြန်မတက်နိုင်သေးသမျှ၊ လျှောက်လှမ်းရမည့် လမ်းကြောင်းအမှန်ကို မရွေးချယ်နိုင်သေးသမျှ အောင်မြင်မှုဟူသည် တစ်စ၊ တစ်စ ဝေးကွာနေရပေဦးမည်။

လမ်းမှန်ပါက အချိန်တန်လျှင် မြင်းမိုရ်တောင်ထိပ်သို့ပင် တက်လှမ်းရောက်ရှိနိုင်ပါ၏။

◆ ◆ ◆

www.burmeseclassic.com

## ဘာပဲလုပ်လုပ်
## အကောင်းဆုံးဖြစ်အောင်လုပ်

လူ့စိတ် ပင်ကိုသဘာဝအရ–

လူသည် အကောင်းဆုံးကို စားချင်၏။ အကောင်းဆုံးကို ဝတ်ချင်၏။ အကောင်းဆုံး၌ နေချင်၏။

ထိုသို့ဆိုလျှင် အလုပ်လုပ်ကိုင်ရာ၌ အကောင်းဆုံးကို မလုပ်ဆောင်သင့်ပါသလော။

သက်ရောက်မှုတိုင်း၌ ၎င်းနှင့်ညီသော တန်ပြန်သက်ရောက်မှုတို့ ရှိကြသည့်သို့ပင် အကောင်းဆုံး လုပ်ဆောင်ခြင်းအတွက် အကောင်းဆုံးရလဒ် ဖြစ်ထွန်းပေမည်။

စာရေးဆရာတစ်ယောက်အဖို့ စာတစ်ပုဒ်ကို ရေးထုတ်ရာ၌ အကောင်းဆုံးစာတစ်ပုဒ် ရေးထုတ်မည်ဟူသော စိတ်ကို ထားရှိရ၏။

အကောင်းဆုံးလုပ်ဆောင်လိုသူတိုင်း စိတ်ကောင်းမွေးရသည်။

www.burmeseclassic.com



စိတ်ကောင်းရှိလျှင် စာရေးက စာကောင်းထွက်၏။ ပန်းချီဆွဲက ပန်းချီကောင်း ထွက်၏။ ပန်းပုထုက ပန်းပုရုပ်ကောင်း ထွက်၏။

အားထုတ်ရာတွင်လည်း လုံ့လဥဿုံ အားစိုက်ဖို့ လိုသည်။

စာရေးဆရာကောင်းတစ်ယောက်သည် စာမူခ အနည်းအများကို ဂရုမစိုက်။ သူ့စာကောင်းဖို့အရေးကိုသာ အားစိုက်၍ စာမူခ နည်းနည်းပေး၍ လျော့ပေါ့ရေးလိုက်မည်၊ စာမူခ များများပေး၍ အားပါးတရ ရေးလိုက်မည်ဟူသော စိတ်မရှိ။

ဤနေရာ၌ ကေသရာဇာခြင်္သေ့မင်းတို့၏ ထုံးကို နှလုံးမူသင့်ပေ၏။

ကေသရာဇခြင်္သေ့မင်းတို့မည်သည့် သားကောင်တို့ကို ဖမ်းဆီးရာ၌ကြီးမားသော သားကောင်ကိုဖြစ်စေ၊ သေးငယ်သော ကြွက်ကဲ့သို့သော သားကောင်ကိုဖြစ်စေ ခွန်အားစိုက်ရာဝယ် တစ်ပြေးညီဖြစ်ပေ၏။ သားကောင်ကြီး၍ ခွန်အားပိုစိုက်မည်။ သားကောင်ငယ်၍ ခွန်အားလျှော့လိုက်မည်ဟူ၍ မရှိချေ။ သူ့အလုပ်ကိုသူ အကောင်း ဆုံးဖြစ်အောင် လုပ်ဆောင်စမြဲ ဖြစ်၏။

မျက်မှောက်ကာလ အောင်မြင်ထင်ရှားလျက်ရှိသော ပုဂ္ဂိုလ်တို့ကို လေ့လာကြည့်လျှင် ၎င်းတို့သည် မိမိလုပ်ဆောင်နေရသော အလုပ်ကို အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေကြမည်သူများပင် ဖြစ်၏။

သာမန်အနေအထားဖြင့် အောင်မြင်သူများမှာ မိမိတို့အလုပ်ကို သာမန်မျှ၊ တာဝန်ယူကျေပွန်ရုံမျှသာ လုပ်ဆောင်နေကြသူများ ဖြစ်၏။ လုံးဝ မအောင်မြင်သူများမှာမူ မိမိတို့

www.burmeseclassic.com



အလုပ်အပေါ်၌ တာဝန်မကျေသူများသာ ဖြစ်ကြပေ၏။

စက်ရုံ၊ အလုပ်ရုံများ၌လည်း အလုပ်လုပ်ဆောင်သူတို့မှာ လူအမျိုးမျိုး၊ စိတ်အထွေထွေဖြစ်၏။ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သူ၊ ဝတ်ကျေတန်းကျေ လုပ်ဆောင်သူ၊ ရေသာခို ပြီး မျှောလိုက်နေသူ စသဖြင့် တွေ့မြင်ကြရမည် ဖြစ်၏။

အစအဦး၌ ထိုသူများမှာ တစ်တန်းတစ်စားတည်းဟု ထင်မှတ်ရသော်လည်း ကာလကြာမြင့်သည်နှင့်အမျှ သူတို့၏ ငှာ်ရပ်များကြောင့် ရာထူး၊ အဆင့်အတန်းတို့ ကွာဟသွားကြပေ၏။

အကောင်းဆုံး လုပ်ဆောင်သူအတွက် အကောင်းဆုံးသော နေရာ ရှိနှင့်ပြီးသား ဖြစ်၏။ အခွင့်အရေးတွေက စောင့်မျှော်နေလျက်သား ဖြစ်၏။

အောင်မြင်မှုဟူသည် အားလုံးနှင့် သက်ဆိုင်နေသောအရာ ဖြစ်၏။

ထိုအောင်မြင်မှုကို ရယူပိုင်ဆိုင်လိုသူအဖို့ မိမိ၏လုပ်ဆောင်ချက်သည် အားလုံးထက် သာနေဖို့ လို၏။ အကောင်းဆုံး ဖြစ်နေဖို့လို၏။ အလုပ်အကိုင်လျှောက်ထားကြရာ၌ အကောင်းဆုံး လုပ်ဆောင်တတ်သူသာလျှင် အလုပ်အကိုင် ရရှိကြ၏။

မိမိ၏ လုပ်ဆောင်မှုသည် အကောင်းဆုံးလုပ်ဆောင်မှု မဟုတ်ပါက အခွင့်အရေးကို မျှော်မှန်းနိုင်လိမ့်မည်မဟုတ်။

အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်ဖို့၊ အခွင့်အလမ်းကောင်းများ ရယူပိုင်ဆိုင်ဖို့အတွက်–

ဘာပဲလုပ်လုပ် အကောင်းဆုံး ဖြစ်အောင်လုပ်။

✦ ✦ ✦

www.burmeseclassic.com

## သင်ခန်းစာ ရယူတတ်ပါစေ

လူ့ဘဝမှာ ပြဿနာန်းစာတွေက အများကြီး။

ထိုပြဿနာန်းစာများကို ကျက်မှတ်လေ့လာရင်း ဘဝစာမေးပွဲတွေကို မိမိတို့ ဖြေဆိုနေကြရသည်။

မည်သူမဆို အတန်းတွေ တစ်တန်းပြီးတစ်တန်း တက်ဖို့ရာ ဘဝစာမေးပွဲတွေကို အောင်မြင်ချင်ကြသည်မှာ သဘာဝကျပါသည်။ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေကြရသော ကိစ္စရပ်တိုင်းကိုလည်း အဆင်ပြေချောမွေ့စေချင်ကြသည်။ အောင်မြင်ပြီးမြောက်လိုကြသည်။

သို့ရာတွင် လူတိုင်း ဘဝစာမေးပွဲများကို အောင်မြင်ကြပါသလား။

အောင်မြင်ကြသူ၊ အဆင်ပြေချောမွေ့ကြသူ လွန်စွာမှ နည်းပါးလိမ့်မည်။

စင်စစ် အောင်မြင်မှုဟူသည် ပျားရည်လို ချိုသလောက် ကြုံဆုံရင်ဆိုင်ရသည့် အခက်အခဲ၊ အဆီးအတား၊ ပြဿနာများ၊

www.burmeseclassic.com



အဆင်မပြေမှုများမှာ တမာရွက်နှယ် ခါးသီးလှပါဘိ။ ထိုသို့သော ခါးသီးမှုတို့ကို စားသုံးပြီးပါမှ ပျားရည်ကို မိမိတို့ သောက်သုံးခွင့် ရပါလိမ့်မည်။ အခက်အခဲ ပြဿနာများ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ဖြေရှင်းပြီးပါမှ အောင်မြင်မှုကို ရရှိပါလိမ့်မည်။

"သွားပါပြီကွာ... ဒီတစ်ခါ ဆုံးရှုံးလိုက်ရတာ ကမ္ဘာပျက် မတတ်ပါပဲ"

ထိုသူမျိုးကား စိတ်ဓာတ် မခိုင်မာကြ။ တစ်ကြိမ်တစ်ခါမျှ ဆုံးရှုံးပျက်စီးမှု ကြုံရသည်နှင့်ပင် လောကကြီးမှ ထွက်ပြေးချင်လောက်အောင် စိတ်ဓာတ်ကျဆင်းတတ်ကြသည်။

စင်စစ် အမှန်တကယ် အောင်မြင်လိုသောသူသည် အရှုံးထဲမှ အမြတ်ရစေမည့် သင်ခန်းစာကောင်းများကို ရှာဖွေ ရယူကြသည်။ အမှားထဲမှ သင်ခန်းစာကောင်းများကို ရှာဖွေထုတ်နှုတ်ကာ အမှန်တရားကို ရှာဖွေကြသည်။ ပြုပြင်သင့်သည်တို့ကို ပြုပြင်ပြီး လုပ်ငန်းအောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ကြသည်။

မည်သူမဆို ကိုယ်လုပ်ဆောင်သမျှ လုပ်ငန်းဆောင်တာအားလုံးတို့ကို အောင်မြင်ကြစေချင်သည်မှာ ဓမ္မတာဖြစ်၏။ သို့ရာတွင် လုပ်ဆောင်သမျှ အောင်မြင်ကြသည်မဟုတ်။ အခက်အခဲ အတားအဆီးများ၊ အဆင်မပြေမှုများ၊ ဆုံးရှုံးမှုများနှင့် မမျှော်လင့်ဘဲ ကြုံတွေ့ချင် ကြုံတွေ့နိုင်ကြသည်။

အောင်မြင်မှုဆိုရာ၌လည်း အခက်အခဲ အတားအဆီးများ၊

www.burmeseclassic.com



အဆင်မပြေမှုများ၊ ဆုံးရှုံးမှုများကို ကျော်လွှားဖြတ်သန်းပြီးကာမှ အောင်မြင်ခြင်းပန်းတိုင်းကို လှမ်းကိုင်နိုင်ကြသည်။

နေလုံးကြီး ဝင်သွားသည်ကို ဝမ်းနည်းပူဆွေး ရှိက်ငိုနေလျှင် လမင်းကြီးနှင့်လည်း လွဲချော်ရဦးမည်ဖြစ်၏။

အမှားတွေထဲမှာ သင်ခန်းစာတွေ ရှိနေ၏။

အရှုံးတွေထဲမှာလည်း သင်ခန်းစာတွေ ရှိနေ၏။

အမှားကို အမှားမှန်းသိလျှင် အမှန်သို့ ကူးပြောင်းနိုင်၏။

အရှုံးကို အရှုံးမှန်းသိလျှင်လည်း အမြတ်သို့ ဦးလှည့်နိုင်၏။

စင်စစ် ဘဝ၌ အောင်မြင်တိုးတက်နေသူတို့သည် အရှုံးတွေထဲမှ သင်ခန်းစာကောင်းများကို ရယူနိုင်ခဲ့သူများ ဖြစ်ပေသည်။

ဘဝ၌ ဆင်တတ်လျှင် လှသကဲ့သို့၊ ယူငင်လျှင်လည်း ရပါသည်။

✦ ✦ ✦

www.burmeseclassic.com

## အရည်အသွေးနှင့် အရည်အချင်း

လောက၌ အောင်မြင်သူတွေ ရှိကြသည်။

မအောင်မြင်သူတွေလည်း ရှိကြသည်။

လူတိုင်းပင် အောင်မြင်လိုကြသည်။ ကြီးပွားချမ်းသာလိုကြသည်။

သို့ရာတွင် အထက်ကအတိုင်း အောင်မြင်သူတွေမှသာ အောင်မြင်ကြသည်။

အလုပ်အတူတူ လုပ်ကြလင့်ကစား တစ်ယောက်လူမှာ ကြီးပွား၍ ကျန်တစ်ဦးလူကတော့ သူလိုငါလို မထူးခြား။

ထိုသို့ဖြစ်ရခြင်းမှာ အဘယ်ကြောင့်ပါနည်း။

အခြားကြောင့်တော့ မဟုတ်။

မိမိတို့ လုပ်ဆောင်နေကြသော အလုပ်အပေါ်တွင် စိတ်ပါဝင်စားမှု၊ အားကြိုးမာန်တက် လုပ်ဆောင်မှု၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မှုတို့ ကွာခြားသောကြောင့် ဖြစ်၏။

www.burmeseclassic.com



အောင်မြင်တိုးတက်သောသူသည် မိမိ၏အလုပ်အပေါ်တွင် စိတ်ပါဝင်စား၏။ အားကြိုးမာန်တက်လုပ်ဆောင်၏။ အကောင်းဆုံးဖြစ်အောင် ဖန်တီး၏။

အောင်မြင်မှုကင်းမဲ့သောသူသည်ကား မိမိ၏ အလုပ်အပေါ်၌ စိတ်ပါဝင်စားမှု မရှိ။ အားကြိုးမာန်တက် လုပ်ဆောင်မှု မရှိ။ အကောင်းဆုံး လုပ်ဆောင်ဖို့ရာလည်း ဝေလာဝေး။ မလုပ်၊ မရှုပ်၊ မပြုတ် ဆိုသောထုံးကို နှလုံးမူထားသူသာ ဖြစ်၏။

သည့်အတွက်ကြောင့် ဌာနတစ်ခုတည်း၊ ရာထူးအတူတူ လုပ်နေတာချင်း တူပါလျက် ကာလမကြာမီအတွင်း တစ်ဖက်လူမှာ တိုးတက်မြင့်မားသွား၏။

ထိုသူကား အရည်အချင်းရှိသူဖြစ်၏။ အရည်အချင်းရှိသည့်အလျောက် အရည်အသွေးကလည်း ယှဉ်တွဲကပ်ပါလာ၏။

အရည်အချင်းရှိလျှင် အရည်အသွေး ရှိ၏။

အရည်အချင်း မရှိပါက အရည်အသွေး မရှိနိုင်။

ထိုထိုသော အဖြစ်အပျက်သာဓက များစွာ ရှိခဲ့ဖူး၏။

မင်းကြီးစွာ လက်ထက်၌ လယ်သမားကလေး တစ်ဦး ရှိ၏။ ထိုလယ်သမားကလေးသည် လယ်ယာအလုပ်ကို စိတ်မဝင်စား။

သူတကယ် လေ့လာလိုက်စားသည်က ပညာပင် ဖြစ်၏။

သို့ဖြစ်၍ လယ်ထွန်နားပြီဆိုလျှင် ပေစာထုပ်တို့ဘေးချကာ ဖတ်ရှုမှတ်သားလေ့ရှိ၏။ သည့်အတွက် စာပေနှင့် မနီးစပ်သူတို့က ရူတ်ချကာ စာတိုင်ညီဟု ကဲ့ရဲ့ကြ၏။

www.burmeseclassic.com


အခြေအနေ အချိန်အခါပေးလာသည့်အခါဝယ် သူလေ့လာလိုက်စားထားသည့် ပညာရပ်က အကျိုးပေးလာခဲ့၏။ ကန်ဘောင်ရိုးရှိ နတ်ကွန်း၏သမိုင်းကို မင်းကြီးသိလိုသည့်အခါဝယ် ခြေခြေမြစ်မြစ် တင်ပြလျှောက်ထားနိုင်သည့်အတွက် မင်းကြီး၏သူကောင်းပြုခြင်းကို ခံရ၏။

မြန်မာ့ရာဇဝင်၌ ဝန်ဇင်းမင်းရာဇာ အမတ်ကြီးဟု ထင်ရှားခဲ့၏။

ဝန်ဇင်းမင်းရာဇာကား အရည်အချင်း ရှိ၏။ အရည်အချင်းရှိသည့်အလျောက် အရည်အသွေးမှာလည်း တောက်ပြောင်ခဲ့၏။

သို့ဖြစ်၍

မိမိလုပ်ကိုင်နေသောအလုပ်ကို ချစ်ပါ။

အလုပ်နှင့်ပတ်သက်ဆက်စပ်နေသည်တို့ကို ရေဆုံးရေဖျားလေ့လာပါ။

အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် လုပ်ပါ။

အရှုံးထဲမှ သင်ခန်းစာကောင်းများကို ရယူပါ။

လူကြီးလူကောင်းဆန်ပါ။

လုံ့လဝီရိယရှိပါ။ နိုးကြားပါ။

အရည်အချင်းတွေ ရှိလာပါလိမ့်မည်။

ထိုအခါ အရည်အသွေးတို့ တောက်ပြောင်လာပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အလုပ်ချင်ဆုံး အလုပ်ကိုလုပ်

ဝါသနာလည်း ပါသည်။ အလုပ်ချင်ဆုံးအလုပ်လည်း ဖြစ်သည်။

ထိုသို့ဆိုပါလျှင် ထိုအလုပ်ကို ပျော်ပျော်ကြီးသာ လုပ်ပါလေ။

လောကကြီး၌ လူအမျိုးမျိုးရှိသည့်အနက် အလုပ်ချင်ဆုံးအလုပ်ကို လုပ်ခွင့်ရသူမှာ အရေအတွက်အားဖြင့် နည်းကောင်းနည်းပါလိမ့်မည်။

ရေရှည်တိုးတက်အောင်မြင်မှု ရရှိရန်အတွက် မိမိချစ်မြတ်နိုးသောအလုပ်၊ အလုပ်ချင်ဆုံးသောအလုပ်ကို လုပ်သင့်ပါသည်။ ထိုအလုပ်ကို လုပ်ခြင်းဖြင့် စိတ်ပျော်ရွှင်မှုများ ရရှိနေပါလိမ့်မည်။ ထိုသို့သော ပျော်ရွှင်မှုသည် အခက်အခဲမှန်သမျှကို ကျော်လွှားပစ်နိုင်ပါလိမ့်မည်။

မိမိလုပ်ကိုင်နေသည့်အလုပ်အကြောင်းကို အချိန်အနည်းငယ်ပေး၍ စဉ်းစားကြည့်ပါ။ ပျော်ရွှင်မှုလည်းရှိနေမည်၊ ထိုအလုပ်

www.burmeseclassic.com


ကိုလည်း ချစ်ခင်နှစ်သက်နေမည်ဆိုလျှင် အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ရောက်နေပါပြီ။

မိမိ ဝါသနာမပါသောအလုပ်၊ မနှစ်သက်သောအလုပ်ကို ဩဇာရှင် တစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုကြောင့် လည်းကောင်း၊ ငွေကြေးကိစ္စကြောင့်လည်းကောင်း၊ ရာထူးဂုဏ်သိက္ခာကြောင့်လည်းကောင်း မလုပ်သင့်ပေ။ လုပ်လည်း ရေရှည်တွင် အောင်မြင်လိမ့်မည် မဟုတ်။ ငွေကြေးအရ နည်းသော်လည်း မိမိအလုပ်ချင်ဆုံးသောအလုပ်ကို ရွေးချယ်လုပ်ကိုင်ပါက ရေရှည်၌ အောင်မြင်မှုကို မလွဲမသွေ ရရှိပေလိမ့်မည်။

ဆယ်တန်းစာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရ၏။ အမှတ်တွေ အများကြီးရ၏။

ထိုအခါ ဆရာဝန်လိုင်းကို လိုက်ခိုင်းကြတော့မည်။

ကျောင်းသားကလည်း မိမိဝါသနာပါသောအလုပ် ဟုတ်၊ မဟုတ် မစဉ်းစား။

မိဘတွေကလည်း ကိုယ့်သားသမီး ဝါသနာပါ၊ မပါ မစိတ်ဖြာ။

ထိုအခါ ခုတ်ရာတစ်ခြား ရှရာတစ်လွဲတွေ ဖြစ်ကုန်ကြတော့သည်။

ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြား အောင်မြင်နေကြသူတွေမှာ ဆရာဝန်ချည်း မဟုတ်ကြပါ။

ဆရာဝန်ဆိုသည့် အလုပ်မှာ မွန်မြတ်သောအလုပ်တစ်ခု ဖြစ်ပါသည်။

သို့ရာတွင် အမှတ်မီသည့်တိုင် မိမိအနေဖြင့် ဝါသနာပါ၊

www.burmeseclassic.com



မပါ ဆိုသည်ကို လေ့လာဆန်းစစ်ဖို့ လိုပေလိမ့်မည်။ ဝါသနာ မပါဘဲ၊ စိတ်ပါဝင်စားမှု မရှိဘဲ ဆရာဝန်လိုင်းကို လိုက်မည် ဆိုလျှင် အောင်မြင်မှုရရန် ခဲယဉ်းပါလိမ့်မည်။

အဓိကဆိုလိုသည်မှာ မိမိဝါသနာမပါသော၊ မလုပ်ချင်သော အလုပ်ကို ငွေကြေးကြောင့်သော်လည်းကောင်း၊ အခြားသူတစ်ဦး တစ်ယောက်၏ တိုက်တွန်းမှုကြောင့်သော်လည်းကောင်း မလုပ် ဆောင်မိဖို့ အရေးကြီးပါသည်။ မိမိဝါသနာပါသည့်၊ လုပ်ချင် သည့် အလုပ်ကို လုပ်ဆောင်မှသာလျှင် ရေရှည်၌ အောင်မြင်မှု ရပါလိမ့်မည်။

သို့ဖြစ်၍ မိမိ၏စိတ်ကို ပျော်ရွှင်တက်ကြွစေမည့်အလုပ်ကို သေသေချာချာ ဆန်းစစ်ပါ။ အသက်မွေးဝမ်းကျောင်းပညာတစ်ခု ကို ရွေးချယ်မည်ဆိုလျှင်လည်း မိမိ၏ စိတ်ဓာတ်ကို အမြဲ နိုး ကြား တက်ကြွစေမည့် ပညာရပ်မှာ ဘာလဲဆိုသည်ကို ဆန်း စစ်ပါ။

မိမိစိတ်ဝင်စားသောအလုပ်မျိုးနှင့် ကြီးပွားချမ်းသာ အောင် မြင်နေကြသူများကို လေ့လာပါ။ တတ်နိုင်လျှင် မိတ်ဆွေဖွဲ့၍ နည်းနာခံယူပါ။ ၎င်းတို့ လုပ်ကိုင်နေသည်ထက် ပို၍သာအောင်။ ပို၍ကောင်းအောင် ကြိုးစားလုပ်ဆောင်ပါ။

စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းတို့ကို လက်တွေ့ အကောင်အထည်ဖော်ရန် စိတ်ပါဝင်စားစွာ အားစိုက်ပြီး အကောင်းဆုံး ဖြစ်အောင်လုပ်ပါ။

အောင်မြင်ခြင်းတွေက စောင့်မျှော်ကြိုဆိုနေပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## နံပါတ် (၁) မှ နံပါတ် (၁)

မိမိကိုယ်ပိုင်အလုပ်ပဲ ဖြစ်ဖြစ်၊ အဖွဲ့အစည်းနှင့်လုပ်ရသည်ပဲ ဖြစ်ဖြစ်၊ လုပ်ငန်းခွင်နယ်ပယ်၌ အကောင်းဆုံးဖြစ်အောင် နံပါတ် (၂) မှ နံပါတ် (၁) ဖြစ်လာအောင် လုပ်ဆောင်ဖို့ လိုပေသည်။

ကုန်ပစ္စည်းတစ်ခုခု ထုတ်လုပ်ရောင်းချသည်ဖြစ်စေ၊ ဝန်ဆောင်မှု ပြုသည်ဖြစ်စေ မည်သည့်အရာမဆို အသေးစိတ်က အစ အကောင်းဆုံးဖြစ်အောင်၊ အရည်အသွေး မြင့်မားအောင် ကြိုးစားရမည် ဖြစ်၏။

အဖွဲ့အစည်း၌ မိမိက အလုပ်ကိုကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားခဲ့လျှင် မိမိအပေါ် အားကျပြီး ကြိုးစားမည့်သူတွေ၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မည့်သူတွေ ပေါ်ပေါက်လာပါလိမ့်မည်။ ထိုအခါ မိမိ၏အဖွဲ့အစည်းသည် အခြားသော အဖွဲ့အစည်းများကို ကျော်ဖြတ်၍ နံပါတ် (၁) နေရာသို့ ရောက်လာပါလိမ့်မည်။

www.burmeseclassic.com



မိမိလုပ်ဆောင်နေသည့် အလုပ်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ သက်ဆိုင်ရာနယ်ပယ်၌ အကောင်းဆုံးဖြစ်နေသူတွေ၊ နံပါတ် (၁) နေရာ ရောက်နေသူတွေကို လေ့လာသင့်ပေသည်။ ၎င်းတို့၏ တီထွင်ဖန်တီးမှုများ၊ လုပ်ဆောင်ချက်များကို နည်းနာခံယူ၍ မိမိတို့၏ နယ်ပယ်၌ အံဝင်ခွင်ကျ ဖြစ်အောင် လုပ်ဆောင်ပါ။

မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ-

"ငါလုပ်နေတဲ့အလုပ်ဟာ အကောင်းဆုံး ဖြစ်ရမယ်။ ငါရဲ့ အဆင့်အတန်းဟာ အမြဲတမ်း နံပါတ် (၁) မှ နံပါတ် (၁) ဖြစ်နေရမယ်"

ဟူသော စိတ်ဓာတ်မျိုးကို မွေးမြူပါ။ လူတွေ၊ ဟာခနဲ၊ ဟင်ခနဲ ဖြစ်အောင် စွမ်းဆောင်ပြပါ။

ကာလတစ်နှစ်တာ ကုန်တော့မည်ဆိုလျှင် ပြက္ခဒိန်သစ်များ၊ ဒိုင်ယာရီစာအုပ်များ ထွက်ပေါ်လာစမြဲ ဖြစ်ပါသည်။ လက်ဆောင်လေးတွေလည်း ရတတ်ကြသည်။ ထိုအခါ ပြက္ခဒိန်များစွာထဲမှ အကောင်းဆုံး ပြက္ခဒိန်ကို မိမိ၏ အလုပ်ခွင်၌ ချိတ်ပေလိမ့်မည်။ အကောင်းဆုံး ဒိုင်ယာရီကိုသာ ရေးမှတ်ပေလိမ့်မည်။

ဆိုလိုသည်မှာ အကောင်းတကာ့အကောင်းဆုံးကို လုပ်ဆောင်ပါက သူ့အတွက် နှစ်လိုဝမ်းမြောက်စွာဖြင့် နေရာပေးကြမည်ဆိုသည်ပင်။

မိမိကုမ္ပဏီ၏ **Company Profile** ပင် ဖြစ်စေ၊ **Business Card** ပင်ဖြစ်စေ၊ မိမိ၏ ကုန်ပစ္စည်းကြော်ငြာပင် ဖြစ်

www.burmeseclassic.com



စေ၊ ကုမ္ပဏီက လုပ်သည့် အရောင်းမြှင့်တင်ပွဲပင် ဖြစ်စေ အကောင်းဆုံးဖြစ်အောင်၊ နံပါတ် (၁) ဖြစ်အောင် လုပ်ဆောင်သင့်ပေသည်။

သို့ဖြစ်၍-

မည်သည့်အလုပ်ကို လုပ်ဆောင်သည်ဖြစ်စေ၊ အချိန်ယူစဉ်းစားပြီး မှန်ကန်စွာ ဆုံးဖြတ်ပါ။ ဆုံးဖြတ်ပြီးသည့်နောက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပါ။

အကြံသစ် ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များကို နားထောင်ရန်၊ အတုယူရန် မည်သို့သောအခါမျှ ဝန်မလေးပါနှင့်။

မိမိလုပ်ကိုင်သော အလုပ်ကို မည်သူတွေ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေသနည်း။ မည်သို့မည်ပုံ လုပ်ဆောင်သနည်း။ ဆန်းစစ်ပါ၊ လေ့လာပါ။ နည်းယူသင့်လျှင် နည်းယူပါ။ ဘာ့ကြောင့် အကောင်းဆုံး ဖြစ်ရသနည်း။ မိမိသည်လည်း မည်ကဲ့သို့ အကောင်းဆုံး လုပ်ရမည်ကို ကြံဆပါ။

နယ်ပယ်အသီးသီး၌ အောင်မြင်နေကြသူများ၊ နံပါတ် (၁) နေရာတွင် ရှိနေကြသူများကို လေ့လာပါ။ ထိုသူတို့အကြောင်း ရေးသားထုတ်ဝေထားသော စာအုပ်စာတမ်းများကို ဖတ်ရှုပါ။ ၎င်းတို့၏ စံချိန်စံညွှန်းများ၊ လုပ်ဆောင်ပုံနည်းနာစနစ်များကို လေ့လာ အတုယူပါ။

နံပါတ် (၁) မှ နံပါတ် (၁) ဖြစ်နေအောင် လုပ်ဆောင်ပါ။

✦ ✦ ✦

www.burmeseclassic.com

## မိမိကိုယ်မိမိ
## ယှဉ်ပြိုင်ပါ

နယ်ပယ်အသီးသီး၌ အောင်မြင်နေကြသူတို့သည် အခြားသူတို့နှင့် မယှဉ်ပြိုင်ဘဲ မိမိကိုယ်မိမိ ယှဉ်ပြိုင်နေကြသူများ ဖြစ်ပေသည်။

မိမိကိုယ်မိမိ မယှဉ်ပြိုင်ဘဲ အခြားသူတို့နှင့် သွားပြီး ယှဉ်ပြိုင်ပါက မိမိတွင်ရှိနေသော အရည်အသွေးသည်ပင်လျှင် ကျဆင်းသွားနိုင်ပေသည်။

"ငါသည် နံနက်ကထက် ည၌ ပညာပိုရှိရမည်။
မနေ့ကထက် သည်နေ့၌ အသိဉာဏ် ပိုကြွယ်ရမည်။
အသက်သည် တရွေ့ရွေ့ ကြီးလာ၏။ ပညာ၊ အသိဉာဏ်တို့လည်း တရွေ့ရွေ့ ကြီးလာရပေအံ့"

ဟူသော စိတ်ဓာတ်မျိုး မွေးမြူရပေမည်။ ထိုစိတ်ဓာတ်သည် မိမိကိုယ်မိမိ ယှဉ်ပြိုင်ခြင်း ဖြစ်ပေ၏။

www.burmeseclassic.com



မိမိ၌ ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အတွေးအခေါ်ရှိဖို့ လိုသည်။

ထိုသို့သော ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အတွေးအခေါ်တို့ကို စွဲမြဲစွာ အကောင်အထည်ဖော်ဖို့လည်း လိုပါသည်။ တစ်ပါးသူတို့ထက် ထူးခြားချင် ထူးခြားနေပါလိမ့်မည်။ သို့ရာတွင် စိုးရိမ်စရာ မလိုပေ။ စီးပွားရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆွေးနွေးသည့်အခါ၊ ဈေးညှိသည့်အခါ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အရေးကြီးပါသည်။ ဘဝအတွေ့အကြုံအပေါ် အခြေခံပြီး ကြိုတင်ပြင်ဆင်ရပါလိမ့်မည်။

အလုပ်တစ်ခုကို လုပ်ဆောင်သည့်အခါတွင် အနုပညာရှင်တစ်ယောက် အနုပညာ ဖန်တီးသကဲ့သို့ ခံစားပြီး အသေးစိတ်လုပ်ဆောင်ကြည့်ပါ။ အံ့သြဖွယ်ကောင်းသည့် လွန်စွာအဆင့်မြင့်သော အရည်အသွေးတို့ ရလာပါလိမ့်မည်။

မိမိ၌ရှိနေသော အရည်အသွေးစံနှုန်းများကို မြင့်မြင့်ထားပါ။

ဇွဲရှိရှိနှင့် လုံ့လဝီရိယထားပြီး အရည်အချင်းပြည့်မီအောင်ကြိုးစားပါ။

မိမိ၏ ကိုယ်ပိုင်စိတ်ကူးကို စွဲမြဲစွာ အကောင်အထည်ဖော်ပါ။

မိမိလုပ်ကိုင်နေသော လုပ်ငန်းအမျိုးအစားထဲမှ **အအောင်မြင်ဆုံး၊** နံပါတ် (၁) ရောက်နေသော သူတို့၏ လုပ်ကိုင်ပုံနည်းနာတို့ကို လေ့လာပါ။ တတ်နိုင်လျှင် အနီးကပ် ဆည်းကပ်သင်ယူပါ။ အတုခိုးပါ။

www.burmeseclassic.com



အအောင်မြင်ဆုံး၊ အကောင်းဆုံး ဟူသော ပုဂ္ဂိုလ်များထံမှ လိုလားအပ်သော ပညာရပ်တို့ကို ရယူပါ။ မိမိ၌ရှိသော အကြံဉာဏ်စိတ်ကူးတို့နှင့် ပေါင်းစပ်ပါ။ ဤ၌ မိမိ၏ ကိုယ်ပိုင်ဟန် မှေးမှိန်ကွယ်ပျောက်မသွားရန် သတိထားပါ။ လုံ့လ ပုံတူကူးပါက ပထမဖိုးစိန် မဟုတ်တော့ဘဲ ဒုတိယဖိုးစိန် ဖြစ်သွားပါလိမ့်မည်။

မိမိ၌ မည်သည့်အားနည်းချက်တွေ ရှိနေပါသနည်း။

မိမိကိုယ်ကို မညှာတမ်း ဝေဖန်သုံးသပ်ပါ။

လိုအပ်နေသော အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ မည်သည့်နည်းလမ်းဖြင့် ရနိုင်သည်ကို စဉ်းစားပါ။ ရလာလျှင် အစီအစဉ်ချ၍ စနစ်တကျလုပ်ဆောင်ပါ။ အခြားသူတို့၏ အောင်မြင်တိုးတက်မှုများကို လေ့လာပါ။ မိမိ၏ လုပ်ငန်းခွင်၌ ထည့်သွင်း အကောင်အထည်ဖော်၍ ရ မရကိုလည်း ဝေဖန်ဆန်းစစ်ပါ။

ရနိုင်လျှင် ယူပါ။

ဤ၌ မိမိ၏လုပ်ဆောင်ချက်၌ အားသာချက်၊ အားနည်းချက်တို့ကို နေ့စဉ်သုံးသပ်ပါ။ မနေ့ကနှင့် သည်ကနေ့။ မနေ့က မိမိနှင့် သည်ကနေ့ မိမိတို့ ယှဉ်ပြိုင်ပါ။

အခြေအနေ ထူးခြားတိုးတက်လာပါလိမ့်မည်။

✦✦✦

www.burmeseclassic.com

## မိမိကိုယ်မိမိ
## စိန်ခေါ်ပါ

'ဒေါ်နယ်ထရမ့်' ဆိုသော ပုဂ္ဂိုလ်ကြီးသည် အမေရိကန်ပြည်၌ အောင်မြင်ကျော်ကြားနေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်၏။ သူသည် ကြီးပွားရေးစာအုပ်များကို ရေးထုတ်ခဲ့၏။

သူသည် အများတကာက မဖြစ်နိုင်ပါဘူး၊ မလုပ်နိုင်ပါဘူးဆိုသည့် အရာတွေကို စိန်ခေါ်ပြီး ဖြစ်အောင် လုပ်ဆောင်ရသည်ကို လွန်စွာနှစ်သက်သူ ဖြစ်၏။ စိန်ခေါ်မှုများသည် မိမိ၏အောင်မြင်မှုကို ဖြစ်စေနိုင်သော တွန်းအားများဟူ၍ ယူဆသူလည်း ဖြစ်၏။

"အကောင်းဆုံး စိန်ခေါ်မှုဆိုတာ မိမိကိုယ်မိမိ စိန်ခေါ်ခြင်းပါပဲ"

အဆိုပါစကားကို သူ ပြောခဲ့၏။

www.burmeseclassic.com



သူသည် **Trump Tower** ကြီးကို တည်ဆောက်ခဲ့၏။ ထို့နောက် သည့်ထက်ကြီးမားသော အဆောက်အအုံများ ဆောက်လုပ်ရန် **Project** ကြီးများ လုပ်ဖို့ရန်အတွက် စိတ်အား ထက်သန်လာပြီး မိမိကိုယ်မိမိ စိန်ခေါ်ခဲ့၏။ ထို့ကြောင့်ပင် **United Nation Plaza** တွင် **Trump world Tower** ကို တည်ဆောက်ခဲ့၏။ ထိုအဆောက်အအုံသည် ၇၂ ထပ်မြင့်သည့် မိုးမျှော်အဆောက်အအုံဖြစ်ပြီး ၄၈ ခုမြောက် အမြင့်ဆုံးအဆောက် အအုံလည်း ဖြစ်၏။

"ဘယ်လိုပဲ ခက်ခဲတဲ့ အခြေအနေကို ရောက်ပါစေ။ ဇွဲနဲ့ ကျားကုပ်ကျားခဲ ကြိုးစားရင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပါတယ်"

သည်စကားအတိုင်းပင် သူကြိုးစားခဲ့သည်။ ကြိုးစားမှုတိုင်း၌ သူ့ကိုယ်သူ စိန်ခေါ်ခဲ့သည်ချည်းပင်။ သူသည် ၁၉၉၀ ပြည့်နှစ် စီးပွားရေးအကျပ်အတည်းနှင့် တွေ့ကြုံရပြီး အကြွေးပေါင်း သန်းကိုးထောင်အထိ တင်ခဲ့၏။ ခိုင်မာသည့်စိတ်ဓာတ်၊ မဖြစ်မနေ ဇွဲနှင့်လုပ်သည့်စိတ်ဓာတ်၊ အလုပ်ကြိုးစားမှု၊ မိမိကိုယ် မိမိ စိန်ခေါ်မှုတို့ဖြင့် စီးပွားရေးအကျပ်အတည်းက လွတ်မြောက် လာခဲ့သည်။

သူ၏ အယူအဆသြဝါဒများကား–

မိမိကိုယ်မိမိ စိန်ခေါ်ပါ။

ပိုလုပ်နိုင်အောင် ကြိုးစားပါ။

ပိုလုပ်ပါ။

www.burmeseclassic.com



မည်သည့်အခါမှ အောင်မြင်မှု တစ်ခုအပေါ်၌ ကျေနပ်နှစ်သိမ့် မနေပါနှင့်။

အလုပ်ကို ပိုလုပ်ပါ။ ပိုလုပ်သူကိုလည်း ပိုပေးနိုင်အောင် ကြိုးစားပါ။

မိမိလုပ်နိုင်သည့်အလုပ်တစ်ခုကို ဤနေ့တွင် ပြီးမြောက်အောင် လုပ်မည် ဆိုသည့်စိတ်ဓာတ်ဖြင့် နေ့သစ်တစ်ခုကို စတင်လိုက်ပါ။

မိမိဘဝတိုးတက်မှု၊ မိမိစီးပွားရေး တိုးတက်မှု၊ မိမိ၏ စိတ်ဓာတ် တိုးတက်မှုတို့ကို ဖြစ်စေနိုင်သည့် စိန်ခေါ်မှုများကို ရှာဖွေပါ။

မိမိ၏အောင်မြင်မှုကို အကူအညီပေးသည့် မိမိ၏မိတ်ဆွေ၊ မိမိ၏ အဖွဲ့သားများကို ရက်ရက်ရောရော ချီးမြှင့်ရန် ဝန်မလေးပါနှင့်။ ၎င်းတို့၏ ကူညီမှုကို လေးလေးစားစား အသည်းထဲစွဲသွားအောင် အသိအမှတ်ပြုပါ။ သူတို့က မိမိကို အောင်မြင်မှုများ ဆက်တိုက်ရရှိစေရန် အကူအညီပေးလာပါလိမ့်မည်။

မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝ ရှိပါ။

သို့ရာတွင် မာနကြီးသူ၊ သွေးနားထင်ရောက်နေသူ၊ ဘဝင်မြင့်နေသူအဖြစ်ကို မရောက်အောင် ထိန်းသိမ်းနေထိုင်ပါ။

မိမိကိုယ်မိမိ စိန်ခေါ်လိုက်စမ်းပါ။

✦✦✦

www.burmeseclassic.com

## အလှအပကို ခံစားတတ်ပါစေ

မိမိတို့ ပတ်ဝန်းကျင်မှာသော်လည်းကောင်း–

လူသားတွေထဲမှာသော်လည်းကောင်း–

အလှအပတွေ ရှိနေကြသည်။ နှလုံးသား အရည်အသွေး ကောင်းသူများ၊ အများအကျိုးကို သယ်ပိုးရွက်ဆောင်နေသူများ သည် လှပသော လူသားများ ဖြစ်ကြ၏။ ထိုသို့ အလှအပ အင်္ဂါရပ်များနှင့် ပြည့်စုံသူတို့အား လေ့လာသင့်ပေ၏။

လှပမှုနှင့် တင့်တယ်မှုဟူသည် လူတစ်ယောက်၏ အတွင်း စိတ်ထဲက ဖြစ်ပေါ်လာသည့် ခံစားမှု ဖြစ်၏။

မည်မျှပင် ကြီးကျယ်ကြီးစား၊ ငွေကြေးပြောက်မြားစွာနှင့် ဝယ်ဝယ် ပင်ကိုယ်အရည်အသွေးတစ်ခုကို အလွယ်တကူမရနိုင်။

ပင်ကိုယ်အရည်အသွေးနှင့် အောင်မြင်မှုဟူသည် ဆက်စပ် လျက် ရှိ၏။

လှပချောမွေ့တင့်တယ်လှစွာသော အမျိုးသမီးတစ်ဦးဖြစ်စေ၊ အဆောက်အဦတစ်ခုဖြစ်စေ၊ အနုပညာလက်ရာတစ်ခုဖြစ်စေ

www.burmeseclassic.com


အလှကြည့်ရှုသက်သက်လောက်သာ သဘောမထားသင့်။ ထို အလှအပကို ခံစားတတ်ရပေမည်။

အောင်မြင်သူတို့ထံ၌ အလှအပတို့ ဝိုင်းရံနေတတ်ကြ၏။

အချို့က ကြွားဝါသည်ဟု မှတ်ထင်ကြသည်။

ငွေရှိ၍ ဖြုန်းနေသည်ဟုလည်း ယူဆထားကြသည်။

ထိုအယူအဆမှာ မှန်သင့်သလောက်သာ မှန်၏။ အလုံး စုံမှာမူ မမှန်ပါချေ။

အလှအပဟူသည် လူတိုင်းအတွက် လိုအပ်၏။

အလှအပများနှင့် ဝန်းရံနေသူ၊ အလှအပများနှင့် ထိတွေ့ နေသူတို့အဖို့ အောင်မြင်မှုနှင့် နီးစပ်လျက်ရှိ၏။

အလှအပကို ခံစားခြင်းသည် အပျော်အပါးလိုက်စားခြင်း နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်ချေ၏။

အဆောက်အဦ ဆောက်လုပ်သည့်အခါတွင် ဖြစ်စေ၊ မည် သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ၊ လှပတင့်တယ်ဖို့ရာ အတွက် တစ်ခန်းတစ်ကဏ္ဍ ပေးသင့်ပေသည်။ လှပတင့်တယ် မှုသည် ကောင်းသတင်းကိုလည်း ဖြစ်စေ၏။

အလှအပကို ခံစားတတ်ရုံသာ မကသေး။

အလှအပကို ဖန်တီးနိုင်သူ ဖြစ်ပါက ထိုသူ၏ အောင်မြင်မှု မှာ ကြီးမြတ်လှပေ၏။

သို့ဖြစ်၍-

မိမိ၏ဘဝ၌ အလှအပများ ဝန်းရံတည်ရှိအောင် ကြိုး စားပါ။

www.burmeseclassic.com



မိမိ၏ဘဝ၌ အလှအပများ ဝန်းရံတည်ရှိအောင် အကူအညီလိုအပ်ပါက မည်သူ့ထံမှ ယူရမည်ကို လေ့လာပါ။ အကူအညီရရှိစေရန် အစီအစဉ်ကို စနစ်တကျ လုပ်ဆောင်ပါ။

မိမိ၏စိတ်အား လှုပ်ရှားစေသည့်အရာကို ရှာဖွေဖော်ထုတ်ပါ။

ရုပ်ပိုင်းဆိုင်ရာ အလှအပနှင့် စိတ်ပိုင်းဆိုင်ရာ အလှအပနှစ်မျိုးစလုံးကို ခံစားတတ်အောင်၊ ဖန်တီးတတ်အောင် ကြိုးစားပါ။

အလှအပကို ခံစားတတ်သူ ဖြစ်ပါစေ။

✦ ✦ ✦

www.burmeseclassic.com

## ဝန်ထမ်းကို ဘယ်လိုကိုင်တွယ်သင့်သလဲ

လုပ်ငန်းတစ်ခုကို မိမိသည် ဦးဆောင်လှုပ်ရှားရာ၌ မိမိအောက် ဝန်ထမ်းများလည်း ရှိကောင်းရှိပေမည်။

ထိုအခါ ဝန်ထမ်းများကို လုပ်ငန်းခွင်တိုးတက်ရေးအတွက် အကိုင်အတွယ်တတ်ဖို့ လိုပေသည်။

စွမ်းဆောင်ရည် နိမ့်ကျသော၊ အလုပ်တစ်ခုကို အောင်မြင်ပြီးမြောက်အောင် မလုပ်သော၊ ဘသားယိမ်းလိုက် ယောယိမ်းလိုက် လုပ်တတ်သော၊ ရေသာခိုသော၊ အမှားများစွာ လုပ်ဆောင်တတ်သော အလုပ်သမားဝန်ထမ်းအား ပေလျက်ံ ပစ်မထားဖို့လို၏။ ထိုဝန်ထမ်း၏ အမူအကျင့်များမှာ ကျန်ဝန်ထမ်းများသို့ ကူးစက်သွားတတ်၏။

ထိုဝန်ထမ်းမျိုးရှိလာပါက ဦးစွာ ခေါ်ယူတွေ့ဆုံပါ။

၎င်းတို့၌ မည်သည့်အခက်အခဲများ ရှိနေကြောင်းကို ထုတ်ဖော် မေးမြန်းပါ။ ထိုအခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းဖြင့် ၎င်းတို့အား လမ်းကြောင်းမှန်သို့ တင်ပို့ပေးနိုင်ပါသည်။

www.burmeseclassic.com



စွမ်းဆောင်ရည်နိမ့်ကျသော၊ အလုပ်တစ်ခုကို ပြီးမြောက်အောင် မလုပ်ဆောင်နိုင်သော၊ အမှားများစွာ လုပ်ဆောင်လေ့ရှိသော ဝန်ထမ်းများကို သင်တန်းပေးပါ။ လိုအပ်သော အလုပ်၊ အထောက်အကူ ပစ္စည်းများကို ဖြည့်ဆည်းပေးပါ။ အလုပ်နေရာ အပြောင်းအလဲလုပ်၍ လုပ်ကိုင်စေခြင်းဖြင့် အခွင့်အရေးတစ်ရပ်ပေးကြည့်ပါ။ လမ်းကြောင်းမှန်သို့ ရောက်ရှိကောင်း ရောက်ရှိသွားနိုင်ပါသည်။

အမှားကို အမှားမှန်းသိသည့် ဝန်ထမ်းတစ်ဦးအနေဖြင့် ၎င်း၏အမှားကို ပြင်ဆင်လိုပါက ပြင်ဆင်ခွင့်ပေးလိုက်ပါ။ စွမ်းဆောင်ရည်မြင့်လာအောင် ကြိုးစားလိုစိတ်ရှိပါက ကြိုးစားဖို့ရာ အခွင့်အရေးပေးပါ။

ထိုဝန်ထမ်းအား သတ်မှတ်ထားသောအချိန်အတွင်း မိမိလိုချင်သည့် အချက်များ ပြည့်မီအောင် ကြိုးစားခိုင်းပါ။ မိမိလိုချင်သည့် အချက်များကိုလည်း ဝန်ထမ်းအား သဘောပေါက်နားလည်အောင် ရှင်းလင်းပြပါ။ စွမ်းဆောင်ရည် မြင့်မားလာမှုကို တိုင်းတာရာတွင်လည်း တိုင်းတာ၍ရသော စံချိန်၊ စံညွှန်းများ ရှိရပါလိမ့်မည်။

သတ်မှတ်ထားသော အချိန်အတွင်း သတ်မှတ်ထားသည့် တိုးတက်မှု မရရှိလျှင်မူ၊ ဆက်လက်၍ အမှားအယွင်းများ လုပ်ဆောင်နေပါမူ အလုပ်က ဖယ်ရှားပစ်ရန် ဝန်မလေးပါနှင့်။

ဘုရားရှင် ဟောဖော်ညွှန်ပြခဲ့သော စကားတစ်ခွန်းရှိ၏။ မြင်းတစ်ကောင်ရှိသည် ဆိုပါစို့၊ ကောင်းသော မြင်းကို

www.burmeseclassic.com



ကောင်းသည်ထက်ကောင်းအောင် လေ့ကျင့်ပေး၏။ ဆိုးသွမ်းသောမြင်းကို မြင်းကောင်းဖြစ်အောင် လေ့ကျင့်ပေး၏။ မည်သည့်နည်းနှင့်မျှ လေ့ကျင့်၍မရ၊ ထိန်းကျောင်း၍မရ၊ ဆုံးမ၍ လုံးဝမရသော ဖွဲဆိုးပါသည့်မြင်းကိုမူ နောက်ဆုံး၌ သတ်ဖြတ်ပစ်လိုက်ရာ၏။ (သတ်ဖြတ်ခြင်းဆိုသည်မှာ လုံးဝ ထိန်းကျောင်းလေ့ကျင့်ဆုံးမ၍ မရတော့သောကြောင့် ပေလျက်ံ ဥပေက္ခာပြုလိုက်ခြင်းသဘော ဖြစ်ပါသည်။)

ထိုအတူ ဝန်ထမ်းကောင်းကိုလည်း ကောင်းသည်ထက်ကောင်းအောင်၊ တော်သည်ထက်တော်အောင် လေ့ကျင့်ပေးရ၏။ သာမန်ဝန်ထမ်းကိုလည်း ဝန်ထမ်းကောင်း ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရ၏။ လုံးဝပြုပြင်၍မရသော၊ လုပ်ငန်းကို အကျိုးပျက်ရာပျက်ကြောင်း လုပ်ဆောင်သော ဝန်ထမ်းဆိုးကိုမူ အလုပ်မှ ထုတ်ပယ်လိုက်သည်သာ အကောင်းဆုံး ဖြစ်ပါ၏။

သွေးပုပ် ပြည်ပုပ်များရှိပါက ညှစ်ထုတ်လိုက်သည်သာ အကောင်းဆုံး ဟူသည့်သဘော။

✦ ✦ ✦

www.burmeseclassic.com

## စနစ်တကျ ပြုလုပ်မှ

ရည်မှန်းချက်လည်း ရှိ၏။

ပန်းတိုင်ကိုလည်း သိ၏။

သို့ဖြစ်၍ အလုပ်ကို လုပ်၏။ သို့ရာတွင် ထင်သလောက် ဖြစ်ထွန်းလာခြင်း မရှိ။

ထိုသို့ ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။

စနစ်တကျ မလုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေ၏။

မည်သည့်အလုပ်ကို လုပ်စေ၊ စနစ်ကျနမှုမရှိလျှင် မည်ရွေ့မည်မျှ ကြိုးပမ်းလုပ်ဆောင်ပါစေ၊ ကြိုးပမ်းသလောက် အရာမထင်ဘဲ ဖြစ်တတ်၏။

အလုပ် မလုပ်မီကပင် မိမိလုပ်ကိုင်လိုသောအလုပ် ဖြစ်ပါသလား။ မိမိနှင့်ကိုက်ညီသောအလုပ် ဟုတ်၊ မဟုတ်ကို ဆန်းစစ်ဖို့ လိုပေသည်။ ထိုအတူ မိမိ၏ ရည်မှန်းချက်၊ ခံစားချက်၊ လိုအပ်ချက်တွေကိုလည်း ဆန်းစစ်ရပေမည်။

www.burmeseclassic.com



ပတ်ဝန်းကျင်က မိမိအပေါ် စူးစမ်းနေသမျှကို ဂရုစိုက်စရာ မလိုပါ။

မိမိအတွက် ဘာအကောင်းဆုံး ဖြစ်လိမ့်မည်ကိုသာ ဆုံးဖြတ်ရွေးချယ်ပါ။

လုပ်ဆောင်ရာ၌ ကြိုးစားမှုသည် ကြိုးစားမှုသာဖြစ်၍ စနစ်ကျခြင်းသည် စနစ်ကျခြင်းသာ ဖြစ်ပါသည်။ ၎င်းတို့နှစ်ခုသည် ထပ်တူညီမျှကြသည်မဟုတ်။

စနစ်တကျလုပ်ဆောင်တတ်သူသည် ရှေ့တွင် လုပ်ဆောင်ပြီးသမျှ နောင်တစ်ဖန် ပြန်လှည့်၍ မကြည့်ရလေအောင် လုပ်ဆောင်တတ်စမြဲပင်။

စနစ်တကျ မရှိသောသူသည် အလုပ်တစ်ခုကို သေသပ်ပြီးစီးအောင် လုပ်နိုင်ဖို့ဝေးစွ။

နောက်ထပ်တစ်ဖန် ထပ်မံ၍ ပြန်လည်လုပ်ဆောင်ရသည်နှင့်ပင် ရှေ့တန်းကို တက်မလာနိုင်တော့။

လူတစ်ယောက်အဖို့ မိမိ၏လုပ်ရပ်မှန်သမျှသည် ကိုယ်သွားရာနောက်သို့ အရိပ်သဖွယ် တကောက်ကောက် လိုက်ပါနေစမြဲဖြစ်၏။

စနစ်တကျ ပြုလုပ်သူအတွက် သတင်းကောင်း ထွက်ပေါ်သကဲ့သို့ စနစ်တကျ မလုပ်ဆောင်သူအဖို့ရာလည်း မကောင်းသောသတင်းက ထွက်ပေါ်နေမည်သာ ဖြစ်၏။ သတင်းဆိုးထွက်နေသောသူအဖို့ အောင်မြင်တိုးတက်ဖို့ရာ မဖြစ်နိုင်သလို အခွင့်အရေးတွေကလည်း ပိတ်ဆို့သွားတတ်၏။

www.burmeseclassic.com



အောင်မြင်ကြီးပွားတိုးတက်နေကြသူတိုင်း အလုပ်မှန်သမျှကို ကြီးကြီးမားမား လုပ်ဆောင်၍ အောင်မြင်ခဲ့ကြသည်မဟုတ်။ သေးငယ်သော ကိစ္စရပ်ကလေးများကို ဂရုစမ္မပြုကာ စနစ်ကျစွာ လုပ်ဆောင်လေ့ရှိသောကြောင့်သာ အောင်မြင်ကြီးပွားတိုးတက်လာကြရခြင်း ဖြစ်ပေသည်။ စစ်ပွဲ တစ်ပွဲ၌ မြင်းခွာသံ ပြုတ်နေ၍ အကြောင်းကြားမှု နှောင့်နှေးကာ အကြီးအကျယ် စစ်ရှုံးခဲ့ဖူး၏။

အသေးအဖွဲ့ဟူသည် အကြီးအမား၏ အခြေခံ ဖြစ်၏။

သေးငယ်သောအရာတို့အား စနစ်တကျလုပ်ဆောင်တတ်သော အလေ့အကျင့်ကြောင့် ကြီးမားသော အရာတို့ကိုလည်း စနစ်တကျ လုပ်ဆောင်တတ်လာ၏။

ထိုသူသည် အရေအတွက်ထက် အရည်အချင်းကို အလေးထားသူပင်။

သည့်အတွက်–

မည်သည့်အလုပ်ကို လုပ်ဆောင်ပါစေ–

အကွက်ကျကျဖြင့် စနစ်တကျ လုပ်ဆောင်တတ်ဖို့ လို၏။

✦ ✦ ✦

www.burmeseclassic.com

## သင့်လျော်သော
## ပတ်ဝန်းကျင်ကောင်း

မင်္ဂလာတရားတော်၌ 'ပတိရူပ ဒေသဝါသောစ' ဟူ၍ ရှိ၏။

အဓိပ္ပာယ်ကား သင့်လျော် လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း ဖြစ်၏။

မိမိလက်ရှိ ရောက်နေသော နေရာသည်လည်းကောင်း၊ ပတ်ဝန်းကျင်သည်လည်းကောင်း၊ မိမိ၏ အောင်မြင်ကြီးပွား တိုးတက်ရေးအတွက် အကောင်းဆုံး အထောက်အကူ ပေးနိုင်သည့်နေရာဖြစ်ဖို့ လိုပါ၏။ ပတ်ဝန်းကျင်ကောင်း ဖြစ်ဖို့လို၏။

နေရာကောင်းရလျှင်၊ ပတ်ဝန်းကျင်ကောင်းရလျှင် ထိုနေရာ ထိုပတ်ဝန်းကျင်ကို အသုံးချ၍ မိမိဘဝကို တိုးတက်မြင့်မား အောင် လုပ်ဆောင်သင့်ပေ၏။

လယ်သမားတစ်ယောက်အတွက် မြေဆီဩဇာ ဖြစ်ထွန်းသည့် လယ်ယာကောင်း၊ လယ်မြေကောင်းရှိဖို့ လို၏။

www.burmeseclassic.com



လူတစ်ဦးတစ်ယောက်အတွက် တိုးတက်အောင်မြင်ဖို့ ဆိုသည်မှာ ပတ်ဝန်းကျင်၏ အထောက်အပံ့ အတိုင်းအတာသည် လွန်စွာအရေးကြီး၏။ ရာနှုန်းပြည့်နီးပါး လိုအပ်၏။

မိမိရောက်ရှိနေသောနေရာ၊ ပတ်ဝန်းကျင်တို့မှာ မိမိမျှော်မှန်းထားသောပန်းတိုင်နှင့် ဝေးကွာနေပါက အောင်မြင်ကြီးပွားဖို့ ဆိုသည်မှာ အလှမ်းကွာဝေးနေပေလိမ့်မည်။

ကျောက်ပွဲစားတစ်ယောက်အဖို့ ရတနာပစ္စည်းရောင်းဝယ်သည့် ပတ်ဝန်းကျင်သည် သင့်တင့်လျောက်ပတ်သောနေရာ၊ ပတ်ဝန်းကျင် ဖြစ်၏။

စာပေသမားတစ်ယောက်အဖို့ရာလည်း စာပေသမားများ စုဝေးရာ ဝန်းကျင်၊ စာကြည့်တိုက် စသည်တို့မှာ သဟဇာတ ဖြစ်သော ပတ်ဝန်းကျင်ပဲ ဖြစ်၏။

ရွှေရှာလိုသူအဖို့ ရွှေတွင်းရှိသောလုပ်ကွက်သို့ သွားရပေလိမ့်မည်။

အချို့သူတို့ အောင်မြင်ကြီးပွား တိုးတက်သင့်သလောက် မတိုးတက်ကြခြင်းမှာ မိမိလက်ရှိ ရောက်နေသော ပတ်ဝန်းကျင်နှင့် မိမိမျှော်လင့်ထားသည့် ပန်းတိုင်တို့ သဟဇာတ မဖြစ်သောကြောင့်ပင်။

ထိုသို့ သတိထားမိပြီဆိုပါက တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုသောထုံးကို နှလုံးမူကာ ထိုအရပ် ထိုပတ်ဝန်းကျင်အား သံယောဇဉ်မတွယ်ဘဲ စွန့်ခွာသင့်က စွန့်ခွာရပေလိမ့်မည်။ မိမိပြောင်းရွှေ့သောနေရာ၊ ပတ်ဝန်းကျင်သည် မိမိလုပ်ဆောင်

www.burmeseclassic.com



ရမည့်အလုပ်နှင့် အံဝင်ခွင်ကျဖြစ်ဖို့လို၏။ သဟဇာတ ကျဖို့လို၏။

နိုင်ငံတော်အကြီးအကဲ ဖြစ်နိုင်ချေရှိသောလူအဖို့ ကျေးလက်တောရွာမှာသာနေမိပါက အုပ်ချုပ်ရေးမှူး အဆင့်လောက်သာ တင်းတိမ်ရပေတော့မည်။

ဘုရားဟော ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဇာတ်ဝတ္ထုတစ်ပုဒ်၌ ဘီလုံးငှက်ငယ်သည် မိမိနှင့် သဟဇာတ မဖြစ်သော ပတ်ဝန်းကျင်သို့ သွားရောက်အစာရှာသဖြင့် သိန်းစွန်ငှက်၏ သုတ်ချီခြင်းကို ခံရ၏။

"ငါ့ပတ်ဝန်းကျင် အမှန်မဟုတ်၍ ဤကဲ့သို့ ခံရ၏။
ထိုသို့မဟုတ်ပါက ခံရမည်မဟုတ်ပေ"

ထိုသို့ ကြုံးဝါးသည့်အခါ ထိုစကားမှန် မမှန် သိစေရန်အတွက် သိန်းစွန်ငှက်လည်း ဘီလုံးငှက်ငယ်ကို လွှတ်လိုက်၏။ ဤတွင် ဘီလုံးငှက်ငယ်သည် မိမိနှင့် သင့်တင့်လျောက်ပတ်ရာ ဒေသဖြစ်သည့် ပုစွန်ကျစ်စာခဲများအကြား တိုးဝင်၏။ ပြီးလေသော် ၎င်းထက် အရွယ်အစားများစွာကြီးမားသည့် သိန်းစွန်ငှက်ကို စိန်ခေါ်၏။ သိန်းစွန်ငှက်လည်း ဘီလုံးငှက်ငယ်အား ထိုးသုတ်ဖို့ ကြိုးစား၏။ ဤတွင် ဘီလုံးငှက်ငယ်လည်း ပုစွန်ကျစ်စာခဲများအကြား ဝင်ရောက်ပုန်းခို၏။ ထိုအခါ သိန်းစွန်ငှက်၏ ရင်အစုံသည် ပုစွန်ကျစ်စာခဲ အမာများနှင့် ရိုက်ခတ်မိ၏။ နောက်ဆုံး သိန်းစွန်ငှက်ခမျာ ရင်ကွဲ၍ သေရရှာလေ၏။

ဆိုလိုသည်ကား နေရာကောင်း၊ ပတ်ဝန်းကျင်ကောင်းသည်

www.burmeseclassic.com



မိမိဘ၀ကို လုံခြုံစေသည်သာမက ဘ၀အောင်မြင်တိုးတက်ရေးကိုလည်း ကူထောက်ပေးနိုင်၏။

သို့ဖြစ်၍ သင့်လျော်လျောက်ပတ်သည့် ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်နေထိုင်ဖို့ လိုလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အမြင်မှန်မှ အမှန်မြင်မည်

အချို့၊ အချို့သောသူများသည် ဘက်တစ်ဖက်တည်းသာ ကြည့်တတ်ကြ၏။

တစ်ဖက်တည်းပဲ ကြည့်မည်၊ တစ်နေရာတည်းပဲ ကြည့်မည်ဆိုလျှင် မိမိမြင်ရသည်သာ အမှန်ဟု အရိုးစွဲသွားပြီး လမ်းကြောင်းအမှန်မှ သွေဖယ်သွားတတ်သည်။ အမှားတွေကို လုပ်မိတတ်သည်။

အမှားတွေကို လုပ်မိသည့်အတွက် အချိန်ကုန်၊ ငွေကုန်၊ လူပန်း ဖြစ်တတ်သည်။ သို့ဖြစ်၍ ဘက်ပေါင်းစုံက ကြည့်တတ်ဖို့ လိုသည်။

အမှန်ကိုမြင်နိုင်မှ အမြင်တွေ မှန်နိုင်လိမ့်မည်။

အမှန်ကိုမြင်နိုင်ရန် ရိုးသားမှုရှိဖို့လည်း လိုသည်။ ရိုးသားမှု မရှိပါက အမှန်တရားကို တည်ဆောက်၍ မရနိုင်ပေ။

တစ်ခါတစ်ရံ၌ မိမိတို့၏ လုပ်ဆောင်မှုများ၌ အဆင်မပြေမှုများ၊ လွဲချော်မှုများ၊ ကွာဟမှုများ ရှိနေတတ်ကြသည်။ ထိုအခါ

www.burmeseclassic.com



မိမိ၏ ပြစ်ချက်ကို မမြင်ဘဲ သူတစ်ပါးကိုသာ အပြစ်မြင်၊ အပြစ်တင်လေ့ရှိကြသည်။ ထိုအခါ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း မမြင်တတ်ကြတော့။

လုပ်ငန်းရှင်တစ်ယောက်အဖို့ ဘက်ပေါင်းစုံက မြင်နိုင်ဖို့ရာအတွက် မိမိအားကိုးအားထားပြုရသော ဝန်ထမ်းများ၊ အကြံပေး၊ အတိုင်ပင်ခံ ပညာရှင်များ၊ ရင်းနှီးစိတ်ချရသော မိတ်ဆွေများ၊ ဆရာကောင်း သမားကောင်းတို့၏ အကူအညီများကို ရယူဖို့ လိုပါသည်။

၎င်းတို့၏ ကျွမ်းကျင်မှုများ၊ အမြင်များ၊ အတွေ့အကြုံများသည် မိမိ၏ ဟာကွက်တို့ကို ဖြည့်ဆည်းပေးနိုင်ပေလိမ့်မည်။

ဤသို့ အတော်ဆုံး၊ အကောင်းဆုံး၊ စိတ်အချရဆုံး၊ အရင်းနှီးဆုံး လူများနှင့် တိုင်ပင်ရမည်၊ ဆွေးနွေးရမည်။ အကြံဉာဏ်ကောင်းများကို ရယူရမည်။

အရှိကိုအရှိအတိုင်း ထင်သာမြင်သာသည်ကို ထင်သာမြင်သာသည့်အတိုင်း ဖြစ်လာစေရန်အတွက် လိုအပ်ချက်တွေ ရှိကောင်း ရှိနေနိုင်ပါသည်။

"အမြင်တွေ မှန်ကန်ဖို့ရာအတွက် အမှန်တွေကို မြင်နိုင်ရန် ကြိုးစားပါ။ အမှန်ကို မြင်လာပြီဆိုပါက အမှန်ကို လက်ခံပြီး အမှားတွေကို သင်ပုန်းချေပစ်ပါ။ အမှန်မြင်လာသည့်အတွက် ပြောင်းလဲဖြစ်ပေါ်လာသည့် အခွင့်လမ်းတွေကို လက်လွှတ်မခံပါနှင့်"

www.burmeseclassic.com



အောင်မြင်တိုးတက်လိုသူအဖို့ အမှန်ကို အမှန်အတိုင်း မြင်တတ်ဖို့ရာ အရေးကြီးပေသည်။

မမြင်လျှင် မသိတော့၊ မသိလေသောအခါ မပြုပြင်၊ မပြုပြင်သည့်အတွက် အကျိုးရလဒ်ကောင်းများ မရနိုင်၊ ဤသို့ပင် အမှန်မမြင်နိုင်သည့်အတွက် တိုးတက်မှုကျဆင်းကာ သံသရာလည်နေတတ်ပေသည်။

ဘဝ၌ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်နေသူအဖို့ မိမိ၏အောင်မြင်မှု၌ မိန်းမောမနေဖို့ အရေးကြီး၏။ မိန်းမောနေပါက အောင်မြင်မှုတို့ ရပ်တန့်မည်။ ရပ်တန့်ခြင်းသည် ကျဆုံးခြင်း၏ ရှေ့တော်ပြေးဖြစ်သည်ကို သတိပြုပါ။

အမြင်လည်း မှန်ပါစေ။

အမှန်လည်း မြင်ပါစေ။

✦ ✦ ✦

www.burmeseclassic.com

## အဆင်ပြေအောင် ဆက်ဆံပါ

လူ့ဘဝကို ရလာပြီ ဆိုကတည်းက တစ်ဦးတစ်ယောက်တည်း သီးခြားနေ၍ မရတော့။

မိသားစုနှင့် ဆက်ဆံရ၏။

သူငယ်ချင်း အပေါင်းအသင်းတို့နှင့် ဆက်ဆံရ၏။

လုပ်ငန်းခွင်ရောက်တော့လည်း–

ပတ်ဝန်းကျင်ရှိ လူအံများနှင့် ဆက်ဆံရတော့၏။

လူမှာ ပေါင်းသင်းဆက်ဆံရေးသည် အရေးကြီး၏။

မိမိပေါင်းသင်းဆက်ဆံနေရသောသူတို့ ဆိုသည်ကား လူအမျိုးမျိုး စရိုက်အထွေထွေ။ အောင်မြင်မှုလမ်းကြောင်းပေါ် လျှောက်လှမ်းနေရသူအဖို့ လူအများနှင့် ဆက်ဆံရာဝယ် လိုက်လျောညီထွေဖြစ်ဖို့ လို၏။ အဆင်ပြေအောင် ဆက်ဆံတတ်ဖို့ လို၏။

အောင်မြင်မှုကို လူတိုင်းမက်မောကြ၏။

အောင်မြင်မှုပန်းတိုင်ရှိရာသို့လည်း သွားရောက်လိုကြ၏။

www.burmeseclassic.com



ဤသို့ အောင်မြင်မှုပန်းတိုင်ဟူသည် အလွယ်တကူ ရရှိနိုင်သောအရာ မဟုတ်။ အခက်အခဲ အတားအဆီးများကြား၌ တည်ရှိနေသောအရာ ဖြစ်၏။

သည့်အတွက် အောင်မြင်မှုပန်းတိုင်ရှိရာ သွားနေသူအဖို့ ပြိုင်ဘက်များ၊ ပတ်ဝန်းကျင်များ၊ အခက်အခဲအတားအဆီးများကို တွေ့ထိ၊ ဖြတ်သန်း၊ ကျော်လွှားသွားနေကြရလိမ့်မည်။ ၎င်းအများနှင့်သက်ဆိုင်သောအရာကို ပိုင်ဆိုင်ရယူနိုင်ဖို့ရာအတွက် ပတ်ဝန်းကျင်နှင့်သော်လည်းကောင်း၊ ပြိုင်ဘက်များနှင့်သော်လည်းကောင်း အဆင်ပြေစွာဆက်ဆံနိုင်ဖို့ အရေးကြီး၏။

မိမိ၏အောင်မြင်မှုအတွက် ကူထောက်ပေးသူ၊ လုပ်ဆောင်ပေးသူ လက်ထောက်ဝန်ထမ်းများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးရန် ဝန်မလေးပါနှင့်။ ၎င်းတို့၏ ကူညီမှုများအပေါ် အလေးအနက် တန်ဖိုးထားခြင်းသည် ကောင်းမွန်သောဆက်ဆံရေးပင် ဖြစ်သည်။ ထိုဆက်ဆံရေးကပင် မိမိ၏အောင်မြင်မှုကို အရောင်တင်သွားပေလိမ့်မည်။

အချို့လူများသည် အောင်မြင်သင့်သလောက် မအောင်မြင်ကြ။

အောင်မြင်ပါလျက်နှင့် အောင်မြင်မှုကို မထိန်းသိမ်းနိုင်ဘဲ ကျရှုံးခဲ့ကြသည်မှာ စင်စစ်အားဖြင့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ အဆင်မပြေအောင် မဆက်ဆံတတ်ကြသောကြောင့် ဖြစ်ပေသည်။

အမှန်တကယ် အောင်မြင်သူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ

www.burmeseclassic.com



လူတိုင်းနှင့် အဆင်ပြေအောင် လိုက်လျောညီထွေစွာ ဆက်ဆံတတ်သောကြောင့် ဖြစ်၏။

အများတကာနှင့် အဆင်ပြေအောင် ဆက်ဆံတတ်သောသူသည် လူချစ်လူခင် များ၏။ ရန်သူနည်းပါးကာ မိတ်ဆွေသင်္ဂဟတို့ တိုးပွား၏။ မိမိ၏ လုပ်ငန်းကိုလည်း တိုးတက်ကြီးပွားစေ၏။

ဤသို့ အဆင်ပြေအောင် ဆက်ဆံရာဝယ် မိမိဘက်ကလည်း ပေးဆပ်တန်သည်ကို ပေးဆပ်ရ၏။ လိုက်လျောတန်သည်ကို လိုက်လျောရ၏။ အကူအညီပေးသင့်သည်ကို အကူအညီပေးရ၏။ နှုတ်ချိုသလောက် လက်ကမပါလျှင်လည်း အောင်မြင်သင့်သလောက် အောင်မြင်လိမ့်မည် မဟုတ်။

အများနှင့် အဆင်ပြေအောင် ဆက်ဆံရာဝယ်–

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်လျက် ဖြူအောင် စိတ်ကို ထားတတ်ဖို့ အရေးကြီး၏။

သက်ရောက်မှုတိုင်းတွင် ၎င်းနှင့်ထပ်တူညီသော တုံ့ပြန်မှုဟူသည် ရှိစမြဲ။

✦ ✦ ✦

www.burmeseclassic.com

## မှန်ကန်သော ဆုံးဖြတ်ချက်

ခေါင်းဆောင်ကောင်းတစ်ယောက် ပီသခြင်းရှိ မရှိ ဆိုသည်မှာ ၎င်းချမှတ်သော ဆုံးဖြတ်ချက်ကို ကြည့်ရပေမည်။

မှန်ကန်သောဆုံးဖြတ်ချက်ကို ချမှတ်နိုင်သူသည် ခေါင်းဆောင်ကောင်းဖြစ်၏။ မှန်ကန်သောဆုံးဖြတ်ချက် မချမှတ်နိုင်သူကား ခေါင်းဆောင်နေရာမှ ဖယ်ရှားပေးရတတ်၏။ မြန်မာ့လွတ်လပ်ရေးသမိုင်းစဥ်၌ ဗိုလ်ချုပ်အောင်ဆန်းသည် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့သည့်အတွက် တိုင်းပြည်၏ခေါင်းဆောင်ဖြစ်ရ၏။

ပုဂံခေတ်ကဆိုလျှင်လည်း အနော်ရထာမင်းကြီးသည် စစ်မှန်သော သာသနာတော်အတွက် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ခဲ့၏။ ပထမ မြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ပြီး သာသနာတော်အစစ်အမှန်ကို ဖော်ဆောင်နိုင်ခဲ့သည့် မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် ရာဇဝင်တွင်ခဲ့၏။

www.burmeseclassic.com



တောင်ငူခေတ်တွင်လည်း ဘုရင့်နောင်ကျော်ထင်နော်ရထာသည် နောင်ရိုးတိုက်ပွဲကို ဦးဆောင်ကာ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် အောင်ပွဲခံနိုင်ခဲ့၏။ ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုလည်း ဦးဆောင်တည်ထောင်နိုင်ခဲ့သော သူ့ရဲကောင်းတစ်ဦးအဖြစ် ထင်ရှားခဲ့၏။ အလောင်းမင်းတရား ဦးအောင်ဇေယျ ဆိုလျှင်လည်း ထိုနည်းလည်းကောင်း။

စစ်တပ်တစ်တပ်၌ ခေါင်းဆောင်သည် အခရာ ဖြစ်၏။

တိုက်ပွဲဆင်နွှဲသောအခါ ခေါင်းဆောင်၏ စဉ်းစားဆုံးဖြတ်ချက်သည် အဓိကကျ၏။ ဆုံးဖြတ်ချက် မှန်ကန်သည့်အတွက် တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာရ၏။

ခေါင်းဆောင်ရယ်မှ မဟုတ်။

လူတိုင်းပင် မိမိနှင့်ပတ်သက်သည့် ကိစ္စသည့်ကိစ္စမဆို စဉ်းစားဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရလေ့ရှိ၏။

ဆုံးဖြတ်ချက် မှန်ကန်လျှင် ဘဝ၌ တိုးတက်မှုများ ရရှိ၍၊ ဆုံးဖြတ်ချက် မမှန်ကန်လျှင် ဘဝတစ်ခုလုံး ပျက်သုန်းသွားရတတ်သည်။ ဆုံးဖြတ်ချက်တစ်ခုသည် လူတစ်ယောက်အတွက် လွန်စွာမှ အရေးပါ၏။

သို့ဆိုလျှင် အရေးကြီးသည့် ဆုံးဖြတ်ချက်ကို မည်ကဲ့သို့ ချမှတ်ရမည်နည်း။

ဘဝ၌ အောင်မြင်တိုးတက်ကြသူများမှာ ဆုံးဖြတ်ချက်တစ်ခုကို ဘယာဂတိမပါဘဲ စိတ်တည်ငြိမ်စွာဖြင့် ချမှတ်လေ့ရှိ၏။ ချစ်ခြင်းအစွန်း၊ မုန်းခြင်းအစွန်း၊ ဝမ်းသာခြင်းအစွန်း၊

www.burmeseclassic.com



ဝမ်းနည်းခြင်းအစွန်းတို့ကို ဖယ်ရှားကာ သမာသမတ်ကျကျ ဆုံးဖြတ်ချက် ချမှတ်လေ့ရှိကြ၏။

စိတ်လှုပ်ရှားမှု ကင်းအောင်နေပြီး တည်ငြိမ်လေးနက်စွာဖြင့် အမှားအယွင်း ကင်းစေမည့် ဆုံးဖြတ်ချက်မျိုးကို ချမှတ်နိုင်ရန် လိုအပ်၏။

အသိဉာဏ်ပို၍ ရင့်ကျက်ခိုင်မာလေ ဆုံးဖြတ်ချက် မှန်ကန်လေပင် ဖြစ်၏။

ဆုံးဖြတ်ချက်မှန်ကန်လေ ဘဝအတွက် အပေါင်းလက္ခဏာများလေ ဖြစ်ချေ၏။

✦ ✦ ✦

www.burmeseclassic.com



## ချီးမွမ်းသင့်တာ ချီးမွမ်းလိုက်စမ်းပါ

လူတိုင်း၊ လူတိုင်း အပြစ်ပြောစရာ မရှိလောက်အောင် ပြီးပြည့်စုံကြသည် မဟုတ်။

ကျောက်ကောင်းမှန်လျှင် အနာမကင်းဆိုသကဲ့သို့ လူတိုင်း လူတိုင်းမှာလည်း အနာအဆာကလေးများ၊ ချွတ်ယွင်းချက်ကလေးများ ရှိနေတတ်ကြသည်။

လူဆိုး လူမိုက်ပင် ဖြစ်လင့်ကစား ၎င်း၌ ကောင်းကွက် တစ်စုံတရာကလေးများ ရှိနေတတ်သည်။ ထိုအချက်ကို ဖော်ထုတ်နိုင်လျှင် လူဆိုးလူမိုက်သည် လူကောင်းသူကောင်း ဖြစ်နိုင်ပေသည်။

ဘုရားရှင်လက်ထက်က အင်္ဂုလိမာလသည် လက်ညှိုးပေါင်း တစ်ထောင် မပြည့်ပြည့်အောင် လိုက်လံဖြတ်နေသူ ဖြစ်၏။ နောက်ဆုံး လက်ညှိုးတစ်ချောင်းအလိုတွင် မွေးသမိခင်နှင့် တွေ့သည့်တိုင် အလွတ်မပေးဘဲ လိုက်လံဖြတ်ဖို့ အားထုတ်ခဲ့

www.burmeseclassic.com



၏။ စင်စစ် သူသည် ဆရာသခင်၏ ဥပါယ်တံမျဉ်စက်ကွင်းသို့ ဝင်သွားမိကာ လူဆိုးလူမိုက် ဖြစ်ခဲ့ရရှာ၏။ မူလစိတ်ဓာတ်အခြေခံကား ကောင်းမွန်သူပင်။

ထိုအချက်ကို ဘုရားရှင် သိမြင်သည့်အလျောက် ကယ်မချေချွတ်ခဲ့သဖြင့် နောက်ဆုံး၌ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ရ၏။

လူတိုင်းပင် သူ့အစွမ်းအစနှင့်သူ ရှိနေကြသူများ ဖြစ်၏။

အစွမ်းအစ ကင်းမဲ့သောသူ၊ အကောင်းဟူ၍ လုံးဝ ကင်းမဲ့သူဟူ၍ လောက၌ မရှိနိုင်ပေ။ ကောင်းကွက်ကလေးအနည်းငယ်မျှတော့ ရှိနေတတ်ပေသည်။

လူတိုင်းပင် ချီးမွမ်းခြင်းကို အလိုရှိကြ၏။

ကဲ့ရဲ့ ပြစ်တင်ခြင်းကို အလိုမရှိကြ။

သို့ဖြစ်၍ မိမိအနေနှင့် လုပ်ငန်းတစ်ခုကို ဦးဆောင်နေသူဆိုပါက မိမိလက်အောက်အလုပ်သမား ဝန်ထမ်းများအား ကဲ့ရဲ့ပြစ်တင်စကားကို ပြောရမည့်အစား ကောင်းကွက်ကလေးများကို ရှာဖွေဖော်ထုတ်၍ ချီးမွမ်းစကားပြောဆိုပါ။ မိမိအပေါ်အာရုံစိုက်လာပါလိမ့်မည်။ တလေးတစား ရှိလာပါလိမ့်မည်။ ခင်မင်ကျွမ်းဝင်လာပါလိမ့်မည်။

ထိုအခါကျမှ ၎င်းတို့၏ လစ်ဟာချက်၊ ပျော့ချက်၊ အားနည်းချက်တို့အား အပြုသဘောဆောင်ကာ နွေးထွေးစွာ ဆွေးနွေးပြောဆိုကြည့်ပါ။ မိမိဘက်သို့ အလေးသာလာပါလိမ့်မည်။

"မင်း... သိပ်တော်တာပဲကွာ။ မင်းမှာရှိတဲ့ အရည်အချင်းမျိုး ငါ့မှာတောင် မရှိဘူး"

www.burmeseclassic.com



သည်စကား ကြားလိုက်ရသော ဝန်ထမ်းတစ်ယောက်၊ အလုပ်သမားတစ်ယောက်အဖို့ အဘယ်မှာလျှင် မနောမချွေ့ဘဲ နေနိုင်မှာတဲ့နည်း။

ထိုသို့ သူတစ်ဖက်သား၌ ရှိနေသော အရည်အချင်းကောင်းကို ထုတ်ဖော်ချီးကျူးလိုက်သည့်အတွက် မိမိအပေါ်တွင်လည်း ကောင်း၊ သူလုပ်ဆောင်နေရသည့် အလုပ်အပေါ်တွင်လည်းကောင်း ဂရုစိုက်ပြုလာပါလိမ့်မည်။

ထိုအခါ မိမိ၏လုပ်ငန်းဆိုင်ရာ အပိုင်းကဏ္ဍတို့မှာ အောင်မြင်တိုးတက်မှုလမ်းကြောင်းပေါ်သို့ မသိမသာ ရောက်ရှိလာပါလိမ့်မည်။

ချီးမွမ်းပြောဆိုခြင်းသည် ငွေကြေးကုန်ကျသောအရာမဟုတ်။

ငွေကြေးထက် များစွာထိရောက်သော တွန်းအားတစ်ရပ်ဖြစ်၏။

သို့ဖြစ်၍–

ချီးမွမ်းသင့်သည်ကို ချီးမွမ်းလိုက်စမ်းပါ။

✦ ✦ ✦

www.burmeseclassic.com

## ဘာဖြစ်လို့
## ရှောင်ထွက်ရမှာလဲ

အခက်အခဲပြဿနာဟူသည် လူတိုင်းနှင့် ကင်းကြသည် မဟုတ်။

သူဌေးလည်း သူဌေးအလျောက်၊ ဆင်းရဲသားလည်း ဆင်းရဲသားအလျောက် အခက်အခဲ ပြဿနာတွေ သူ့အတိုင်းအတာနှင့်သူ ရှိနေကြသည်သာ ဖြစ်၏။

ငွေကြေးဥစ္စာ သန်းချီကြွယ်ဝသောသူမှာလည်း ခနပိုင်းဆိုင်ရာ ပြည့်စုံသည့်တိုင် ကျန်းမာရေးအခက်အခဲ ပြဿနာ၊ လူမှုရေးအခက်အခဲပြဿနာတို့ ရှိနေတတ်ကြပေသည်။

မကြာမတင်ကပင် ဂျာနယ်တစ်စောင်၌ သေမှုသေခင်းသတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။

တိုင်းဒေသကြီးတစ်ခုအတွင်းရှိ ကျေးရွာတစ်ရွာ၌၊ အသက် (၃၉) နှစ်ရှိ တောင်သူကြီးတစ်ဦးမှာ သစ်တစ်ပင်၏အမြင့် ၁၉ ပေခန့်ရှိ သစ်ကိုင်းတွင် အဝါရောင်နိုင်လွန်ကြိုးဖြင့် ကြိုးဆွဲချ

www.burmeseclassic.com



သေဆုံးနေခဲ့၏။ သက်ဆိုင်ရာမှ အကြောင်းရင်းကို ရှာဖွေစစ်ဆေးကြည့်သောအခါ အကြွေးငါးသိန်းအား ရှစ်ကျပ်တိုးဖြင့် ပြန်ဆပ်ရမည့်ကိစ္စနှင့် မိသားစုစားဝတ်နေရေး အဆင်မပြေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

တကယ်တော့ ထိုသေဆုံးသူသည် လွဲမှားသောထွက်ပေါက်ကို ရှာခဲ့သူဖြစ်၏။ အခက်အခဲ ပြဿနာကို ကြံ့ကြံ့ခံ ဖြေရှင်းရမည့်အစား လောကကို အရှုံးပေးကာ ရှောင်ထွက်သွားသူသာဖြစ်၏။ ထိုသူမျိုးကား ရဲရင့်သူမဟုတ်။ ပျော့ညံ့သူသာ ဖြစ်၏။

လူတစ်ယောက် အသက်ရှင်နေသေးသမျှ၊ ရုန်းကန်လှုပ်ရှားနိုင်သေးသမျှ ဘဝ၌ အခွင့်အလမ်းတွေ အများကြီး ရှိနေပါသည်။ ဉာဏ်နှင့်ယှဉ်၍ ဝီရိယနှင့် ပေါင်းစပ်လိုက်ပါက ကံကြမ္မာ၏ အလှည့်အပြောင်းနှင့် တွေ့ကြုံနိုင်ပါသေး၏။

ယခုကဲ့သို့ လွဲမှားသောထွက်ပေါက်ကို ရှာဖွေထွက်ခွာသွားခြင်း၊ ရှောင်ထွက်သွားခြင်းသည် သူရဲဘောနည်းသူတို့၏ လုပ်ရပ်၊ ကျရှုံးသူတို့၏ လုပ်ရပ်ပင် ဖြစ်ပါသည်။ ထိုသို့ မိမိကိုယ်မိမိ အဆုံးစီရင်လိုက်ခြင်းအတွက် တင်ရှိသောအကြွေးကို ကျေသွားလေမည်လား။ ဝေးပါသေးစွ။ ထိုအကြွေးသည် သံသရာသို့ ပါသွားချေတော့မည်။

တစ်ဖန် ရခဲလှသော လူ့ဘဝကို အဆုံးစီရင်လိုက်သည့်အတွက် အဖန်ငါးရာ ငါးကမ္ဘာဆိုတာလည်း ပါသွားပါလိမ့်မည်။

အောင်မြင်တိုးတက်လိုသူမှန်သမျှ သူရဲဘောကြောင်စိတ်မရှိ။

www.burmeseclassic.com


အခက်အခဲ၊ ပြဿနာတို့ကို ရှောင်လွှဲမသွား။

'လောကဓံကို မဖြုန်းစတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ' ဟူသော ခံယူချက်ဖြင့် ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းပေလိမ့်မည်။

ရှောင်ပြေးသူအတွက် ပြဿနာမှာ သေးငယ်သွားသည် မရှိဘဲ တစ်စထက်တစ်စ ကြီးထွားလာပါလိမ့်မည်။

ရှောင်ပြေး၍ လွတ်သည်ထား‌ဦး။

ကိုယ့်လိပ်ပြာကိုယ် လုံပါမည်လား။

အတိတ်တစ္ဆေ၏ ခြောက်လှန့်ခြင်းကို မလွဲမသွေ ခံစားရပေလိမ့်မည်။ လူတကာကို မကြည့်ရဲ၊ လူတောလည်း မတိုးနိုင်။ ဝင်ဆန့်ဖို့ဆိုသည်မှာ ဝေလာ... ဝေး။

သို့ဖြစ်၍ ရှောင်မထွက်ပါနှင့်။

ပြဿနာ၏ အကြောင်းအရာ၊ အရင်းအမြစ်တို့ကို ရှာဖွေပြီး ပြေလည်ရာပြေလည်ကြောင်း အကောင်းဆုံးသောနည်းလမ်းတို့ကို ရှာဖွေရပေမည်။

ပုစ္ဆာတစ်ပုဒ်၌ အဖြေကင်းမဲ့သည်ဟူ၍ မရှိ။

သို့ဖြစ်ပေရာ–

ရှောင်မထွက်ပါနှင့်၊ ရဲရဲရင့်ရင့် ရင်ဆိုင်ကာ ပြေလည်စေနိုင်သည့် နည်းလမ်းများဖြင့် ဖြေရှင်းလိုက်စမ်းပါ။

✦ ✦ ✦

www.burmeseclassic.com

## မဖြစ်နိုင်ဘူးဆိုတာ ဘာမျှမရှိ

စိတ်ဓာတ်ရင့်ကျက်သူ တစ်ဦးအတွက် 'မဖြစ်နိုင်' ဟူသော စကားရပ်သည် သူ့အဘိဓာန်တွင် ရှိလိမ့်မည် မဟုတ်ပေ။

"မဖြစ်သေးတာပဲ ရှိတယ်၊ မဖြစ်နိုင်ဆိုတာ လုံးဝ မရှိဘူး"

ဒါသည်ပင် သူ့အဘိဓာန်၌ တည်ရှိနေမည့် ခံယူချက် စိတ်ဓာတ် ဖြစ်ပေသည်။

အောင်မြင်မှုတိုင်း၌ အဖြစ်ချည်း ရှိသည်မဟုတ်။

အပျက်လည်း ရှိသည်။

အပျက်ထက် အဖြစ်က ပိုမိုသာလွန်အောင် လုပ်ဆောင်ပါက ထိုသူသည် အောင်မြင်မှုပန်းတိုင်တို့အား ပွင့်စေသူ ဖြစ်ပေ၏။

အလုပ်တစ်ခုကို စတင်၍မျှပင် အကောင်အထည် မဖော်ရသေး။

"ဖြစ်နိုင်မယ်.... မထင်ပါဘူး"

ဟု ဆိုသူသည် ဘယ်သောအခါမျှ အောင်မြင်မှု ရနိုင်လိမ့်

www.burmeseclassic.com



မည် မဟုတ်ပေ။ သူ့အတွက် အရာအားလုံးသည် အပျက်တွေ ချည်း ဖြစ်နေမှာ သေချာသည်။ သည်အတွက် ဖြစ်မြောက် အောင် လုပ်ဆောင်လိုသော ဖွဲ့သတ္တိ၊ ခွန်အားတို့ အပြည့်အဝ ရှိလိမ့်မည် မဟုတ်။

ဘဝ၌ အောင်မြင်လိုသူတို့ကား ကိစ္စတစ်ခုကို အကောင် အထည်ဖော်ဆောင်တော့မည် ဆိုပါက–

မဖြစ်ဖြစ်အောင် လုပ်ဆောင်မည်ဟူသော စိတ်ဓာတ်ရှိ၏။

ဖြစ်နိုင်သည့် နည်းလမ်းတို့ကိုလည်း ကြိုတင်လေ့လာကာ ပြင်ဆင်ထား၏။ ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းရန်အတွက်လည်း ကြိုတင်ကာကွယ်မှုများ ပြုထား၏။ အခက်အခဲ အတားအဆီး ဟူသည် ထင်ထားသလောက် မဟုတ်သည်လည်း ရှိ၏။ ထင် ထားသည်ထက် ကြီးမားသည်လည်း ရှိ၏။

သို့ရာတွင် ဖြစ်နိုင်ချေရှိသည့် ရှုထောင့်မှနေ၍ တွေးတော ဆင်ခြင်ဆုံးဖြတ်ကာ အကွက်ကျကျ လုပ်ဆောင်ပါက မဖြစ်နိုင် တာ ဟူ၍ မရှိနိုင်ပါ။

'ဥစ္စာကံပေး၊ မရသေး၊ နှောင့်နှေးဗျာပါ၊ မရှိရာ' ဆိုသည့် သဘောမျှင် ဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်ချေရှိသည့်ရှုထောင့်တွင် ရပ်တည်လုပ်ဆောင်သူအဖို့ အောင်မြင်ခြင်း အခွင့်အလမ်းတွေ ရရှိရန် အလေးသာနေပါသည်။

ထိုင်နေလို့ကတော့ ဘာမျှ ဖြစ်မလာပါ၊ ထိုင်နေလျှင်လည်း ဖြစ်နိုင်ချေရှိသည့် နည်းလမ်းကို ထိုင်၍ စဉ်းစားသည့်သဘော မျိုးသာ ဖြစ်သင့်သည်။ ထသွားလျှင်လည်း 'မကျိုးရအောင်' ဟူ၍ သတိတရား ထား၍ရှိရမည်ဖြစ်၏။

www.burmeseclassic.com



အောင်မြင်သင့်သလောက် မအောင်မြင်၊ ကြီးပွားသင့်သလောက် မကြီးပွားကြသူတို့မှာ အလုပ်တစ်ခုကို မစတင်ရသေးမီမှာပင်–

“မဖြစ်လို့သာလုပ်ရမှာ… စိတ်ထဲမတော့ အောင်မြင်မယ်လို့ကို မထင်ဘူး”

ဟူ၍ စစ်မရောက်ခင် မြားကုန်၊ တိုက်ပွဲမထွက်ခင် ကျည်ဆန် ကုန်နေကြသူများသာ ဖြစ်ကြပေသည်။

အောင်မြင်ကြီးပွားလိုသူအဖို့ မဖြစ် ဖြစ်အောင်လုပ်မည်။ ဖြစ်ကိုဖြစ်လာရမည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန် ချမှတ်ကာ ဖြစ်နိုင်သည့်အရာမှတွေး၍ ဖြစ်နိုင်သည့်နည်းလမ်းဖြင့် မဖြစ်မနေ လုပ်ဆောင်ရပေမည်။

ထိုအခါ ဖြစ်ခြင်းသဘောတရားတို့သည် မိမိ၏ ခြေရင်းသို့ ဝပ်စင်းလာကြပါတော့မည်။

✦ ✦ ✦

www.burmeseclassic.com

## တံခါးပေါက်တွေ တွန်းဖွင့်ပါ

လူ့ဘဝအဆောက်အအုံ၌ တံခါးပေါက်တွေ ရှိနေကြသည်။

ထိုတံခါးပေါက်များကို ဟင်းလင်းဖြစ်အောင် ဖွင့်မထား။ အသေပိတ်ထားသည်လည်း မဟုတ်။ ဘယ်သူတွန်းဖွင့်ပြီး ပြင်ပမှ ဝင်လာမည့် လေကောင်းလေသန့်များ ရှူမည်နည်းဟူသော သဘောဖြင့် စေ့ထားခြင်း ဖြစ်ပေ၏။

ထိုအတူ အောင်မြင်မှုကိစ္စရပ်များ၌လည်း သဘာဝတရားက စေ့ထားသောတံခါးချပ်များသဖွယ် ဖြစ်၏။

ဖွင့်လိုစိတ်ရှိသူ၊ ဖွင့်ဖို့ရာကြိုးစားသူ၊ ပွင့်အောင်ဖွင့်တတ်သူအတွက် အောင်ခြင်းမင်္ဂလာ လေညင်းလွှာများကို ခံစားရရှိပါလိမ့်မည်။

သဘာဝတရား၌ လျှို့ဝှက်ချက်တို့ ရှိကြ၏။ ထိုလျှို့ဝှက်ချက်များကို သိအောင်ဖော်ထုတ်ခြင်းသည် ဉာဏ်ပညာ၊ ဝီရိယ၊ ခွဲ၊ လုံ့လတို့နှင့် သက်ဆိုင်၏။ လျှို့ဝှက်ချက်များကို သိပြီဆိုလျှင် စေ့ထား၊ ပိတ်ထားသော တံခါးများကို အသာကလေး တွန်းလိုက်ရုံနှင့် ဖျတ်ခနဲ ပွင့်သွားပါလိမ့်မည်။

www.burmeseclassic.com



'အောင်မြင်သင့်သလောက် မအောင်မြင်၊ တိုးတက်သင့်သလောက် မတိုးတက်ကြသူများမှာ တံခါးချပ်တွေ ဘယ်မှာရှိနေမှန်းမသိ။ တွန်းဖွင့်ကြည့်ဖို့ရာဆိုသည် ဝေးလာဝေး။ သို့ဖြင့် ပိတ်လှောင်အိုက်စပ်ခြင်းကို ခံစားကြရပေသည်။ အောင်မြင်ခြင်း တံခါးတို့သည် အသေပိတ်ထားကြလေပြီဟု စိတ်ပျက်အားလျော့ကာ ဘဝကို ရေစုန်ကူးခတ်သွားကြတော့၏။ သူတို့အဖို့ တံခါးများဖွင့်နိုင်ဖို့အရေး လျှို့ဝှက်ချက်ကို ရှာဖွေဖော်ထုတ်ခြင်း မပြုဘဲ ပေလျက် ပြုထားသဖြင့် အောင်မြင်သူတွေ ဖြစ်မလာကြ။

ကျောက်ခေတ်လူသားများသည် သားကောင်တို့ကို တိုက်ခိုက်သတ်ဖြတ်ရန်အတွက် ဆင်ခြင်တတ်သော ၊ တံခါးတို့ကို တွန်းဖွင့်၍ ကျေ ာက်လက်နက်တို့ကို ရှာဖွေနိုင်ခဲ့၏။ တီထွင်အသုံးပြုနိုင်ခဲ့၏။

ကနဦး၌ သတ်ဖြတ်၍ရလာသော သားကောင်တို့၏အသားတို့အား အစိမ်းအတိုင်းပင် စားခဲ့ကြရ၏။ မီးကို မမြင်ဖူးခဲ့။ ထိုမှ မာကျောသောအရာတို့ကို ပွတ်တိုက်လျှင် အပူစွမ်းအင်ထွက်ပေါ်၍ မီးဖြစ်လာသည်ကို စူးစမ်းဆင်ခြင်မိသွားသည်။ ထို့နောက် မီးကိုမွေးတတ်လာသည်။ ထိုမီးဖြင့် အသားငါးတို့ကို ကျက်အေ ဖုတ်ကင်စားသောက်တတ်လာသည်။ နောက်ဆုံး မီးကို ကျေးကျွန်အ ား ခိုင်းစေတတ်လာသည်။ ဒါသည်ပင် ပိတ်လှောင်ထားသော တံခါးတို့အား တွန်းဖွင့်လိုက်နိုင်ခြင်း မဟုတ်ပါလော။

တဖြည်းဖြည်းနှင့် ယဉ်ကျေးမှုတွေ တိုးတက်လာရုံမက လူနေမှု အဆောက်အအုံပါ မြင့်မားလာခဲ့သည်။

www.burmeseclassic.com



အလင်းအတွက် တစ်ညဂ  မီးကို မဖိုရတော့ဘဲ လျှပ်စစ်၊ အနုမြူတို့၏ အစွမ်းသတ္တိတို့ကိုပါ အသုံးချလာနိုင်သည်။

အောင်မြင်လိုသူတို့၏ ဗီဇခေါတ်ခံကား၊ တစ်နေရာတည်းတွင် အငြိမ်မနေတတ်ကြ။ ပတ်ဝန်းကျင်ကို လေ့လာ၏။ အရာရာကို စူးစမ်း၏။

စေ့ထားသောတံခါးကို တွေ့လျှင် တွန်းဖွင့်၏။

သို့ဖြင့် လတ်ဆတ်သော လေညင်းကို ရှူရှိုက်၍၊ လှပသော ရှုခင်းပသာဒတို့ကို အာရုံခံစားရလေသည်တကား။

တံခါးပေါက်တွေကို တွန်းဖွင့်လိုက်စမ်းပါ။

✦ ✦ ✦

www.burmeseclassic.com

## ဖော်ထုတ်သင့်သည့် အစွမ်းအစ

လူတိုင်း၌ ကိုယ်ပိုင်အစွမ်းအစ တစ်ခုမဟုတ်၊ တစ်ခုတော့ ရှိနေကြသည်ချည်း။ သို့ရာတွင် မိမိ၌ မည်သည့်အစွမ်းအစ ရှိနေကြောင်း အချို့ မသိကြ။

ကြီးပွားတိုးတက်အောင်မြင်ခြင်းသည် မိမိ၏အစွမ်းအစကို မိမိကိုယ်တိုင် သိခြင်း ဖြစ်ပေ၏။ ထိုသူတို့အဖို့–

"ငါဟာ သာမန်မျှလောက်နဲ့ တင်းတိမ်နေမယ့်လူစားမျိုး မဟုတ်ဘူး။ ငါမှာရှိနေတဲ့ အစွမ်းသတ္တိ၊ အစွမ်းအစတွေကို အသုံးချပြီး ဘဝမြင့်သထက် မြင့်အောင် ကြိုးစားမယ်"

ဟူသော စိတ်ဓာတ်တို့ ထားရှိပေ၏။

အစွမ်းအစဆိုရာ၌ ပြောပလောက်အောင် ကြီးကျယ်ခြင်း မရှိသည့်တိုင်၊ ထိုအစွမ်းအစ ရှိသမျှလောက်ကိုပင် နည်းမှန်လမ်းမှန် အသုံးချနိုင်သူသည် ဘာမျှ အစွမ်းအစ မထုတ်ဖော်သူထက် များစွာ သာနိုင်ပေ၏။

www.burmeseclassic.com



လူ့ဘဝကို ရောက်ရှိလာသူတိုင်း သူ့ပမာဏနှင့်သူ အစွမ်းသတ္တိများ ရှိကြပေသည်။

ဤနေရာ၌ အောင်ကို အောင်ရမည်။ ဖြစ်ကို ဖြစ်ရမည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားသည့်အခါ မိမိကိုယ်တိုင်သော်မှ ထင်မှတ်မထားသော အစွမ်းအစတို့သည် အံ့ဩဖွယ်ကောင်းအောင် အလျှို၊ အလျှို ထွက်ပေါ်လာတတ်ကြပေ၏။

ထိုသို့ ထွက်ပေါ်လာသည့်အခါ အားအင်စိတ်ဓာတ်တို့ လွန်စွာ တက်ကြွလာကြပေမည်။ ဤ၌ မိမိ၏ အစွမ်းသတ္တိအပေါ် တစ်လွဲမာန မထားမိစေရန်လည်း အရေးကြီး၏။

"ငါဟာ... အစွမ်းသတ္တိရှိတဲ့သူ၊ အစွမ်းအစကြီးမားတဲ့ သူတစ်ယောက်ပဲ။ သည်အလုပ်ကလေးလောက်ကတော့ လုပ်ရမှာ မတန်ဘူး။ ပျင်းစရာတောင်ကောင်းနေပါသေးရဲ့။ ငါနဲ့ ယှဉ်မယ့်ကောင်တွေဆိုတာ ငါ့လောက်တောင်မှ အစွမ်းအစ ရှိကြတာတွေ မဟုတ်ဘူး"

ထိုသို့သော အသားလွတ် ဘဝင်မြင့်နေသူများအတွက်ကတော့ ၎င်းထက် အစွမ်းအစမကြီးမား၊ သာမန်အစွမ်းအစ အသေးအဖွဲ့ မျှသာရှိသူဖြစ်ငြားပင် ၎င်းအပေါ် လွှမ်းမိုး ကျော်ဖြတ်သွားတတ်ပါသည်။

ရေနံရဖို့အတွက် ရေနံတွင်းကို တူးရ၏။

အဘယ်မျှပင် ရေနံအထွက်ကောင်းသော ရေနံမြေကြီးဟုဆိုစေကာမူ မတူးလျှင်တော့ ရေနံရလိမ့်မည် မဟုတ်ပေ။

ကိုအတူ မိမိတို့၌ အစွမ်းသတ္တိ၊ အစွမ်းအစများ မည်မျှ

www.burmeseclassic.com



မည်မျှ ရှိသည်ဆိုစေကာမူ ထိုအစွမ်းအစများကို ထုတ်ဖော်ခြင်း မပြုပါက အကျိုးရလဒ်များ မခံစားရနိုင်ပေ။

လုပ်ငန်းရှင်များအဖို့ မိမိတို့၏ လုပ်ငန်း၌ သူ့နေရာနှင့်သူ လုပ်ဆောင်တာဝန်ထမ်းနေသည့် အလုပ်သမားဝန်ထမ်းတို့အား စောင့်ကြည့် အကဲခတ်ဖို့ လိုပေသည်။ ထိုသို့ ကြည့်ရှုရာမှ အစွမ်းအစများ တွေ့ရှိရပါက ထိုအစွမ်းအစများကို ဖော်ထုတ်စေသင့်၏။ အားပေးအားမြှောက်ပြုကာ ဂုဏ်ပြုသင့်၏။ ထိုအခါ ထိုဝန်ထမ်းများလည်း အလုပ်အပေါ်၌ အားတက်သရော ရှိလာမည်။ အစွမ်းအစရှိသမျှ လုပ်ဆောင်မည်ဆိုပါက လုပ်ငန်း၏ အခြေအနေမှာ အောင်မြင်တိုးတက်မှု ရှိနေပါလိမ့်မည်။

သို့ဖြစ်၍ မိမိကိုယ်တိုင်လည်း အစွမ်းအစကို ဖော်ထုတ်ပါ။

မိမိ၏ လက်အောက်ငယ်သားကိုလည်း အစွမ်းအစများကို ဖော်ထုတ်ပါစေ။

✦ ✦ ✦

www.burmeseclassic.com

## အချိန်သည် တန်ဖိုးကြီးမား၏

အချိန်သည် လူ၏အသက်ဟု ဆိုကြ၏။

အကြောင်းမူ အသက်ကို အချိန်ကာလဖြင့် သတ်မှတ်သော ကြောင့် ဖြစ်၏။

• ထိုအချိန်ကို အချို့အဝက်မျှသာ အသုံးချလျှင် အချို့အဝက် မျှသာ အောင်မြင်တိုးတက်ကြီးပွားမည်ဖြစ်ပြီး အပြည့်အဝအစွမ်း ကုန် အသုံးချမှသာလျှင် အပြည့်အဝအစွမ်းကုန် အောင်မြင် ကြီးပွားနိုင်လေသည်။

သည့်အတွက် 'အချိန်မရှိ' ဟူသောစကားကို မပြောဆိုပါ နှင့်။

အချိန်ကို မရ ရအောင်ရှာ၍ မဖြစ်မနေ အမှန်တကယ် ထိရောက် အောင်မြင်အောင် လုပ်ဆောင်ကြံစည်နိုင်သူတို့မှာ လူ့ဘဝ၌ ထိပ်တန်းနေရာကို ရရှိနိုင်ပေသည်။

ကိုယ်စွမ်းကိုယ်စကို အသုံးချလျက် ဥစ္စာငွေကြေးခနတို့ ကြွယ်ဝနေကြသူများ ရှိကြ၏။ ၎င်းတို့သည် မိုးပေါ်က ကျလာ

www.burmeseclassic.com



သူများ မဟုတ်။ သူလိုကိုယ်လိုပင် ဖြစ်ကြ၏။ ဤသို့ အများ တကာထက် ထူးကဲသွားရခြင်းမှာ အားလပ်သောအချိန်များ၌ မနေမနား လုပ်ကိုင်ရာကြံတတ်ခြင်းကြောင့် ဖြစ်ပေ၏။

ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိတို့ကို လေ့လာကြည့်လျှင် ဆင်းရဲနွမ်းပါးခဲ့ကြ၏။ သို့ရာတွင် အချိန်ကို လေးစားသူများဖြစ်ကာ တန်ဖိုးရှိရှိ အသုံးချတတ်ခြင်းကြောင့် ကမ္ဘာထိပ်တန်းနေရာသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပေ၏။ အများအားဖြင့် ကြီးကျယ်သော တီထွင်ဖန်တီးမှုများကို ပြုလုပ်နိုင်ခဲ့ကြသူတို့မှာ လူထူးလူဆန်းတွေ မဟုတ်ကြ။ သာမန်လူတန်းစားထဲကပင် ဖြစ်၏။

သို့ရာတွင် ၎င်းတို့၌ ကြီးမြင့်လိုသော ရည်ရွယ်ချက်ရှိ၏။ ကိုယ့်အစွမ်းအစကို ကိုယ်နားလည်၏။ ဤသို့ ဇွဲလုံ့လ ဝီရိယတို့ ထက်သန်စွာဖြင့် အချိန်ကို အသုံးချခဲ့သူများ ဖြစ်ကြ၏။

လူတိုင်း၌ အားလပ်ချိန်ဟူ၍ ရှိ၏။

ထိုအားလပ်ချိန်ကလေးများ၌ မိမိ၏အလုပ်အကိုင် အခြေအနေကို စဉ်းစားသင့်၏။ လစ်ဟာချက်၊ အားနည်းချက်တို့ကို စူးစမ်းသင့်၏။ ထိုမှ မိမိ၏ ဝါသနာ၊ မိမိလုပ်ကိုင်လိုသော အလုပ်တို့ကို ဖော်ထုတ်ကာ ကြီးပွားတိုးတက်ဖို့ နည်းလမ်းရှာသင့်ပေ၏။

အားလပ်သော အချိန်အတိုအစကလေးများ၏ တန်ဖိုးကြီးမားမှုကို မသိသောသူသည် ကြီးပွားတိုးတက်ဖို့ရာ လမ်းစမရှိပေ။ အသိပညာရင့်ကျက်လိုသူ၊ တိုးတက်လိုသူမှန်သမျှသည်

www.burmeseclassic.com



အားလပ်သည့်အချိန်ကလေးများကို အလဟဿ ဖြုန်းတီးမပစ်ဘဲ အသုံးချနိုင်သမျှ အသုံးချတတ်သူများ ဖြစ်ကြပေသည်။

လူသားတစ်ယောက်၏ တာဝန်မှာ အသက်ရှည် ရပ်တည်နေစဉ်ကာလအတွင်း မိမိကိုယ်ကို အရာရာ၌ တိုးတက်အောင် အမြဲ ကြိုးစားနေရမည်ဖြစ်၏။

မည်သူမဆို မည်မျှပင် နိမ့်ကျသော အခြေအနေတွင် ရှိနေစေကာမူ၊ သာမန်ဘဝအခြေအနေမှ လွတ်မြောက်တိုးတက်အောင် လုပ်ဆောင်ဖို့ရာအတွက် အားလပ်ချိန်သည် အကောင်းဆုံး ဖြစ်ပေ၏။

အချိန်၌ အရေးမပါ အရာမရောက်သော၊ တန်ဖိုးကင်းမဲ့သော စက္ကန့်၊ မိနစ်၊ နာရီတို့ မရှိကြပေ။ စက္ကန့်၊ မိနစ်၊ နာရီတို့မှာ အသက်တမျှ တန်ဖိုးကြီးမားလှ၏။ များစွာသော သူတို့နှံချာ ဆင်းရဲနေကြသည်မှာ ထိုစက္ကန့်၊ မိနစ်၊ နာရီတို့၏ တန်ဖိုးကို နားမလည်ခြင်းကြောင့်၊ အသုံးချရမှန်း မသိသောကြောင့် ဖြစ်ပေ၏။

အချိန်ကို အသုံးချတတ်သူသည် ကြီးပွားချမ်းသာ တိုးတက်မည်ဖြစ်ပြီး အသုံးမချတတ်သူမှာ ဆင်းရဲမွဲတေ နိမ့်ကျမည့်သူသာ ဖြစ်ပေသည်။

အချိန်ဟူသည် တန်ဖိုးအနန္တ ကြီးမားလှပါပေသည်တကား။

◆ ◆ ◆

www.burmeseclassic.com

## နားလည်ရမည့် အရိုပ်သုံးပါး

မြန်မာစကားရပ်ထဲ၌–

'အရိပ်သုံးပါး နားမလည်ပါက ချေသူငယ် ကျားစာဖြစ်သည်' ဟူ၍ ရှိ၏။ လွန်စွာမှန်ကန်၍ တန်ဖိုးရှိလှသော စကားရပ်လည်း ဖြစ်ချေ၏။

လူမျိုးတိုင်း၊ လူမျိုးတိုင်း၌ သူ့ယဉ်ကျေးမှုနှင့်သူ ရှိကြ၏။

မိမိတို့ မြန်မာနိုင်ငံသားများမှာလည်း မြန်မာယဉ်ကျေးမှု ဟူသည် ရှိ၏။

ရှိပင်ရှိပါသော်ငြား အသိခေါက်ခက် အဝင်နက် ဆိုသကဲ့သို့ တစ်ဦးအပေါ်တစ်ဦး အနှောင့်အယှက် ဖြစ်မှန်းမသိ ဖြစ်စေတတ်သော အမူအကျင့်ကလေးများကို လုပ်ဆောင်တတ်ကြ၏။

ဖိတ်ခေါ်မှုမရှိပါဘဲနှင့် သူတစ်ပါးအိမ်သို့ အလည်အပတ်သွားကာ ကြာမြင့်စွာနေတတ်သူ၊ သူတစ်ပါးစကား မပြတ်သေးပါဘဲနှင့် ဝင်ရောက်ပြောဆိုတတ်သူ၊ သူတစ်ပါးက မသိစေချင်သည်ကို သိအောင်စပ်စုတတ်သူ၊ သူတစ်ပါးက မကြားစေချင်၍

www.burmeseclassic.com



တိုးလျှစွာ ပြောဆိုနေသည်ကို ခိုးကြောင်ခိုးဝှက်ဖြင့် နားထောင်တတ်သူ၊ သူတစ်ပါးစာရေးနေသည်ကို အနောက်ဘက်မှ လိုက်လံ ကြည့်ရှုတတ်သူ၊ သူတစ်ပါးစာအား ခိုးဖောက်ဖတ်သူ၊ သူတစ်ပါး ဖုန်းပြောနေသည်ကို ခိုး၍နားထောင်တတ်သူ အစရှိသူတို့မှာ ယဉ်ကျေးမှုကင်းမဲ့လျက် အရိပ်သုံးပါး နားမလည်ကြသူများ ဖြစ်ပေသည်။

လောက၌ အသိပညာ၊ အတတ်ပညာတို့ကို လိုလားသည်ဆိုခြင်းမှာ ကောင်းသောလက္ခဏာ ဖြစ်ပါသည်။ ယဉ်ကျေးဖွယ်ရာ ရှိခြင်းသည်လည်း ထိုနည်းနှင်နှင်။ ယဉ်ကျေးမှု ရှိသူသည်နေရာတကာ ဇင်ဆဲ့၏။ အများတကာ၏ လိုလားနှစ်သက်မှုကိုလည်း ခံယူရ၏။

သို့ရာတွင် ထိုသို့မဟုတ်မူဘဲ အလိုက်မသိ၊ အားမနာ၊ လျှာမကျိုးဘဲ သူတစ်ထူးကို အနှောင့်အယှက်ပေးခြင်း၊ စိတ်ကသိကအောက်ဖြစ်အောင်လုပ်ခြင်း စသည်တို့ကား ကိုယ်ချင်းစာစိတ် ကင်းပျောက်လျက် ရိုင်းပျသော အပြုအမူများသာ ဖြစ်ပေသည်။

တစ်ဖက်သားအပေါ် အလိုက်သိခြင်းသည် တန်ဖိုးကို မြင့်တက်စေ၏။

စည်းကမ်းဥပဒေများ ထုတ်ပြန်သည်ဆိုရာ၌ အရိပ်သုံးပါး နားမလည်သူတို့ကြောင့် ပေါ်ထွက်လာရခြင်း ဖြစ်၏။

စာကြည့်တိုက်တစ်တိုက်၊ စာကြည့်ခန်းတစ်ခန်း၌–

"စကားကို တိုးတိုးပြောပါ"

www.burmeseclassic.com



"ဆေးလိပ် မသောက်ပါနှင့်"

"စာအုပ်များကို ရိုသေစွာ ကိုင်တွယ်ဖတ်ရှုပါ"

အစရှိသည့် စာတမ်းများကို တွေ့ရှိနေရခြင်းမှာ စကားကို ကျယ်လောင်စွာ ပြောဆိုခြင်း၊ ဆေးလိပ်ကို ဘေးလူမခံသာအောင် ဖွာရှိုက်ခြင်း၊ စာအုပ်စာတမ်းများကို ကြမ်းတမ်းစွာ **ကိုင်တွယ်** ဖတ်ရှုခြင်း စသည်တို့ကြောင့် သတိပေးတားမြစ်သည့် **စည်းကမ်း**များ ပေါ်ထွက်လာရခြင်း ဖြစ်ပေသည်။

အိမ်၌ အိမ်စည်းကမ်းရှိ၏။ ရပ်ကွက်၌ ရပ်ကွက်**စည်းကမ်း** ရှိ၏။ လမ်း၌ လမ်းစည်းကမ်းရှိ၏။ ကျောင်း၌ ကျောင်း**စည်းကမ်း** ရှိ၏။ လုပ်ငန်းခွင်၌ လုပ်ငန်းခွင်စည်းကမ်း ရှိ၏။

အောင်မြင်တိုးတက်လိုသူအဖို့ စည်းကမ်းကို လက်ကိုင်ပြုရ၏။

အရိပ်သုံးပါးကို နားလည်ရ၏။

ထိုသို့ နားလည်မှု မရှိပါက ချေသူငယ် ကျားစာဖြစ်ကိန်းနှင့် ကြုံရမည်မှာ ဧကန်မုချပါတည်း။

✦ ✦ ✦

www.burmeseclassic.com

## စကားပြောတတ်ကြရဲ့လား

တရား၊ တရား ဟောပါများ တရားထဲက ပါဠိရ၏။

ထို့အတူ–

စကား၊ စကား ပြောပါများ စကားထဲက ဇာတိပြ၏။

ဇာတိဟူရာ၌ ကောင်းသောဇာတိလည်း ရှိနိုင်သကဲ့သို့ မကောင်းသော ဇာတိလည်း ရှိနိုင်၏။

လူတစ်ဦးနှင့် တစ်ဦး ဆက်သွယ်ကြရာ၌ စကားသည် အရေးပါအရာရောက်သော ကြားခံပစ္စည်း ဖြစ်ပေသည်။

ဤလောက၌ အောင်မြင်တိုးတက်ကြီးပွားစေရန် နည်းလမ်း အမျိုးမျိုးရှိသည့်အနက် ချောင်စွာပြောဆိုတတ်ခြင်း၊ လူတစ်ဖက် သားကို နားဝင်အောင် ပြောဆိုတတ်ခြင်းသည် လွန်စွာမှ အရေး ကြီးပေ၏။

စကားတစ်ခွန်းသည် ငြိမ်းချမ်းရေးကို ရစေသည့်နည်းတူ စစ်မက်ကြီးတို့ကိုလည်း ဖြစ်ပွားစေနိုင်၏။

အောင်မြင်တိုးတက်ကြသူတို့အနက် ရာခိုင်နှုန်း အတော်

www.burmeseclassic.com



များများသည် စကားအပြောအဆိုတွင် လွန်စွာကောင်းမွန်ကြ၏။ စကားပြောကောင်းခြင်းသည် ပရိသတ်ကို တိုးပွားစေသကဲ့သို့ လူအများ၏ လေးစားအထင်ကြီးမှုကိုလည်း ရရှိစေနိုင်၏။ အပြောအဆို ကျွမ်းကျင်မှုဖြင့် တစ်ဖက်သားကို မိမိဘက်ပါ အောင် ဆွဲဆောင်ယူငင်နိုင်၏။ ဘေးရန်အပေါင်းတို့ ကျရောက် စေကာမူ အခက်အခဲမှ လွတ်မြောက်နိုင်စေရန်လည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူ ပေးတတ်၏။

တရားခွင်၌ ရှေ့နေကောင်းတို့သည် ဥပဒေအချက်အလက် များကို ကိုးကား၍ စကားပရိယာယ် ကြွယ်ဝစွာဖြင့် အမှုကို အနိုင်ရအောင် စွမ်းဆောင်လေ့ရှိကြ၏။ စကားရည်လုပွဲများ၌ လည်း အချက်အလက်ကျနစွာဖြင့် အကြောင်းအရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ပြောဆိုတတ်သောသူသည် အောင်ပွဲခံရလေ့ရှိ၏။

လူတစ်ယောက်၌ အခြားအခြားသော အရည်အချင်းကောင်း များ ရှိနေစေကာမူ၊ ထိုအရည်အချင်းကောင်းများကို တစ်ဖက် သားမှ ရုတ်တရက် နားလည်သိရှိရန် လွယ်ကူမည် မဟုတ် ပေ။ အခိုက်အတန့်မျှသော အချိန်ကာလကို ယူရ၏။ စကားပြော ကောင်းသူ၊ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ပြောဆိုတတ်သူသည် ကား ချက်ချင်းလက်ငင်းပင် အကျိုးကျေးဇူး ခံစားရတတ်၏။

စကားသည် နေရာတကာ၌ မဖြစ်မနေ အသုံးချရသော အရာဖြစ်၏။

လောက၌ အရောင်းအဝယ် လုပ်ကိုင်နေကြသူများ၊ ပွဲစား များမှာ စကားကို အခြေပြုရပေသည်။

www.burmeseclassic.com



စကားပြောဆိုခြင်းသည် အတတ်ပညာတစ်ရပ် ဖြစ်၏။ အောင်မြင်ကြီးပွားတိုးတက်လိုသူတိုင်း လေ့ကျင့်အပ်၏။

ပုဂံခေတ်၌ တရုတ်တို့ ကျူးကျော်ဝင်ရောက်လာမည့်အရေးကို သျှင်ဒိသာပါမောက္ခသည် စကားအပြောအဆို ပရိယာယ်ဖြင့် တားဆီးနိုင်ခဲ့၏။

စစ်ရေးအခြေအနေကို ဆောလျင်စွာ မတင်လျှောက်မိ၍ အသတ်ခံရတော့မည့် အုတ်လှငယ်သည် ဦးဆွေးဆံမြည့် အမှုတော် ထမ်းရွက်သူ ဖြစ်ပါကြောင်း၊ တင်လျှောက်နိုင်သဖြင့် အသက်ဘေးမှ ကင်းလွတ်ကာ မြှောက်စားခြင်းခံရ၏။

စကားအပြောအဆို မကျွမ်းကျင်သူအဖို့ ဦးစွာ စကားအပြောအဆို ကျွမ်းကျင်သော စာပေပညာရှင်ကြီးများ ဟောပြောသည့် ဟောပြောပွဲများသို့ သွားရောက်၍ နားထောင်လေ့လာမှတ်သားပါ။

စာများများဖတ်ပါ။ အပြောလေ့ကျင့်ပါ။ အနှစ်အသားပါသည့် စကားလုံးများကို ရွေးချယ်ပါ။ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် စကားတို့ကိုသာ ပြောဆိုပါ။

မကြာခင် အလေ့အကျင့်ကောင်းများကြောင့် စကားပြောကောင်းသူတစ်ယောက် ဖြစ်လာပြီး ပွဲလယ်တင့်ပါတော့မည်။

စကားပြောဆို တတ်ပါစေ။

✦ ✦ ✦

www.burmeseclassic.com

## မှားတာပေါ့ မှားတာပေါ့
## ဒါပေမဲ့ စိတ်ပျက်မသွားပါနဲ့

လောကဌ် အလုပ်လုပ်သူမှန်သမျှ စင်းလုံးချောကြသည် မဟုတ်။

အမှားအယွင်းတော့ ရှိတတ်ပေသည်။

အမှားသည် တစ်မျိုးတည်း မဟုတ်။ အမျိုးမျိုး အဖုံဖုံ ရှိတတ်ကြပြန်သည်။

ပျက်စီးဆုံးရှုံးသည့်အခါ ဘယ်အတွက်ကြောင့် ပျက်စီးဆုံးရှုံးရသနည်းဟူ၍ လေ့လာဆန်းစစ် ဝေဖန်တတ်မည်ဆိုပါက ထိုသို့သော ပျက်စီးဆုံးရှုံးခြင်းသည် သင်ခန်းစာကောင်းတစ်ခု သဖွယ် ဖြစ်သွားတတ်ပေသည်။

ကိုယ်တွေ့ရင်ဆိုင်ကြုံဆုံရမှုသည် နောက်ထပ် မမှားရန် အတွက် ဆရာကောင်းလည်း ဖြစ်ပေ၏။

စာပေလောကဌ် နာမည်တစ်လုံးရကာ ထင်ရှားကျော်ကြား နေကြသူတို့အဖို့ အစကနဦး၌ မိမိတို့ရေးသားသော စာမူများ

www.burmeseclassic.com



အပယ်ခံခဲ့ကြရမှာ သေချာသည်။ ပယ်သောစာမူတို့ကို အထပ်ထပ် ပြန်ပြင်၊ ပြန်ရေးကြရာမှ မလျော့သော ဇွဲလုံ့လအကျိုးကို ခံစားရပေသည်။

စာပေဟောပြောပွဲ စင်မြင့်ထက်၌ အဟောအပြော၌ စူပါဖြစ်နေသော စာရေးဆရာကြီးတစ်ဦးအား မေးမြန်းကြည့်ခဲ့ဖူး၏။

"ဟာကွာ... ပထမဦးဆုံး ဟောပြောပွဲစင်ကို စတက်တော့ ဒူးတွေဆိုတာ တဆတ်ဆတ်ကို တုန်လို့။ ဘယ်ကစပြီး ဘာပြောရမှန်း မသိဘူး။ ပရိသတ်ကိုလည်း ရဲရဲမှ မကြည့်ရဲဘူး။ စကားတွေက တောင်ရောက်လိုက် မြောက်ရောက်လိုက်... အရှက်ကို ဟက်တက်ကွဲတော့တာပါပဲကွာ။ နောက်များကျတော့မှ စိတ်မပျက်ဘဲ ငါဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားလိုက်တော့လည်း အဆင်ချောသွားတာပါပဲ"

မှန်ပါပေစွ။

လျှပ်စစ်မီးလုံးကို တီထွင်ခဲ့သူ သောမတ်အယ်ဒီဆင်သည် အစကနဦး၌ အဆင်ပြေချောမွေ့ခဲ့သည်မဟုတ်။ အမှားပေါင်းထောင်ကျော် ကြုံတွေ့ခဲ့ရသည်။ ထိုအမှားများကိုသာ စိတ်ပျက်အားလျော့ပြီး သင်ခန်းစာမယူဘဲ ကျောခိုင်းပစ်ပယ်လိုက်ပါက လျှပ်စစ်မီးလုံးကို မိမိတို့တွေ့မြင် အသုံးချခွင့် ရနိုင်လိမ့်မည်မဟုတ်ပေ။

ကမ္ဘာ့ရာဇဝင်၌ စစ်ဘုရင်များစွာတို့သည် စစ်ပွဲတိုင်းကို အနိုင်တွေချည်း ရှိခဲ့ကြသည်မဟုတ်။ အရှုံးနှင့်လည်း ရင်ဆို

www.burmeseclassic.com



ခဲ့ကြရဖူး၏။ ရင်ဆိုင်ခဲ့ရသော အရှုံးကို အခြေပြုသင်ခန်းစာ ယူပြီး နောက်ပိုင်းတွင် အောင်ပွဲများ ရရှိခဲ့ကြလေ၏။

အောင်မြင်မှုများစွာ ရရှိနေကြသူတို့သည် ရှေးဦးစွာ ပျက်စီး ဆုံးရှုံးပြီးမှ မဆုတ်မနစ်သော ဇွဲလုံ့လတို့ကို အရင်းခံ၍ ပြန် လည် ကြိုးပမ်းခဲ့ကြသူများ ဖြစ်ချေ၏။

တစ်ကြိမ်တစ်ခါ ရှုံးနိမ့်ရုံနှင့် စိတ်ပျက်ပြီး လက်လျှော့ သွားသူသည် သတ္တိမရှိသူ၊ သူရဲဘောကြောင်သူသာ ဖြစ်လေ၏။

"ငါတော့... သွားပါပြီ။ အသုံးမကျလိုက်လေခြင်း နော်။ တော်ပြီ၊ တော်ပြီ သည်အလုပ်ကို ဆက်လုပ်ဖို့ ဖြစ်တော့မှာ မဟုတ်ဘူး"

ထိုသို့သော စိတ်ထားမျိုးကို သံမှိုနှက်ထားသူကား ကျဆုံး ခြင်း အမှတ်တံဆိပ်ကို ခတ်နှိပ်ခံရမည့် လူစားမျိုးပင် ဖြစ်တော့ ၏။ စိတ်ဓာတ်အားအင်၊ အစွမ်းအစများ ကုန်ခန်း၍ မိမိကိုယ် ကို ယုံကြည်ကိုးစားသောစိတ်များ ပျက်သုဉ်းကာ ဘဝ၌ နာလန် မထူဘဲ ရှိနေကြသူများသာ ဖြစ်ပေသည်။

သို့ဖြစ်၍--

မှားစရာရှိလျှင် မှားပေမည်။ မှားလည်း မှားတတ်ပေသည်။ သို့ရာတွင် စိတ်ပျက်မသွားပါနှင့်။

အကောင်းဖြစ်လို၍ အဆိုးရှေ့ကခံသည်ဟု သဘောထား လိုက်ပါ။

✦ ✦ ✦

## လူတိုင်းမှာ တန်ခိုးရှိသည်

လူတိုင်းမှာ မိမိတို့ မတွေ့မမြင်နိုင်သော တန်ခိုးများ ရှိကြ ၏။

"လုပ်ရင်... မဖြစ်ဘူးဆိုတာ မရှိဘူး၊ ဖြစ်ကို ဖြစ်ရမယ်" ထိုစကားသည် ယုံကြည်မှုနှင့် ပတ်သက်၏။

ထိုသို့သော လူစားမျိုးအတွက် သတ္တိတန်ခိုးဖြင့် ဖြစ်မြောက် အောင် အကောင်အထည်ဖော်ပါက အောင်မြင်တိုးတက်မည်မှာ ကျိန်း ဖြစ်ချေ၏။

သို့သော်--

လူတိုင်းပင် မိမိတို့၌ စွမ်းအင်တန်ခိုးများ ရှိနေသည်ကို မသိကြချေ။

မသိသည်သာမက၊ သို့လော... သို့လော ဟူ၍ပင် သံသယ များ ဝင်တတ်ပါသေး၏။ ထိုသို့ စိတ်ထားမျိုးရှိသူသည် ဇွဲလုံ့လ လည်း ထက်သန်မည်မဟုတ်။ ရေခံရေမြှားလည်း လုပ်ဆောင် လိမ့်မည် မဟုတ်။

www.burmeseclassic.com



ခဲ့ကြရဖူး၏။ ရင်ဆိုင်ခဲ့ရသော အရှုံးကို အခြေပြုသင်ခန်းစာ ယူပြီး နောက်ပိုင်းတွင် အောင်ပွဲများ ရရှိခဲ့ကြလေ၏။

အောင်မြင်မှုများစွာ ရရှိနေကြသူတို့သည် ရှေးဦးစွာ ပျက်စီးဆုံးရှုံးပြီးမှ မဆုတ်မနစ်သော ခွဲလုံ့လတို့ကို အရင်းခံ၍ ပြန်လည် ကြိုးပမ်းခဲ့ကြသူများ ဖြစ်ချေ၏။

တစ်ကြိမ်တစ်ခါ ရှုံးနိမ့်ရုံနှင့် စိတ်ပျက်ပြီး လက်လျှော့သွားသူသည် သတ္တိမရှိသူ၊ သူရဲဘောကြောင်သူသာ ဖြစ်လေ၏။

"ငါတော့... သွားပါပြီ။ အသုံးမကျလိုက်လေခြင်းနော်။ တော်ပြီ၊ တော်ပြီ သည်အလုပ်ကို ဆက်လုပ်ဖို့ ဖြစ်တော့မှာ မဟုတ်ဘူး"

ထိုသို့သော စိတ်ထားမျိုးကို သံမှိုနှက်ထားသူကား ကျဆုံးခြင်း အမှတ်တံဆိပ်ကို ခတ်နှိပ်ခံရမည့် လူစားမျိုးပင် ဖြစ်တော့၏။ စိတ်ဓာတ်အားအင်၊ အစွမ်းအစများ ကုန်ခန်း၍ မိမိကိုယ်ကို ယုံကြည်ကိုးစားသောစိတ်များ ပျက်သုဉ်းကာ ဘဝ၌ နာလန်မထူဘဲ ရှိနေကြသူများသာ ဖြစ်ပေသည်။

သို့ဖြစ်၍--

မှားစရာရှိလျှင် မှားပေမည်။ မှားလည်း မှားတတ်ပေသည်။ သို့ရာတွင် စိတ်ပျက်မသွားပါနှင့်။

အကောင်းဖြစ်လို၍ အဆိုးရှေ့ကခံသည်ဟု သဘောထားလိုက်ပါ။

✦ ✦ ✦

www.burmeseclassic.com

၂၃

## လူတိုင်းမှာ တန်ခိုးရှိသည်

လူတိုင်းမှာ မိမိတို့ မတွေ့မမြင်နိုင်သော တန်ခိုးများ ရှိကြ၏။

"လုပ်ရင်... မဖြစ်ဘူးဆိုတာ မရှိဘူး၊ ဖြစ်ကို ဖြစ်ရမယ်" ထိုစကားသည် ယုံကြည်မှုနှင့် ပတ်သက်၏။

ထိုသို့သော လူစားမျိုးအတွက် သတ္တိတန်ခိုးဖြင့် ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပါက အောင်မြင်တိုးတက်မည်မှာ ဧကန် ဖြစ်ချေ၏။

သို့သော်-

လူတိုင်းပင် မိမိတို့၌ စွမ်းအင်တန်ခိုးများ ရှိနေသည်ကို မသိကြချေ။

မသိသည်သာမက၊ သို့လော... သို့လော ဟူ၍ပင် သံသယများ ဝင်တတ်ပါသေး၏။ ထိုသို့ စိတ်ထားမျိုးရှိသူသည် ခွဲလုံ့လလည်း ထက်သန်မည်မဟုတ်။ ရေဆုံးရေဖျားလည်း လုပ်ဆောင်လိမ့်မည် မဟုတ်။

www.burmeseclassic.com



ကမ္ဘာမြေလောကဓာတ်ကြီး တစ်ခုလုံးသည် တန်ခိုးဖြင့် တည်ဆောက်ထား၏။ တန်ခိုးဖြင့် ပြောင်းလဲလျက် ရှိ၏။ တန်ခိုးဖြင့် တိုးတက်ဖွံ့ဖြိုးနေ၏။

ထိုသို့ တန်ခိုးရှိသော ကမ္ဘာမြေလောကဓာတ်ကြီးသည် လူသားအားလုံးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်လေ၏။

"ငါဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး။ တန်ခိုးကြီးတဲ့ လောကဓာတ်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ ငါ့ရဲ့ တန်ခိုးနဲ့ ငါဖြစ်ချင်ရာကို စွမ်းဆောင်ရမယ်"

ထိုသို့သော ဆင်ခြင်တိုင်းဆမှုသည် ယုံကြည်မှုပြည့်သော အောင်စိတ်ဓာတ်ဖြစ်၏။ အောင်မြင်မှု၏ သရုပ်သကန် ဖြစ်၏။

မိမိတို့ခန္ဓာကိုယ်၌ မိမိတို့မသိဘဲ ပြုပြင်ပြောင်းလဲခြင်းများ၊ တိုးတက်ခြင်းများ ဖြစ်နေကြခြင်းမှာလည်း အတွင်းစိတ်၏ တန်ခိုးအာနုဘော် ဖြစ်ချေ၏။

မိမိ၏ စဉ်းစားတွေးခေါ်မှုသည် အကောင်းဘက်သို့ အမြဲ ကြံစည်နေပါက ထိုအကြံအစည်သည် အတွင်းစိတ်ကို ထိရောက်ပြီး အကောင်းတွေကို ဖြစ်မြောက်အောင် ဦးတည်ပေး၏။ မကောင်းကြံလျှင် မကောင်းဖြစ်၏။ ဒါသည်ပင် လောကနိယာမ တရား ဖြစ်ချေ၏။

ကြီးပွားလိုစိတ်နှင့် ကြီးပွားမည်ဟု ယုံကြည်လျက် ကြီးပွားသော အခြေအနေကိုသာ ထင်မြင်နေပါက ထိုအမြင်စိတ်သည် တန်ခိုးအဖြစ် ပြောင်းလဲကာ အတွင်းစိတ်ကို နှိုးဆွပေး၏။ အထင်မြင်အတိုင်း ဖြစ်မြောက်အောင် ထိုတန်ခိုးအစွမ်းက ပို့ဆောင်ပေး၏။

www.burmeseclassic.com



ထိုသို့မဟုတ်မူဘဲ အပျက်ကိုသာ ထင်မြင်နေပါက ထို အပျက်စိတ်သည် အတွင်းစိတ်ကို သွား၍ လှုပ်နှိုးကာ အတွင်း စိတ်မှာလည်း ပျက်စေဖို့ရန် တန်ခိုးစွမ်းအင်များက ပို့ဆောင် ပေးတတ်စမြဲပင်။

အောင်မြင်တိုးတက်ကြီးပွားလိုသူအတွက် မိမိ၏ တန်ခိုး သတ္တိကို အပြည့်အဝ ယုံကြည်ဖို့ရာ လိုအပ်ပေသည်။ ယုံကြည် စိတ် ကြီးမားလေလေ အောင်မြင်ခြင်း၏ အဆင့်အတန်း မြင့်မား လေလေ ဖြစ်ပေသည်။

"ငါဟာ အဖိုးတန်တဲ့လူတစ်ယောက် မဟုတ်ဘူး၊ ဘယ်လောက်ကြိုးစားအားထုတ်ပါစေ၊ အမြင့်ကို ရောက် နိုင်မှာ မဟုတ်ပါဘူး"

ဟူသော လူစားမျိုးသည် အခြေအနေတစ်ခု၌ ရပ်တန့်နေ ကာ၊ အခန့်မသင့်လျှင် အောက်ဆုံးသို့ နိမ့်ကျသွားနိုင်ပေသည်။

အောင်မြင်တိုးတက်လိုသူတိုင်း မိမိ၏စိတ်ဓာတ်တို့ကို မြင့် သည်ထက်မြင့်အောင် မြှင့်တင်နေရမည်ပင်။ လောက၌ ဖြစ်သင့် ဖြစ်ထိုက်သော အရာမှန်သမျှ ငါဖြစ်အောင်လုပ်နိုင်ရမည်ဟူသော စိတ်ကို မွေးမြူရပေမည်။

ထိုသို့ ယုံကြည်စိတ်ဓာတ် ခိုင်မြဲလာသည်နှင့်အမျှ မမြင် နိုင်သော တန်ခိုးစွမ်းအင်တို့မှာလည်း အာနိသင် ထက်မြက်လာ ပေလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အစွမ်းရှိသလောက် အကုန်ထုတ်ပါ

မြန်မာစကားရပ်၌ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ဟူ၍ ရှိ၏။

အောင်မြင်တိုးတက်လိုသူအဖို့–

ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ထုတ်သုံးမှ အစွမ်းကုန် ကြီးပွားနိုင်ပေလိမ့်မည်။

မိမိတို့၌ရှိသော တန်ခိုးသတ္တိအား ကိုယ်စွမ်း၊ ဉာဏ်စွမ်း ဖြင့် အသုံးပြုချနိုင်လေ အောင်မြင်တိုးတက်လေပင်။

မြေသားသည် သူ့အတိုင်းထားပါက ပေါင်းမြက်ချုံနွယ်တို့ ပေါက်ပြီး နောက်ဆုံး၌ ဖုန်းဆိုးတောသာလျှင် ဖြစ်ဖို့ရှိ၏။ ထိုမြေကြီးကို ရှင်းလင်းထွန်ယက်ပြီး အစွမ်းကုန် စိုက်ပျိုးပါက ကောက်ပဲသီးနှံများ ဖြစ်ထွန်းကာ မြေကြီးမှ ရွှေသီးလာမည့်ကိန်း ဆိုက်ပေလိမ့်မည်။

ကြီးပွားသူနှင့် ချမ်းသာသူတို့သည် ပင်ကိုယ်အားဖြင့် သူ့စွမ်းရည်နှင့်သူ ရှိနေတတ်ကြ၏။ အကွာအဟ ခြားနားသူ သိပ်မရှိ။ မိမိတို့၌ရှိသော ကိုယ်စွမ်း၊ ဉာဏ်စွမ်းအပေါ် ဖော်ထုတ်

www.burmeseclassic.com



အသုံးချမှု ကွာဟခြင်းကြောင့် ကြီးပွားခြင်း၊ ချမ်းသာခြင်းတို့ ဖြစ်ပေါ်လာရခြင်းပင်။

တက္ကသိုလ်မှ ဘွဲ့ရကျောင်းဆင်းလာရသည့်ခြင်း အတူတူ အပြင်လောက၌ တိုးတက်ကြီးပွားမှု အဆင့်အတန်း ကွာခြားရခြင်းမှာ မိမိတို့ အစွမ်းရှိသ၍ ထုတ်သုံးမှု ပမာဏ ကွာခြားခြင်းကြောင့် ဖြစ်ပေသည်။ ကိုယ်စွမ်းကိုယ်စ လုံ့လဝီရိယနှင့် ရှိသမျှ အစွမ်းသတ္တိတို့ကို အသုံးချသူတို့သာလျှင် အောင်မြင်မှု အထွတ်အထိပ်ကို ရရှိနိုင်ပေမည်။

လယ်မြေသည် မည်သို့ပင် မြေဆီဩဇာကောင်းနေစေကာမူ ပေါင်းမြက်တို့ကို အမြဲသုတ်သင်၍ ရာသီအခါနှင့် ကိုက်ညီသော မျိုးစေ့တို့ကို စိုက်ပျိုးမှသာ အလိုရှိသော ကောက်ပဲသီးနှံတွေကို ရရှိပေမည်။

မိမိတို့၌ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ အဘယ်မျှပင် ကြီးမားစေကာမူ အစွမ်းရှိသလောက် ထုတ်ယူသုံးစွဲခြင်း မပြုပါက အကျိုးစီးပွား ဖြစ်ထွန်းလိမ့်မည် မဟုတ်ပေ။

မည်သည့်အရာမျှ တန်ဖိုးကင်းမဲ့နေသည် မဟုတ်ပေ။

သူ့တန်ဖိုးနှင့်သူ ရှိနေကြသည်ချည်း။

ထိုတန်ဖိုးကို ရရှိဖို့ရာ တူညီထိုက်တန်သော တန်ဖိုးကို ပေးဆပ်ရစမြဲ ဖြစ်၏။ ဘယ်အရာမှ အလကား မရ။ အနာမခံက အသာမစံရ။

အောင်မြင်သော စာရေးဆရာတစ်ယောက် ဖြစ်လာဖို့ရာ စာအုပ်များစွာ ဖတ်ရှုရ၏။ ကြိုးစား၍ တစ်ပုဒ်ပြီးတစ်ပုဒ် ရေး

www.burmeseclassic.com



သားရ၏။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များသို့ ပို့ဆောင်ရ၏။ အပယ်ခံရသော်လည်း စိတ်ဓာတ်မကျဆင်းရ။ အတွေ့အကြုံများကို ရှာဖွေရ၏။ အချိန်များစွာကို ပေးဆပ်ရ၏။ ဆင်းရဲဒုက္ခကို ခံရဲရ၏။ သို့မှသာ အောင်မြင်မှုကို ရရှိပေလိမ့်မည်။

အစွမ်းကုန် အားထုတ်မှသာ အစွမ်းကုန် ကြီးပွားတိုးတက်ရာ၏။

လုပ်ဆောင်ရာ၌လည်း စနစ်တကျ အကွက်စေ့အောင် လုပ်ဆောင်ရ၏။ စနစ်တကျ မလုပ်ဆောင်တတ်သူအတွက် ကြိုးစားမှုတိုင်းသည် ထိရောက်မှုမရှိဘဲ လိုရင်းမရောက် ဖြစ်တတ်လေ၏။

ကိုယ်စွမ်းရှိသမျှ–
ဉာဏ်စွမ်းရှိသမျှ–
အစွမ်းကုန် လုပ်ဆောင်လိုက်စမ်းပါ။
အောင်မြင်မှုသည် မိမိအား စောင့်ကြိုနေပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## ထပ်တူကျလေ ပိုကောင်းလေ

လုပ်ငန်းတစ်ခု အောင်မြင်ဖို့ဆိုသည်မှာ အကြံကောင်း ဉာဏ်ကောင်းရှိပြီး အလုပ်ကို ကြိုးစားလုပ်ရုံနှင့် မလုံလောက်။

ဝါသနာနှင့် မိမိလုပ်ဆောင်ရာအလုပ်တို့မှာ ထပ်တူကျဖို့ လို၏။

အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ ဇွဲရှိဖို့ လို၏။ အခက် အခဲ ကြုံလာပါက ကြံ့ကြံ့ခံပြီး ကျော်လွှားနိုင်ဖို့လို၏။ မိမိကိုယ် မိမိ ယုံကြည်မှုရှိဖို့ လို၏။ စူးစမ်းလေ့လာချင်သောစိတ်နှင့် အရာရာကို စူးစမ်းလေ့လာရ၏။ စိတ်ကို ရှည်ရှည်ထားရ၏။ အပြောင်းအလဲရှိလျှင် သည်းခံစိတ်ထားရ၏။

အရေးအကြီးဆုံးမှာ မိမိလုပ်ကိုင်နေသောအလုပ်ကို ချစ်မြတ် နိုးပြီး၊ လုပ်ငန်းခွင်၌ စိတ်ပျော်ရွှင်မှု ရှိနေစေရန် အရေးကြီး၏။ အရည်အချင်းများ ပြည့်မီရန် လိုနေသေးပါက လေ့ကျင့် ပျိုး ထောင်ယူ၍ရ၏။ လေ့ကျင့်ပျိုးထောင်ယူရန် အတိတ်၊ ပစ္စုပ္ပန် တို့၌ အောင်မြင်ကျော်ကြား ကြီးပွားတိုးတက်နေသူများ၏ နည်း

www.burmeseclassic.com



စနစ်၊ အဆိုအမိန့် လက်တွေ့ကျင့်သုံးနေမှုများကို လေ့လာဆည်းပူးသင့်ပေ၏။

လုပ်ငန်းတစ်ခု ရေရှည်အောင်မြင်ဖို့အရေးအတွက် မိမိဝါသနာပါသော (ဝါသနာကလည်း ကောင်းသော ဝါသနာဖြစ်ရမည်) မိမိနှစ်သက်မြတ်နိုး တန်ဖိုးထားသော အလုပ်တို့ကို ရွေးချယ်လုပ်ကိုင်သင့်၏။ မိမိလုပ်ကိုင်ရသော အလုပ်၌ ပျော်ရွှင်မှု ရှိနေပါက အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ပါသည်။ အခန့်မသင့်ဘဲ အခက်အခဲတို့နှင့် ရင်ဆိုင်ကြုံတွေ့ရပါက မိမိအလုပ်ကို ချစ်ခင်သောစိတ်ကြောင့် အခက်အခဲကို ကျော်လွှားနိုင်သော စိတ်ကူးဉာဏ်များ ထွက်လာတတ်ပါသည်။

မိမိ၏ အားလပ်ချိန်၌ မည်သည့်အရာကို စိတ်ဝင်စားစွာ လုပ်ဆောင်နေပါသနည်း။

စိတ်ပါဝင်စားသောအရာသည် ဝါသနာ ဖြစ်၏။ မိမိနှစ်သက်မြတ်နိုးသောအရာ ဖြစ်၏။ ပျော်ရွှင်မှုလည်း ရှိ၏။ လုပ်နေရသောအလုပ်ကို ချစ်ခင်မြတ်နိုးနေမည်ဆိုပါက အောင်မြင်မှု လမ်းကြောင်းပေါ် ရောက်ရှိနေပါပြီ။

မိမိဝါသနာမပါသော အလုပ်၊ နှစ်သက်မြတ်နိုးခြင်း မရှိသည့်အလုပ်ကို အခြားသူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုကြောင့် လည်းကောင်း၊ ငွေကြေးကြောင့်လည်းကောင်း၊ ရာထူးဂုဏ်သိက္ခာကြောင့်လည်းကောင်း မလုပ်သင့်ပေ။ လုပ်လျှင်လည်း အောင်မြင်သင့်သလောက် အောင်မြင်လိမ့်မည် မဟုတ်ပေ။

သို့ဖြစ်၍–



ယနေ့အောင်မြင်နေသော ပုဂ္ဂိုလ်များကို လေ့လာပါ။ ၎င်းတို့၏ နည်းနာကို ခံယူပါ။

ကောင်းမြတ်သော ဝါသနာကို ပြုစုပျိုးထောင်ပါ။ ဝါသနာနှင့် လုပ်ငန်းသည် ဆက်စပ်မှု ရှိရုံမက ထပ်တူကျလျှင် ပို၍ကောင်းပါသည်။ လစာနည်းခြင်း များခြင်းထက် မိမိနှစ်သက်မြတ်နိုးသော အလုပ်ဖြစ်ဖို့က ပိုအရေးကြီးပါသည်။

လောက၌–

အောင်မြင်မှုနှင့် ကျဆုံးမှု။

ထိုနှစ်ခု၏ ခြားနားချက်သည် အလုပ်ကို ချစ်ခင်မြတ်နိုးသောစိတ်၊ ဝါသနာနှင့် ထပ်တူကျသောအလုပ် စသည်တို့ကို လုပ်ဆောင်ရခြင်း၊ မလုပ်ဆောင်ရခြင်းတို့ကြောင့်ပင် ဖြစ်ပေတော့သည်။

✦ ✦ ✦

www.burmeseclassic.com



စနစ်၊ အဆိုအမိန့် လက်တွေ့ကျင့်သုံးနေမှုများကို လေ့လာဆည်းပူးသင့်ပေ၏။

လုပ်ငန်းတစ်ခု ရေရှည်အောင်မြင်ဖို့အရေးအတွက် မိမိဝါသနာပါသော (ဝါသနာကလည်း ကောင်းသော ဝါသနာဖြစ်ရမည်) မိမိနှစ်သက်မြတ်နိုး တန်ဖိုးထားသော အလုပ်တို့ကို ရွေးချယ်လုပ်ကိုင်သင့်၏။ မိမိလုပ်ကိုင်ရသော အလုပ်၌ပျော်ရွှင်မှု ရှိနေပါက အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ပါသည်။ အခန့်မသင့်ဘဲ အခက်အခဲတို့နှင့် ရင်ဆိုင်ကြုံတွေ့ရပါက မိမိအလုပ်ကို ချစ်ခင်သောစိတ်ကြောင့် အခက်အခဲကိုကျော်လွှားနိုင်သော စိတ်ကူးဉာဏ်များ ထွက်လာတတ်ပါသည်။

မိမိ၏ အားလပ်ချိန်၌ မည်သည့်အရာကို စိတ်ဝင်စားစွာလုပ်ဆောင်နေပါသနည်း။

စိတ်ပါဝင်စားသောအရာသည် ဝါသနာ ဖြစ်၏။ မိမိနှစ်သက်မြတ်နိုးသောအရာ ဖြစ်၏။ ပျော်ရွှင်မှုလည်း ရှိ၏။ လုပ်နေရသောအလုပ်ကို ချစ်ခင်မြတ်နိုးနေမည်ဆိုပါက အောင်မြင်မှု လမ်းကြောင်းပေါ် ရောက်ရှိနေပါပြီ။

မိမိဝါသနာမပါသော အလုပ်၊ နှစ်သက်မြတ်နိုးခြင်း မရှိသည့်အလုပ်ကို အခြားသူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုကြောင့် လည်းကောင်း၊ ငွေကြေးကြောင့်လည်းကောင်း၊ ရာထူးဂုဏ်သိက္ခာကြောင့်လည်းကောင်း မလုပ်သင့်ပေ။ လုပ်လျှင်လည်းအောင်မြင်သင့်သလောက် အောင်မြင်လိမ့်မည် မဟုတ်ပေ။

သို့ဖြစ်၍–

www.burmeseclassic.com



ယနေ့အောင်မြင်နေသော ပုဂ္ဂိုလ်များကို လေ့လာပါ။ ၎င်းတို့၏ နည်းနာကို ခံယူပါ။

ကောင်းမြတ်သော ဝါသနာကို ပြုစုပျိုးထောင်ပါ။ ဝါသနာနှင့် လုပ်ငန်းသည် ဆက်စပ်မှု ရှိရုံမက ထပ်တူကျလျှင် ပို၍ကောင်းပါသည်။ လစာနည်းခြင်း များခြင်းထက် မိမိနှစ်သက်မြတ်နိုးသော အလုပ်ဖြစ်ဖို့က ပိုအရေးကြီးပါသည်။

လောကဌ်–

အောင်မြင်မှုနှင့် ကျဆုံးမှု။

ထိုနှစ်ခု၏ ခြားနားချက်သည် အလုပ်ကို ချစ်ခင်မြတ်နိုးသောစိတ်၊ ဝါသနာနှင့် ထပ်တူကျသောအလုပ် စသည်တို့ကို လုပ်ဆောင်ရခြင်း၊ မလုပ်ဆောင်ရခြင်းတို့ကြောင့်ပင် ဖြစ်ပေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

## သိမှတတ်မှ နေရာရ

'ပညာခေတ်' ဟု ခေါ်ဆိုနေကြသော ယခုလို အခါသမယမျိုးဝယ် မိမိတို့သည် အသိပညာ၊ အတတ်ပညာတို့ ရှိထားကြဖို့ လိုပေသည်။ အသိပညာ၊ အတတ်ပညာ မရှိပါက သင့်ဘဝနှင့်ထိုက်တန်သောနေရာ ရလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်၍–

မိမိလုပ်ရမည့်အလုပ်၊ စီမံကိန်းများနှင့် ပတ်သက်၍ ရနိုင်သမျှသော အချက်အလက်တို့ကို စုဆောင်းဖို့လိုသည်။ ဗဟုသုတများကို ရှာဖွေဖို့လိုသည်။ လေ့လာရမည်။ သင်ယူရမည်။ အလုပ်တစ်ခု၊ စီမံကိန်းတစ်ခုကို ကောင်းကောင်းမလေ့လာဘဲ အလောသုံးဆယ် စတင်ခဲ့ပါက ဦးစွာ ကုန်ဆုံး၊ ကုန်ရှုံးရမည်မှာ အချိန်နှင့် ငွေကြေးဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် အောင်မြင်မှုရရှိရန် ခဲယဉ်းမည့်အဖြစ်။

တိုးတက်အောင်မြင်လိုသူအဖို့ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတို့ကို တိုးပွားဖို့ရာ လေ့လာသင်ကြားရပေမည်။ ထို

www.burmeseclassic.com



အခါ ကျေနပ်နှစ်သိမ့်မှုတို့ ဖြစ်ပေါ်ပြီး ထပ်မံ၍လေ့လာလိုစိတ်၊ ရှာဖွေလိုစိတ်များ ဖြစ်ပေါ်လာပါလိမ့်မည်။ မိမိလေ့လာနေသော အကြောင်းအရာနှင့် ပတ်သက်၍ အဆင့်မြင့် ကျွမ်းကျင်လာပါလိမ့်မည်။

'ပညာရဲရင့် ပွဲလယ်တင့်' ဆိုသောစကားမှာ ကြားရပါများ၍ မှန်တစ်ရာတေနေပြီ ဖြစ်သည့်တိုင် သွေးထွက်အောင် မှန်သော စကား ဖြစ်ပါသည်။ ယနေ့မျက်မှောက်၌ ပညာခေတ် ဖြစ်သည်နှင့်အညီ ပညာရှိသူသည်သာ ရှေ့ဆုံးသို့ ရောက်နေပါသည်။

အသိပညာ၊ အတတ်ပညာနှင့် ပတ်သက်၍ အသက်ကြီးသည်၊ ငယ်သည်ဟူ၍ မရှိ။ မြန်မြန် သင်ကြားနိုင်လေ မြန်မြန် အကျိုးရှိလေ ဖြစ်တော့သည်။

ယခုခေတ် အခါကို ပိုင်စိုးနေသူသည်ကား 'အင်တာနက်' ဖြစ်၏။

အင်တာနက်ပေါ်တွင် အသိပညာ၊ အတတ်ပညာနှင့် ပတ်သက်ပြီး လေ့လာစရာ၊ သင်ယူစရာ မကုန်ခန်းနိုင်လောက်အောင် ရှိရ၏။ သို့ရာတွင် Cyber Cafe ခေါ် အင်တာနက်ကာဖေးများသို့သွားပြီး Chat လုပ်ခြင်း၊ Games ကစားခြင်းတို့လောက်နှင့် အချိန်မဖြုန်းသင့်ပါ။ Chat လုပ်ခြင်းဖြင့် မိတ်ဆွေအပေါင်းအသင်းများ တိုးပွားလာစေနိုင်ပါသည်။ Games ကစားခြင်းဖြင့်လည်း ဦးနှောက် ဖိစီးမှုတို့ကို သက်သာစေပါသည်။ သို့ရာတွင် ထိုအရာများနှင့်သာ အချိန်မကုန်စေဘဲ ဗဟုသုတနယ်ပယ်သို့ ခြေဆန့်စေချင်ပါသည်။

www.burmeseclassic.com



အသိပညာ၊ အတတ်ပညာတို့နှင့် ပြည့်စုံမှသာလျှင် လှူဝင်ဆံ့ပါလိမ့်မည်။

ပညာရှာဖွေရာ၌ ကျောင်းသား၊ လခစားဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင် အစရှိသဖြင့် အကန့်အခွဲထားခြင်း မရှိပါ။ မည်သူမဆို အခြေအနေနှင့် လိုက်လျောညီထွေစွာ ရှာဖွေသင့်ပါသည်။ သို့မှသာ အောင်မြင်မှုတွေ ရရှိပါလိမ့်မည်။ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့်သူတွေသာလျှင် နေရာရပါလိမ့်မည်။

သို့ဖြစ်၍ မိမိစိတ်ဝင်စားသည့် ဘာသာရပ်နှင့် အကြောင်းအရာများကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိသော စာအုပ်များ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ အင်တာနက်များမှ လေ့လာဖို့ လိုပေသည်။ အရေးတကြီး မှတ်သားထားသည်များကို သီးသန့်ဖိုင်တွဲထားပါ။ ပညာရှင်များနှင့် တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကို ရှာဖွေပါ။ ၎င်းတို့ထံမှ နည်းပညာ ဗဟုသုတများ ရယူနိုင်ဖို့ အားထုတ်ပါ။ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများသည်လည်း အထောက်အကူ ပြုပါသည်။

လောကတွင်-

အသိပညာရှိပါမှ၊ အတတ်ပညာ ကြွယ်ဝပါမှ မိမိရောက်ရှိလိုသောနေရာသို့ ရောက်ပါလိမ့်မည်။

✦ ✦ ✦

www.burmeseclassic.com

## အောင်မြင်မှုအတွက် သော့ချက်များ

မိမိဘဝ၌–

တန်ဖိုးအထားဆုံး အရာကိုလည်းကောင်း၊ အဖြစ်ချင်ဆုံး ဆန္ဒကိုလည်းကောင်း၊ အရေးကြီးဆုံးကိုလည်းကောင်း သိရှိနိုင်ရန် ဦးစွာဖော်ထုတ်ရပါမည်။ ဖော်ထုတ်၍ ရပြီဆိုလျှင် မိမိ၏ စွမ်းအင်တန်ခိုးကို အစွမ်းကုန်အသုံးချနိုင်မည်ဟူသော ယုံကြည်ချက်ကို ထားရှိရပါမည်။ ထိုသို့ ယုံကြည်မှု ခိုင်မာလာသည်နှင့် အမျှ ဆုံးဖြတ်ချက်များမှာလည်း မှန်ကန်လာပါလိမ့်မည်။

အရာရာကို အကျိုးနှင့်အကြောင်း ဆက်စပ်မှုရှိမရှိ စဉ်းစားပါ။ ခိုင်လုံမှု ရှိ မရှိ ဝေဖန်သုံးသပ်ပါ။ အတွေးအခေါ်သစ်များ အကြံဉာဏ်ကောင်းများကို လက်ခံပါ။ သို့မှလည်း သဘာဝ အလျောက် ဖြစ်ပေါ်လာသော အသိစိတ်သည် ပိုမိုအားကောင်း လာပါလိမ့်မည်။

မိမိဘဝ၌ စိတ်ဓာတ်တက်ကြွနိုးကြားစေမည့် အလှအပတို့ ဝန်းရံထားနိုင်အောင် ကြိုးစားပါ။ ရုပ်ပိုင်းဆိုင်ရာ အလှအပနှင့် စိတ်ပိုင်းဆိုင်ရာ အလှအပ နှစ်ခုစလုံးကို ခံစားတတ်အောင်၊ ဖန်တီးတတ်အောင် ကြိုးစားပါ။

www.burmeseclassic.com



မိမိလုပ်ဆောင်နေသောအလုပ်သည် မိမိလုပ်ချင်သောအလုပ် ဖြစ်ပါသလော။ မိမိနှင့် ကိုက်ညီသောအလုပ် ဖြစ်ပါသလော။ ဝေဖန်ဆန်းစစ်ပါ။ မိမိ၏ ရည်မှန်းချက်၊ ခံစားချက်၊ လိုအပ်ချက်တို့ကို လေ့လာသုံးသပ်ပါ။

ရေစုန်ကို အလိုက်သင့်မျှောမသွားပါနှင့်။ ရေဆန်တက်ဖို့ရာလည်း ဝန်မလေးပါနှင့်။ မိမိ ဝါသနာပါသောအလုပ်၊ မိမိနှစ်သက်သောအလုပ်၊ မိမိပျော်ရွှင်သောအလုပ်၊ မိမိ စိတ်ဝင်စားသော အလုပ်တို့ကို ရွေးချယ်လုပ်ကိုင်ပါ။ မည်သူတွေ မည်သို့ဝေဖန် ဝေဖန်၊ ဂရုမစိုက်ပါနှင့်။ မိမိအတွက် အကောင်းဆုံးဖြစ်မည့်အရာကို မိမိကိုယ်တိုင် ဆုံးဖြတ်ဖို့ ကြိုးစားပါ။

မည်သည့်အရာမဆို ရေရှည်တွင် ဖြစ်လာမည့် ဆိုးကျိုး၊ ကောင်းကျိုးတို့ကို ကြိုတင်တွေးပါ။ ဖြစ်ပေါ်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးတို့အား ရင်ဆိုင်ဖို့ အသင့်ပြင်ထားပါ။ ကောင်းလျှင် ဘဝင်မမြင့်ပါနှင့်။ ဆိုးလျှင် စိတ်ဓာတ်မကျပါနှင့်။

မိမိကိုယ်မိမိ ဂုဏ်ယူရမည့်အလုပ်၊ ဝါသနာထက်သန်ပြီး မိမိအပေါ် စိတ်ချမ်းသာမှုပေးမည့်အလုပ် သို့တည်းမဟုတ် စီမံကိန်းတို့ကို ရွေးချယ်ပြီး လုပ်ဆောင်ပါ။ မိမိလုပ်ဆောင်ရမည့် အလုပ်နှင့် ပတ်သက်၍ တစ်ဖက်ကမ်းခတ်အောင် နံပါတ် (၁) ဖြစ်နေအောင် ကြိုးစားထားပါ။

မိမိ၌ အားနည်းနေသည်ဟု ထင်ရသော အသိပညာ၊ အတတ်ပညာတွေကို လေ့လာပါ။ လိုအပ်လစ်ဟာနေသည်တို့ကို ဖြည့်ဆည်းပါ။ အသစ်အဆန်းတွေကို ရှာဖွေပါ။ တစ်ချိန်

www.burmeseclassic.com



တည်းမှာပင် မိမိရောက်ရှိနေသော အဆင့်မှ လျော့ကျမသွားပါစေနှင့်။ စကားပြောဆိုသည့်အခါ၌ နားထောင်သူ၏ စိတ်ဝင်စားမှုကို သိရှိအောင် ကြိုးစားပါ။ လိုရင်းကို ထိရောက်စွာ ပြောဆိုတတ်ပါစေ။

မိမိလုပ်နိုင်သည့်အလုပ်တစ်ခုကို သည်ကနေ့ပင် ပြီးမြောက်အောင် လုပ်ဆောင်ပါ။ အောင်ရမည်ဆိုသော အောင်စိတ်ဓာတ်ကို မွေးမြူပါ။ သူတစ်ပါးကို မပြိုင်ပါနှင့်၊ မိမိကိုယ် မိမိ ပြိုင်ပါ။ မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝ ရှိပါစေ။

အခက်အခဲတို့နှင့် ကြုံတွေ့ရသည့်အခါ စိတ်ပျက်လက်လျော့ခြင်း မပြုပါနှင့်။ အချိန်ယူပြီး အခက်အခဲ၏ အရင်းအမြစ်ကို ဖော်ထုတ်ပါ။ ကျွမ်းကျင်သူတို့၏ အကြံဉာဏ်ကို ရယူပါ။ အခက်အခဲ၏ အရင်းအမြစ်တို့ကို သိရှိပြီဆိုပါက အဓိပ္ပာယ်ရှိစွာ ရဲရဲရင့်ရင့် ဖြေရှင်းပါ။ အမှားရှိပါက အမှားထဲက သင်ခန်းစာယူပါ။

သင့်တင့်လျောက်ပတ်သော အရပ်ကို ရွေးချယ်ပါ။

အထူးသဖြင့် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် အညီ ကျင့်ကြံနေထိုင်သွားပါက အောင်မြင်သော လူသားတစ်ယောက်အဖြစ် လူဖြစ်ကျိုးနပ်လိမ့်မည်ဟု ဆိုချင်ပါသတည်း။

**အောင်မြင်တိုးတက်ကြပါစေ**

**နန္ဒာမိုးကြယ်**

(၂၃၊ ၉၊ ၂၀၁၂)